အမှတ်စဉ် ( ၂၆ )

# မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား

အရှင်ကောဝိဒ (ယော)



မကြောက်သင့်သည်ကို ကြောက်သူတို့သည်
ကြောက်သင့်သည်ကို မကြောက်တတ်ကြကုန်

၂၉၈၈၉

မဂ္ဂဇင်းစာပေများ ထုတ်ဝေရေးကို
စီစဉ်ဆောင်ရွက်ပေးသော ဆရာကြီးဦးလေးမြိုင်
(စည်သူလေးမြိုင်)၊ (အမျိုးသားစာပေ
ဘဝတစ်သက်တာဆု) ရကို အမှူးထားကာ

နှလုံးလှစာပေတိုက်၏
ကွယ်လွန်သူ ကျေးဇူးရှင် ဖခင်ကြီး ဦးချစ်အောင်
(၁၉၃၃-၁၉၈၆) အား ရည်စူး၍

သား ဒေါက်တာရွှေထွန်းအောင်+ဒေါက်တာ
အိအိမင်း၊ မသန့်ရတီအောင်၊ မလင်းဝတီအောင် (နှလုံးလှ
စာပေမိသားစု)၊ မဂ္ဂဇင်းစာပေထုတ်ဝေသူ၊ ပါဝင်ရေးသား
ပေးကြသော ဆောင်းပါးရှင် မဂ္ဂဇင်းကလောင်ရှင်များ၊
တည်းဖြတ်ပြုပြင်ပေးသော အယ်ဒီတာအဖွဲ့ဝင်များ၊ စွဲမြဲ
စွာဖတ်ရှုအားပေးကြသော စာဖတ်ပရိသတ်များ၊ မဂ္ဂဇင်းစာပေ
များ ထုတ်ဝေဖြန့်ချိရေး ဆောင်ရွက်ပေးကြသော
ဝန်ထမ်းများ၊ မိသားစုများ. . . အားလုံး၏ မဂ္ဂဇင်းဒါန။

ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။ (မဃဒေဝ)

အမှတ် ...
ရက်စွဲ ...

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၁၄ - ခုနှစ်၊ မတ်လ၊ အုပ်ရေ - ၅၀၀။

တန်ဖိုး ၂၀၀၀ ကျပ် ါ

မျက်နှာဖုံးပန်းချီ - သာတင့်ထက်

ကွန်ပျူတာစာစီနှင့် ဂရပ်ဖစ် - စောဝင်း (လုပ်အား)

ဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ဇေကရီ

ဦးရွှေထွန်းအောင် (၀၂၀၇) လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က မျက်နှာဖုံးနှင့် အတွင်းစာသားများ ရိုက်နှိပ်၍ ဦးရွှေထွန်းအောင် (၀၁၅၂၂) နှလုံးလှစာပေ၊ အမှတ် ၅၊ လမ်း ၁၀၀၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသည်။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း ( CIP )

၂၉၄.၃

အရှင်ကောဝိဒ (ယော)

မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား / အရှင်ကောဝိဒ (ယော) ။

- ရန်ကုန် ၊ နှလုံးလှစာပေ ၊ ၂၀၁၄ ။

၁၄၈ - စာ ၊ ၁၂.၉ × ၂၀ စင်တီ ။

(၁) မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား

နှလုံးလှ မျှစာစဉ်
အမှတ်စဉ် ( ၂၆ )

# မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား

အရှင်ကောဝိဒ (ယော)

နှလုံးလှစာပေ

အမှတ် ၅၊ လမ်း ၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၂၉၀၉၈၁ / (၀၉) ၇၃၀၄၂၀၀၁

# မာတိကာ


| | |
|---|---|
| အမှာစာ | ၆ |
| အမှားသည် အမှန်မဟုတ်ပါ | ၉ |
| ဘုရားကို အထင်သေးသူ | ၂၁ |
| မေးခွန်းနှစ်လွှာ အဖြေရှာ | ၃၃ |
| မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား | ၃၉ |
| မိမိကိုယ်ကို တူးဖြိုမိသူများ | ၄၆ |
| တရားသိလျက် အကျင့်ခက် | ၅၆ |
| ၃၁ - ဘုံ | ၆၅ |
| ကုသိုလ်စိတ်ပေါင်း တစ်သောင်းကျော်အောင် | ၇၃ |
| သာသနာ့ဘက်တော်သားများ | ၈၁ |

# မာတိကာ


| | |
|---|---|
| လိမ်ညာခြင်း လိမ်လည်ခြင်း | ၈၉ |
| လူ့ဘဝ၏ ဖြစ်တည်မှု | ၉၅ |
| နတ်နှင့်ငရဲ ဘယ်မှာလဲ | ၁၀၄ |
| မမြင်လို မကြားလို မပြောလို | ၁၁၂ |
| ရဟန္တာစစ်တမ်း | ၁၁၉ |
| ဖားကိုမြွေကိုက် တုတ်ဖြင့်ရိုက်သော် | ၁၂၄ |
| ဖခင်မှန်းမသိ၍ သတ်မိလျှင် | ၁၂၈ |
| သူယောင်မယ် သူယောင်သီး | ၁၃၃ |
| စေတီပုထိုးများ ရောင်ခြည်တော်လွှတ်မှု | ၁၃၇ |
| သုဝဏ္ဏသာမနှင့် မေတ္တာစွမ်းအား | ၁၄၂ |

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အမှာစာ

ယနေ့အချိန်အခါတွင် အဓမ္မဝါဒများသည် စိုးရိမ်စရာကောင်းလောက်အောင် ပြန့်ပွားလျက်ရှိနေပါသည်။ ၎င်းအဓမ္မဝါဒဘေးရန်များကို တားဆီးကာကွယ်နိုင်ရန်အတွက် ဗုဒ္ဓဘာသာဝင်တို့ ဘာသာရေးအသိနိုးကြားဖို့ လိုအပ်ပါသည်။

အချို့သောဗုဒ္ဓဘာသာဝင်တို့သည် ဘာသာရေးအအသိ အားနည်းကြသဖြင့် ဓမ္မ-အဓမ္မ မခွဲခြားနိုင်ကြပေ။ အဓမ္မဝါဒီတို့သည် ထိုအချက်ကို အခွင့်ကောင်းယူကာ အဓမ္မဝါဒပြန့်ပွားရေးအတွက် ကြိုးပမ်းလာကြသည်။

သူတို့၏ အဟောအပြောတွင် သက်ဝင်ယုံကြည်မိသူတို့ကလည်း သူတို့ဟောပြောရေးသားထားသော စာအုပ်များ၊ အခွေများကို ဓမ္မဒါနအဖြစ် ဖြန့်ချိကြသည်။ အဓမ္မဝါဒမှန်းမသိဘဲ ဓမ္မဒါနကုသိုလ်ထင်ကာ ဖြန့်ချိမိကြသဖြင့် အလွန်ပင် နစ်နာကြရပေသည်။ အဆိပ်ကို ဆေးအမှတ်ဖြင့် စားသော်လည်း ဘေးသင့်မည်သာ။ အဓမ္မကို ဓမ္မထင်၍ ဖြန့်ချိသော်လည်း နစ်မွမ်းမည်သာ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဓမ္မ-အဓမ္မ ကွဲကွဲပြားပြား ခွဲခြားတတ်ဖို့ လိုအပ်ပါသည်။ အဓမ္မကို အဓမ္မမှန်း သိရှိနိုင်စေရန် အဓမ္မဝါဒသမား မိစ္ဆာဝါဒီတို့၏ အမှားများကို ဝေဖန်ထောက်ပြထားသော စာအုပ်များ၊ နိုင်ငံတော် သီးခြားဝိနည်း မိုရ်အဖွဲ့က ဆုံးဖြတ်ချက်ချထားသော ဝိနိစ္ဆယစာအုပ်များ (လူသေလူဖြစ် ဝိနိစ္ဆယ၊ မိုးပြာဝိနိစ္ဆယစသည်များ) ကို ဖတ်ရှုဖို့ လိုပါသည်။

အရှင်ကောဝိဒ(ယော) ၏ "မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား" စာအုပ်သည်လည်း အဓမ္မဝါဒီတို့၏ အမှားများကို ဝေဖန်ထောက်ပြထားသော စာအုပ်တစ်အုပ်ဖြစ်ကြောင်း ညွှန်းလိုပါသည်။

ဤစာအုပ်တွင် အဓမ္မဝါဒတစ်ရပ်နှင့်ပတ်သက်၍ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက ဟောပြောထားပုံကို

"အဲဒါကို မြန်မာနိုင်ငံမှာပဲ အရင်တုန်းက ဘုန်းကြီးတို့ ငယ်ငယ်တုန်းက တွေ့တယ်။ '၃၁-ဘုံဝါဒ ဗုဒ္ဓလက်မခံ' ဆိုပြီးတော့။ အမှန်ကတော့ ဘုရားက လက်မခံတာမဟုတ်ပါဘူး။ သူလက်မခံတာ။

"တကယ်တော့ ရေးသင့်တာ '၃၁-ဘုံဝါဒ ငါလက်မခံ' ဆိုရင်တော့ ကောင်းတာပေါ့နော်။ (မှန်လှပါဘုရား။) ဘုရားနာမည်ကို အလွဲသုံးစားလုပ်တယ်လို့ ဒီလိုပြောရမှာပေါ့" ဟူ၍ ဖော်ပြထားပါသည်။

ထို့ပြင် အဘိဓမ္မာမတတ်လျှင် ကံများရောထွေးတတ်ပုံကိုလည်း ဤသို့ရှင်းပြထားပါသည်။

"အဘိဓမ္မာမတတ်သူများသည် ကာမာဝစရကံကိုလည်း ရူပါဝစရကံ စသည်ဖြင့်လည်းကောင်း၊ ကာမာဝစရကံ အချင်းချင်းတွင်လည်း မည်းညစ်သောအကျိုးပေးသော အကုသိုလ်ကံကို ဖြူစင်သောအကျိုးပေးသော ကုသိုလ်ကံဟုလည်းကောင်း ရောထွေး ပြောဆိုတတ်ကြ၏။"

မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရားကား အဘိဓမ္မာဒေသနာတော်ပင် ဖြစ်သည်။ မိစ္ဆာဝါဒီတို့သည် 'အဘိဓမ္မာ ဘုရားမဟော' ဟု ဆိုကြသည်။ အကြောင်းမှာ ၎င်းတို့၏ မိစ္ဆာဝါဒများကို အဘိဓမ္မာတည်းဟူသော မှတ်

ကျောက်ပေါ်တင်လိုက်လျှင် ၎င်းတို့၏အမှားများမှာ ဘူးပေါ်သလို ပေါ်ကုန်ကြသောကြောင့် ဖြစ်သည်။

အဓမ္မဝါဒီတို့သည် မြတ်ဗုဒ္ဓ၏တရားတော်များကို အမှန်အတိုင်းသိသူ၊ ၎င်းတို့၏ အဓမ္မဝါဒအကြောင်းသိသူများကို ရှောင်ကြသည်။ ကြောက်ကြသည်။ ထို့ကြောင့် အဓမ္မဝါဒီတို့၏ အသုံးချမှုကို မခံကြရစေရန်၊ အဓမ္မဝါဒကို တားဆီးဖယ်ရှားနိုင်သူများ ဖြစ်ကြစေရန်၊ ဓမ္မဝါဒကို ဖော်ဆောင်နိုင်ကြစေရန် မြတ်ဗုဒ္ဓ၏တရားတော်များကို မှန်မှန်ကန်ကန်သိအောင် ကြိုးစားလေ့လာသင့်ကြပေသည်။

အယ်ဒီတာအဖွဲ့.

## အမှားသည် အမှန်မဟုတ်ပါ

၁. ၁၀. ၂၀၀၈ နေ့တွင် မြန်မာနိုင်ငံ၌ ပထမဆုံးနှင့် တစ်ခုတည်းသော အဘိဓမ္မာတက္ကသိုလ်ကြီးကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ပြည်တွင်းပြည်ပမှ အဘိဓမ္မာ လေ့လာသင်ယူလိုသူများအတွက် အဘိဓမ္မာမူရင်းကျမ်းကြီးများကို အင်္ဂလိပ်ဘာသာဖြင့် ပို့ချပေးသွားမည် ဖြစ်ပါသည်။

၄. ၁၀. ၂၀၀၈ နေ့တွင် ၎င်းတက္ကသိုလ်၏ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသသည် ဖွင့်ပွဲအထိမ်းအမှတ် အထူးတရားပွဲအဖြစ် "ဘဝနှင့် ဘဝနိရောဓတရားတော်" ကို ဟောကြားတော်မူပါသည်။ ၎င်းတရားတော်မှ မိမိတို့ သတိပြုဆင်ခြင်သင့်သော ဆရာတော်၏ ကိုယ်တွေ့ဖြစ်ရပ် ဟောကြားချက်များကို စာဖတ်သူများအား မျှဝေလိုပါသည်။

* * *

ဒီနေရာမှာ (Interpretation problem) ပေါ့။ ဗုဒ္ဓရဲ့ သာသနာတော်မှာလဲပဲ တရားနဲ့ပတ်သက်ပြီးတော့ အငြင်းပွားမှုတွေ ပေါ်လာတာရှိတယ်။ ဘုန်းကြီးတို့ ဂျာမနီသွားတော့ မြူးနစ်မှာ ဗုဒ္ဓဘာသာကို လေ့လာနေတဲ့ အုပ်စုတစ်စုရှိတယ်။

အဲဒီအုပ်စုကို ဘုန်းကြီးတစ်ပါးက ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီးတော့ ဘာဟောထားသလဲဆိုတော့ "ပဋိစ္စသမုပ္ပါဒ်ဟာ အတိတ်၊ အနာဂတ်၊

ပစ္စုပ္ပန်ဆိုတဲ့ ဘဝသုံးခုကို ရှင်းပြတဲ့ ဒေသနာမဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ်ဟာ ဒီဘဝနဲ့သာ ဆိုင်တယ်။ အတိတ်နဲ့လဲ မဆိုင်ဘူး၊ အနာဂတ်နဲ့လဲ မဆိုင်ဘူး" လို့ ဘုန်းကြီးတစ်ပါးက ပြောထားတယ်။ ဗမာဘုန်းကြီးတော့ မဟုတ်ပါဘူး။ ထိုင်းနိုင်ငံက ဘုန်းကြီးတစ်ပါးပါ။

အဲဒီဘုန်းကြီးရဲ့ တပည့်တွေပေါ့။ သူတို့က ပဋိစ္စသမုပ္ပါဒ်ဟာ အတိတ်မပါဘူးလို့ ယူဆကြတယ်။

သို့သော် ပဋိစ္စသမုပ္ပါဒ်ဆိုတာဟာ သံသရာကို ရှင်းပြတာဖြစ်တာကြောင့် ပစ္စုပ္ပန်ဘဝတစ်ခုတဲဆိုရင် သံသရာ မဖြစ်တော့ဘူး။ ပစ္စုပ္ပန်ဘဝတစ်ခုတဲဆိုရင် အကြောင်းတရားလဲ ပြတ်နေတော့မှာပေါ့။ အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့ ထေရဝါဒ ယူဆချက်၊ ထေရဝါဒ တရားတော်တွေအရဆိုလို့ရှိရင် စတုသခ်ေပ-လေးပုံ ပုံပြီးတော့ ပြောထားတာ။

ပဋိစ္စသမုပ္ပါဒ်ဟာ အလွှာလေးထပ်၊ အပိုင်းလေးပိုင်းရှိတယ်။ ပထမပိုင်းက အတိတ်အကြောင်းကို ပြောတယ်။ ဒုတိယအပိုင်းက ပစ္စုပ္ပန်အကျိုးတရားကို၊ တတိယပိုင်းက ပစ္စုပ္ပန်အကြောင်းတရားကို၊ စတုတ္ထပိုင်းက အနာဂတ်အကျိုးတရားကို ပြောတယ်။

ဒီလိုအပိုင်းလေးပိုင်းနဲ့ သုံးဘဝကိုရှင်းပြတဲ့၊ သံသရာကို ရှင်းပြတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို (Interpretation) လုပ်ပြီးတော့ "ပဋိစ္စသမုပ္ပါဒ် ဒေသနာဟာ အတိတ်နဲ့လဲ မဆိုင်ဘူး၊ အနာဂတ်နဲ့လဲ မဆိုင်ဘူး၊ ပစ္စုပ္ပန်သာလို့" ဒီလို ပြောပြောမှုတွေဟာ အခုအချိန်ခါမှာ ပေါ်နေတယ်။

ဒီလိုပေါ်ရတာ ဘာကြောင့်ပေါ်လာရသတုံးဆိုတော့ ဗုဒ္ဓရဲ့ စာပေကျမ်းဂန်နဲ့ ပတ်သက်ပြီးတော့ ကျေကျေညက်ညက် လေ့လာခြင်းမရှိလို့-လို့ ဒီလိုပြောရမယ်။ ကျကျနနသင်ဖို့၊ နားလည်အောင်လုပ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။

နောက်ပိုင်းမှာ ဒီလိုပြဿနာတွေ မြောက်မြားစွာတက်လိမ့်မယ်။ အခုဆိုရင် ပိုဆိုးတယ်။ အင်တာနက်တွေ၊ ဝက်ဘ်ဆိုက်တွေပေါ်လာတဲ့ အခါကျတော့ ဟိုလူကလဲ ဗုဒ္ဓဇင်းဆိုပြီးတော့ ကောက်တင်လိုက်၊ ဒီလူကလဲ

ဗုဒ္ဓဇင်းဆိုပြီး ကောက်တင်လိုက်နဲ့။ ပြီးတော့ ဗုဒ္ဓဇင်းမဟုတ်ဘူး၊ ကိုယ့်ရဲ့ အတွေးအခေါ်တွေချည်းပဲ။

**ဒီဗုဒ္ဓဘာသာ ဗုဒ္ဓရဲ့ တရားတော်အစစ်ကို ကြည့်ချင်လို့ ရှိရင် ထေရဝါဒ ပိဋကတ်မူရင်းပါဠိကို လေ့လာ၊ မူရင်းကို လေ့လာနိုင်ရမယ်၊ လေ့လာဖို့ ကြိုးစားရမယ်။ အဲဒါ မလေ့လာဘဲနဲ့ အပေါ်ယံစာတွေဖတ်ပြီးတော့ ဗုဒ္ဓဇင်းလို့ ခေါင်းစဉ်တပ်ထားတဲ့စာအုပ်တွေ ဖတ်ပြီဆိုရင်တော့ မိစ္ဆာဒိဋ္ဌိဖြစ်ဖို့ တော်တော်ကိုများတယ်။**

ဇူလိုင်လတုန်းက စင်ကာပူကို သွားပြီးတော့ အဘိဓမ္မာသင်တန်း ပို့ချတော့ ဒကာတစ်ယောက်က အင်တာနက်ကနေပြီး Download လုပ်ထားတဲ့ ဆောင်းပါးတစ်ခုကို လာပေးတယ်။ ပေးပြီးတော့ ဆရာတော်တဲ့ အဲဒီ အမေး တပည့်တော်ကို ဖြေပေးပါတဲ့။

အဲဒီမှာ အင်တာနက်ထဲမှာ ဘုန်းကြီးတစ်ပါးက ဘာရေးထားသတုံး ဆိုတော့ သုတ္တန်တွေကို ကိုးကားပြီးတော့ သူက သောတာပန်မဖြစ်ဘဲနဲ့ သကဒါဂါမ် ဖြစ်လို့ရတယ်တဲ့။ အနာဂါမ်လဲ ကျော်ဖြစ်လို့ရတယ်၊ ရဟန္တာလဲ ကျော်ဖြစ်လို့ရတယ်တဲ့။ သောတာပန်ဖြစ်စရာ မလိုဘူးတဲ့၊ တစ်ခါတဲတန်းပြီး အနာဂါမ်ဖြစ်လို့ ရတယ်တဲ့။

ဘုရားတရားတော်ကို ဖားခုန်သလိုခုန်လို့ ဘယ်လိုလုပ်ရမလဲ။ အဲဒါကို အကိုးအကားရှိရင် ဆရာတော် တပည့်တော်ကိုအမိန့်ရှိပါတဲ့။ အဲဒါ ဖြစ်နိုင်-မဖြစ်နိုင်ဆိုပြီးတော့၊ အဲဒါ အင်တာနက်ထဲမှာ ရှိတယ်။ သူရည်ညွှန်းတဲ့ သုတ်တွေက ဥဂ္ဂသုတ်ကို ရည်ညွှန်းတယ်။ အဲဒီဥဂ္ဂသုတ်က ဒကာက သူပြောတာ သူဟာတဲ့-ဩရမ္ဘာဂိယ သံယောဇဉ် ၅-ပါးကို ပယ်ထားတဲ့ အနာဂါမ်ပုဂ္ဂိုလ်ပါလို့ပြောတော့ သူ့ကိုယ်သူ အနာဂါမ်တန်းဖြစ်တယ်လို့ သူက ယူဆတယ်။

မဟုတ်ဘူးလေ။ သူ့ Position သူပြောတာ ဒါက။ ဒေါက်တာဘွဲ့ ရထားတဲ့ လူတစ်ယောက်က သူလေးတန်းအောင်ပါတယ်လို့ ဘယ်ပြောပါ့

မလဲ။ အမြင့်ဆုံးဘွဲ့ပဲ ပြောမှာပေါ့။ အခုလဲ သူသောတာပန်ဖြစ်တာ ဘယ်ပြောပါ့မလဲ။ သကဒါဂါမ်ဖြစ်တာ ဘယ်ပြောပါ့မလဲ။ သူအခုရောက်နေတဲ့အဆင့်ကို ပြောမှာပေါ့။ အဲဒါကို Interpret လုပ်တဲ့လူက ဘယ်လိုပြောသလဲဆိုတော့ သောတာပန်၊ သကဒါဂါမ် မဖြစ်ဘဲနဲ့ အနာဂါမ် ဖြစ်လို့ရတယ်ပေါ့။ ဒီသုတ်ကို ကြည့်ဆိုပြီးတော့။ အဲဒီလိုပြဿနာမျိုးတွေ ဒီခေတ်မှာ တော်တော်များလာလိမ့်မယ်။

နောက်ပြဿနာတက်စရာတစ်ခု ရှိသေးတယ်။ ဩကန္တသံယုတ်ထဲမှာ မြတ်စွာဘုရား ဟောထားတာက Possible-Impossible ကို ဟောတာ။ ဆိုပါစို့၊ သောတာပတ္တိမဂ်ကျပြီးရင် ဖိုလ်ဟာ Definitely; Surely။ သူက တစ်ခါတဲလာမယ်ဆိုတာကို မြတ်စွာဘုရားက ဟောချင်တာ။ ဟောတဲ့အခါမှာ ဘယ်လိုဟောတုံးလို့ဆိုလို့ရှိရင် သောတာပတ္တိမဂ်စိတ်ကျပြီးတဲ့ နောက်မှာတဲ့ ဒီပုဂ္ဂိုလ်ဟာ ဒီကြားထဲ ဘယ်တော့မှ မသေနိုင်ဘူး။ သောတာပတ္တိဖိုလ်မကျဘဲ ဘယ်တော့မှမသေဘူး ပြောတာ။

အဲဒီတော့ ဘယ်လိုတွေတွေးတုံးဆိုလို့ရှိရင် ဒီမဂ်စိတ်ကျထားတာ ဟိုးလွန်ခဲ့တဲ့လေးငါးနှစ်ကတဲက ကျထားတာ။ ဖိုလ်စိတ်မကျသေးဘူး။ နောင်လေးငါးဆယ်နှစ်ကြာမှ ဖိုလ်စိတ်ကျမယ်-လို့ ဒီလိုပြောတဲ့ပုဂ္ဂိုလ်က ရှိသေးတယ်။ အဲဒါကိုကြည့်။

မဂ်စိတ်နဲ့ ဖိုလ်စိတ်ဆိုတာ ကပ်ပြီးတော့နေတာ။ ချက်ချင်းပဲ အကာလိကော-ဆိုတာ အဲဒါပြောတာ။ ခု မဂ်စိတ်ဖြစ်၊ နောက်က ဖိုလ်စိတ်ကပ်ပြီးတော့ ဖြစ်သွားတာ။ ချက်ချင်းအကျိုးပေးတာကို အကာလိကော။ အချိန်မဆိုင်းဘူး၊ မဂ်စိတ်ပြီးတာနဲ့ ဖိုလ်စိတ်က အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာ။ ကြားထဲမှာ ဘာမှမခြားဘူး။

သို့သော် မြန်မာပြည်မှာတောင် တစ်ခါက ကြားလိုက်သေးတယ်လေ။ သူသောတာပတ္တိမဂ်ကျနေတာ ကြာပြီတဲ့။ ဖိုလ်မကျသေးလို့ ဆိုင်းနေရတာတဲ့။ ဖိုလ်ဘယ်တော့မှကျမှာမဟုတ်ဘူး။ အဲဒါမျိုးတွေ။

အဲဒီတော့ အဘိဓမ္မာဟာ ကြိုးစားပြီးတော့ သင်ထိုက်ပါတယ်။ အဘိဓမ္မာ မတတ်ဘူးဆိုလို့ရှိရင် မှားမှားယွင်းယွင်းတွေ မြောက်မြားစွာ

ဖြစ်ပေါ်လာနိုင်ပါတယ်။ ထိုထိုသုတ္တန် ပါဠိတော်တွေကို သာမန်ကာလျှံကာ အပေါ်ယံကြည့်ပြီးတော့ ဆိုလို့ရှိရင် မှားယွင်းတဲ့အယူအဆတွေ၊ မှားယွင်းတဲ့ ဘာသာပြန်ဆိုမှုတွေ ဒါမျိုးတွေဟာ သာသနာတော်နောက်ပိုင်းမှာ အန္တရာယ်ကြီးစွာဖြစ်ပေါ်လာနိုင်တဲ့ အနေအထားတွေ ရှိပါတယ်။

ဒါ့ကြောင့်မို့လို့ အခုဒီလို အဘိဓမ္မာမဟာသိပ္ပံဖွင့်ပြီးတော့ ဒီအဘိဓမ္မာတရားတော်ကို မူရင်းကျမ်းကြီးတွေကို ဒီလိုလေ့လာရတယ်ဆိုတာ အင်မတန်မှကောင်းတဲ့ အခွင့်အရေးကြီးတစ်ခု၊ တခြားနိုင်ငံတွေမှာတောင်မှ မရနိုင်တဲ့ အခွင့်အရေးကြီးတစ်ခု၊ အခု မြန်မာပြည်မှာပေါ်လာတယ်ဆိုတာ အလွန့်အလွန်ကို ဝမ်းသာစရာကောင်းတဲ့ အချက်တစ်ခုပါ။

> သာသနာ အစွန့်ရှည်ဖို့အတွက် လူတိုင်းလူတိုင်းဟာ အသိဉာဏ်ရှိဖို့ အင်မတန်မှ အရေးကြီးပါတယ်။ မြတ်စွာဘုရားဟောတော်မူထားတဲ့ တရားတော်တွေနဲ့ ပတ်သက်ပြီး မိမိတို့ လက်လှမ်းမမီသေးလို့ရှိရင် သိတဲ့ပုဂ္ဂိုလ်ကို မေးဖို့လိုတယ်။ လေ့လာဖို့၊ ဆွေးနွေးဖို့လိုသေးတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ကိုယ်ထင်ရာ ဇွတ်လိုက်လို့ရှိရင်တော့ မိစ္ဆာဒိဋ္ဌိဖြစ်ဖို့ရာ အင်မတန်မှ နီးတယ်။

*　*　*

အထက်ပါဆရာတော်၏ ဟောကြားချက်များကို စာရေးသူ ထောက်ခံရေးသားလိုပါသေးသည်။ ဆရာတော်၏ ဟောကြားချက်များတွင် အဓိကအချက်များမှာ -

(၁) ပဋိစ္စသမုပ္ပါဒ်ကို မှားယွင်းဖွင့်ဆိုမှု၊
(၂) အင်တာနက်တွင် မိမိ၏ ဝါဒများကို ဗုဒ္ဓဝါဒဟု အမည်တပ်ကာ ရေးသားမှု၊
(၃) မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ခုန်ကျော်၍ဖြစ်မှု၊
(၄) မဂ်စိတ်ဖြစ်ပြီး ကာလကြာမှ ဖိုလ်စိတ်ဖြစ်မှုတို့ ဖြစ်ပါသည်။

## ၁။ ပဋိစ္စသမုပ္ပါဒ်ကို မှားယွင်းဖွင့်ဆိုမှု

ပဋိစ္စသမုပ္ပါဒ်ကို တစ်ဘဝတည်းနှင့်သာဆိုင်သော ဒေသနာအဖြစ် ယူဆကြသည်မှာ ယခုခေတ်တွင်မှ မဟုတ်ပါ။ အနောက်တိုင်းသားများ ပါဠိဘာသာကို ရှေးဟောင်းစာပေတစ်ခုအဖြစ် လေ့လာကြကာ ဗုဒ္ဓအကြောင်း၊ ဗုဒ္ဓဝါဒအကြောင်းများကို မိမိတို့ထင်ရာမြင်ရာ အလျှင်စလို ကောက်ချက်ဆွဲရေးသားကြရာမှ စတင်ဖြစ်ပေါ်ခဲ့သော အယူအဆဖြစ်၏။

ဦးအေးမောင်၏ "ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ" စာအုပ်တွင် ဤသို့ ပြဆိုထား၏။

.....“ယခုခေတ် အိန္ဒိယပညာရှင် တစ်ဦးကမူ ပဋိစ္စသမုပ္ပါဒ်သည် လူ့ဘဝခရီး၌ ကြုံတွေ့ရသော အဖြစ်အပျက်များကို ဖော်ညွှန်းသည်ဆို၏။ သူ၏အလိုအားဖြင့် အဝိဇ္ဇာသည် မျက်မှောက်ဘဝအစ၌ လူ၏မသိမှုဖြစ်၍ ဝိညာဏသည် ပဋိသန္ဓေဝိညာဉ် မဟုတ်ဘဲ ဝေဒနာစေတသိက်နှင့်ဆိုင်သော အာရုံကိုသိမှု ဖြစ်၏” (P.D. Mehta:Early Indian Religious Thought) ကို ညွှန်းသည်။

“အချို့ကမူ ပဋိစ္စသမုပ္ပါဒ်ကို လူသတ္တဝါ၏ မူလအစကို ပြသောတရားဖြစ်အောင် အဓိပ္ပာယ်ဖွင့်ဆိုလိုကြ၏။ ဥပမာ-ပညာရှင်တစ်ဦးက အဝိဇ္ဇာသည် အမိဝမ်းတွင်း၌ သန္ဓေသား၏ ဘာမျှမသိသေးသောဘဝကို ပြသည်။ လူသည် မွေးဖွား၍ ပတ်ဝန်းကျင်၏ ပြုပြင်စီရင်မှု (သင်္ခါရ) ကို ခံရမှ သိတတ်သောစိတ် (ဝိညာဏ) ဖြစ်ပေါ်လာသည်” ဟု ပြန်ဆိုခဲ့၏။ (H.Kern: Manual of Buddhism) ကို ညွှန်းသည်။” *(ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၊ စာ-၁၄၅-၆)*

အထက်ပါယူဆချက်များသည် ဗုဒ္ဓဝါဒီတို့၏ ယူဆချက်များနှင့် မတူကြောင်း ၎င်းဆရာကိုယ်တိုင် ဆက်လက်ပြဆိုထားသည်မှာ -

“ဤသို့ အချို့သော အနောက်တိုင်းပညာရှင်တို့သည် ပဋိစ္စသမုပ္ပါဒ်တရား၌ လူသတ္တဝါ၏ တစ်ဘဝတည်းဖြစ်စဉ်ကို ရှုမြင်ကြစေကာမူ ထေရဝါဒနှင့် အခြားဗုဒ္ဓဝါဒဂိုဏ်းအားလုံးသည်

ဘဝသံသရာ ကျင်လည်မှုကိုပြသော တရားအဖြစ်ဖြင့် သိမြင်နားလည်ကြ၏။" (၎င်း၊ စာ-၁၄၆)

ထိုသို့ သိမြင်နားလည်ကြသူများတွင် ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒအကြောင်း ရေးသားထားသော ကျမ်းဆရာ ပါပါသလောဟူငြားအုံ၊ သူ၏မှတ်ချက်ကို ဆက်ကြည့်ပါ။

"သို့ရာတွင် အကယ်၍ ပဋိစ္စသမုပ္ပါဒ်သည် လူသတ္တဝါတို့ ဘဝသံသရာကျင်လည်ပုံကို ရှင်းပြသောတရားဖြစ်ပါက ထိုတရားနှင့်စပ်လျဉ်း၍ စဉ်းစားဖွယ်ရာများ ရှိ၏။

"ဉပမာ-အဘယ်ကြောင့် အလယ်ဘဝထဲသို့ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏတို့ကို မထည့်သွင်းပါသနည်း။ အဝိဇ္ဇာနှင့် သင်္ခါရကို အဘယ်ကြောင့် ရှေးဘဝ၌သာဖော်ပြ၍ အလယ်ဘဝနှင့် နောက်ဘဝတွင် မပြဆိုပါသနည်း။

"နာမရူပ၊ သဠာယတန စသည်တို့ကို အဘယ်ကြောင့် အလယ်ဘဝ၌သာ ပြထားပါသနည်း။

"တဏှာ၊ ဉပါဒါန်နှင့် ဆင်းရဲဒုက္ခသည် အမြဲဒွန်တွဲနေသော တရားများဖြစ်လျက် အဘယ်ကြောင့် ဉပါဒါန်၏နောက်၌ ဒုက္ခသည် ကပ်၍လိုက်မလာဘဲ ဘဝနှင့် ဇာတိကို ပြထားပါသနည်း-စသည်ဖြင့် စဉ်းစားဖွယ်ရာများ ရှိ၏။

"ဤသို့ ဗုဒ္ဓဝါဒီတို့ သိရှိနားလည်သော ပဋိစ္စသမုပ္ပါဒ်သည် ရှေ့နောက်မညီညွတ်သော အချက်များပါရှိသောကြောင့် အချို့သော အနောက်တိုင်းပါဠိပညာရှင်တို့က ဗုဒ္ဓဃောသဆရာ၏ ဖွင့်ဆိုရေးသားချက်ကို မကျေနပ်ဘဲ အမျိုးမျိုးအဓိပ္ပာယ်ပြန်ဆိုနေကြခြင်း ဖြစ်၏။

"စင်စစ် ထိုပဋိစ္စသမုပ္ပါဒ်သည် ဗုဒ္ဓဟောသော မူလပထမတရား ဖြစ်ပါ၏လောဟု သံသယဖြစ်ဖွယ်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ပါဠိပိဋကတ်စာပေ၌ အင်္ဂါ ၁၂-ပါးနှင့် မပြည့်စုံသော

ပဋိစ္စသမုပ္ပါဒ် ဒေသနာအတော်များများကို ကျွန်ုပ်တို့ တွေ့ရပေသည်။" (၎င်း၊ စာ-၁၄၇-၇)

ဤသို့လျှင် မိမိကိုယ်တိုင်လည်း ကျမ်းကြည့်ထက် ကျမ်းညှိခက်ဆိုသလို ကျမ်းပေါင်းများစွာ ကြည့်နိုင် ကိုးကားနိုင်သည်ကို ဂုဏ်ယူပြီး ညှိနှိုင်းဆင်ခြင်နိုင်သော ဉာဏ်စွမ်းမရှိသောကြောင့်လည်းကောင်း၊ ကျမ်းအတတ်ကျော် ဆရာတော်များကို ဆည်းကပ်နည်းယူလောက်အောင်လည်း မယဉ်ကျေးသောကြောင့်လည်းကောင်း၊ မိမိ၏ ထင်ရာစိုင်းတတ်သော ဉာဉ်ကိုပင် ဆရာစွဲကင်းခြင်း-ဝါဒစွဲကင်းခြင်းဟု ယူဆနေသောကြောင့်လည်းကောင်း၊ ၎င်းပုဂ္ဂိုလ်မျိုးကိုပင် စာဖတ်အားနည်းသူတစ်စုက နတ်ရှုးကို ဗုံနှင့်မြှောက်သကဲ့သို့ ချီးမြှောက်အားပေးကြသောကြောင့်လည်းကောင်း အထက်ပါအယူအဆများ ဗုဒ္ဓဝါဒီတို့အကြားတွင် တွေ့မြင်ကြရခြင်း ဖြစ်၏။

## ၂။ အင်တာနက်တွင် မိမိ၏ဝါဒများကို ဗုဒ္ဓဝါဒဟု အမည်တပ်ကာရေးသားမှု

တည်းဖြတ်သူမရှိသော အင်တာနက်တွင် မိမိ၏ဝါဒကို ဗုဒ္ဓဝါဒဟု ရေးချင်ရာရေးခြင်းမှာ အံ့ဩစရာမရှိပါ။

## ၃။ မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ခုန်ကျော်၍ဖြစ်မှု

ဆရာတော်ပြောသည့် ဥဂ္ဂသုတ်ကို လိုက်ရှာသည့်အခါ အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ်တွင် ပဌမဥဂ္ဂသုတ်၊ ဒုတိယဥဂ္ဂသုတ်ဟု နှစ်သုတ်တွေ့ရ၏။ ပဌမသုတ်သည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်နှင့် ပတ်သက်၏။ ဒုတိယသုတ်သည် ဝဇ္ဇီတိုင်း ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်နှင့် သက်ဆိုင်၏။ နှစ်သုတ်စလုံး သဘောသွားတူသဖြင့် ပဌမသုတ်ကိုသာ ဖော်ပြပါမည်။

ဘုရားရှင်က ဥဂ္ဂသူကြွယ်တွင် အံ့ဩဖွယ်ရှစ်မျိုးရှိကြောင်း ဟောတော်မူသောအခါ ရဟန်းတစ်ပါးသည် ဥဂ္ဂသူကြွယ်အား ထိုအကြောင်းနှင့်ပတ်သက်၍ သွားရောက်မေးမြန်း၏။ ဥဂ္ဂသူကြွယ်လျှောက်ထားသော အံ့ဖွယ်ရှစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ "အရှင်ဘုရား၊ အကျွန်ုပ်သည် အကြင်အခါ၌ မြတ်စွာဘုရားကို ရှေးဦးစွာ အဝေးမှလျှင် မြင်ရ၏။ အရှင်ဘုရား၊ မြင်သည်နှင့်တစ်ပြိုင်နက်သာလျှင် အကျွန်ုပ်၏စိတ်သည် မြတ်စွာဘုရားအား ကြည်ညိုပါ၏။ အရှင်ဘုရား၊ အကျွန်ုပ်အား အံ့ဩဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤပထမသဘောသည် ရှိပါ၏။

၂။ "အရှင်ဘုရား၊ ထိုအကျွန်ုပ်သည် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ မြတ်စွာဘုရားသို့ ဆည်းကပ်ပါ၏။ ထိုအကျွန်ုပ်အား မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏။ ဤသည်ကား ဒါနစကား ... သီလစကား ... နတ်ပြည်စကား ... ကာမဂုဏ်တို့၏ အပြစ် ... (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုလည်းကောင်း ပြတော်မူ၏။ (ပ)

"အရှင်ဘုရား၊ ထိုတပည့်တော်သည် တရားကိုမြင်ပြီးသည်၊ တရားသို့ရောက်ပြီးသည်၊ တရားကိုသိပြီးသည်ဖြစ်၍ တရားသို့သက်ဝင်ပြီးသည်။ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်၊ သို့လောသို့လော တွေးတောခြင်း ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည်၊ ဘုရားမှ တစ်ပါး ကိုးစားထိုက်သူမရှိသည်ဖြစ်၍ ထိုနေရာ၌ပင်လျှင် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါပြီ၊ ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော သိက္ခာပုဒ်တို့ကို ဆောက်တည်ပါပြီ။ အရှင်ဘုရား၊ အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤဒုတိယသဘောသည် ရှိပါ၏။

၃။ "အရှင်ဘုရား၊ ထိုအကျွန်ုပ်အား ကုမာရီရွယ် (နုနယ်ပျိုမျစ်ကုန်သော) မယားလေးယောက်တို့သည် ရှိပါကုန်၏။ အရှင်ဘုရား၊ ထိုအခါ အကျွန်ုပ်သည် ထိုမယားတို့ထံသို့ ချဉ်းကပ်၍ ထိုမယားတို့ကို 'နှမတို့၊ ငါသည်ကား ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော သိက္ခာပုဒ်တို့ကို ကောင်းစွာဆောက်တည်အပ်ကုန်၏၊ အလိုရှိသောနှမသည် ဤအိမ်၌ပင်လျှင် စည်းစိမ်ဥစ္စာတို့ကို သုံးဆောင်ခံစားလော့၊ ကောင်းမှုကုသိုလ်တို့ကိုသည်းပြုလော့၊ မိမိတို့၏ အဆွေအမျိုးတို့အိမ်သို့သော်လည်း သွားလော့၊

ယောက်ျားတစ်ပါးကို အလိုရှိသည်ဖြစ်မူ အဘယ်ယောက်ျားအား သင်တို့ကို ပေးရအံ့နည်း' ဟု ဤစကားကို ဆို၏။

"အရှင်ဘုရား၊ ဤသို့ဆိုသော် မယားကြီးသည် အကျွန်ုပ်ကို 'အရှင်၊ ဤမည်သော ယောက်ျားအား အကျွန်ုပ်ကို ပေးပါလော့' ဟု ဆို၏။ အရှင်ဘုရား၊ ထိုအခါ အကျွန်ုပ်သည် ထိုယောက်ျားကို ခေါ်စေပြီး၍ လက်ဝဲလက်ဖြင့် မယားကိုကိုင်၍ လက်ယာလက်ဖြင့် ရေကရားကိုကိုင်ပြီးလျှင် ထိုယောက်ျားထံ စွန့်ပါ၏။

"အရှင်ဘုရား၊ အကျွန်ုပ်သည် ကုမာရီရွယ် (နုနယ်ပျိုမျစ်သော) မယားကို စွန့်သည်ရှိသော် စိတ်ဖောက်ပြန်ခြင်းကို မသိပါ။ အရှင်ဘုရား၊ အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤတတိယသဘောသည် ရှိပါ၏။

၄။ "အရှင်ဘုရား၊ အကျွန်ုပ်၏ အမျိုးအိမ်၌ရှိကုန်သော စည်းစိမ်ဥစ္စာတို့ကိုလည်း ကောင်းသောသဘောရှိကုန်သော သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲခြားအပ်ကုန်။ အရှင်ဘုရား၊ အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤစတုတ္ထသဘောသည် ရှိပါ၏။

၅။ "အရှင်ဘုရား၊ အကျွန်ုပ်သည် ရဟန်းသို့ ဆည်းကပ်ခဲ့မူ ရိုသေစွာသာလျှင် ဆည်းကပ်ပါ၏၊ မရိုမသေ မဆည်းကပ်ပါ။ အရှင်ဘုရား၊ အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤပဉ္စမသဘောသည် ရှိပါ၏။

၆။ "အရှင်ဘုရား၊ ထိုအရှင်သည် အကျွန်ုပ်အား တရားဟောခဲ့မူ ရိုသေစွာသာလျှင် တရားနာ၏၊ မရိုမသေ မနာပါ။ အကျွန်ုပ်အား ထိုအရှင်သည် တရားမဟောခဲ့မူ အကျွန်ုပ်သည် ထိုအရှင်အား တရားဟောပါ၏။ အရှင်ဘုရား၊ အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤဆဋ္ဌသဘောသည် ရှိပါ၏။

၇။ "အရှင်ဘုရား၊ အကျွန်ုပ်ကို နတ်တို့ချဉ်းကပ်၍ 'သူကြွယ်၊ မြတ်စွာဘုရားသည် တရားကို ကောင်းစွာဟောတော်မူ၏' ဟု ပြောကြားကုန်၏။ အရှင်ဘုရား၊ ဤသို့ပြောကြားသည်ရှိသော် 'သင်နတ်တို့က ဤသို့

ပြောကုန်သည်ဖြစ်စေ၊ မပြောကုန်သည်ဖြစ်စေ၊ စင်စစ်သော်ကား မြတ်စွာဘုရားသည် တရားကို ကောင်းစွာဟောတော်မူ၏' ဟု ထိုနတ်တို့ကို အကျွန်ုပ်ဤသို့ပြောဆိုပါ၏။ ဤသို့ဆိုခြင်းသည် အံ့ဖွယ်မဟုတ်ပါ။

"အရှင်ဘုရား၊ ငါ့ထံသို့ နတ်တို့ချဉ်းကပ်ကုန်၏၊ ငါသည်လည်း နတ်တို့နှင့်အတူတကွ စကားပြောဆိုရ၏ဟု နတ်တို့ချဉ်းကပ်လာခြင်း၊ နတ်တို့နှင့်အတူတကွ စကားပြောရခြင်းဟူသော အကြောင်းကြောင့် စိတ်၏တက်ကြွမှုကို မသိစဖူးပါ။ အရှင်ဘုရား၊ အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤသတ္တမသဘောသည် ရှိပါ၏။

၈။ "အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော အောက်ပိုင်းသံယောဇဉ်ငါးမျိုးတို့တွင် မိမိ၌ မပယ်အပ်သေးသော တစ်စုံတစ်ခုသော သံယောဇဉ်ကိုမျှ မတွေ့မြင်ပါ။ အရှင်ဘုရား၊ အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤအဋ္ဌမသဘောသည် ရှိပါ၏။ အရှင်ဘုရား၊ အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤသဘောရှစ်မျိုးတို့ ရှိပါကုန်၏။"

အထက်ပါသုတ်သည် သောတာပန်-သကဒါဂါမ်မဖြစ်ဘဲ အနာဂါမ်တန်းဖြစ်နိုင်သည်ဟူသောအဓိပ္ပာယ် လုံးဝမသက်ရောက်ပါ။ အလားတူ အယူအဆမျိုးကို ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်းတွင်လည်း တွေ့ရ၏။

> "ရသေ့တစ်ထောင်သည် အာဒိတ္တပရိယာယသုတ်ကို ကြားနာပြီးလျှင် အားလုံး ရဟန္တာဖြစ်ကြသည်ဆို၏။ ထိုအခါ ပထမမဂ်သုံးပါး ရှိသေးဟန်မတူချေ။ နောက်ကာလ၌ကား လူသတ္တဝါတို့တစ်ဦးနှင့်တစ်ဦး ဝီရိယကွာခြားမှုကို အကြောင်းပြု၍ အရိယာပုဂ္ဂိုလ် အမျိုးအစားခွဲခြားမှု ဖြစ်ပေါ်လာခဲ့တန်ရာ၏။"

*(ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ၊ စာ-၂၇၈)*

### ၄။ မဂ်စိတ်ဖြစ်ပြီး ကာလကြာမှ ဖိုလ်စိတ်ဖြစ်မှု

ဆရာတော်ညွှန်းသော ဩက္ကန္တသံယုတ်တွင် အောက်ပါအတိုင်း တွေ့ရ၏။

“ရဟန်းတို့၊ မျက်စိသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏။ (ပ) ကိုယ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏။ စိတ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တစ်မျိုးတစ်ဖုံ ဖြစ်တတ်၏။

“ရဟန်းတို့၊ ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူကို သဒ္ဓါသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့ ဖြစ်ရာဘုံကို လွန်မြောက်သူ၊ ငရဲ တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှာမထိုက်သူ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရဘဲ သေခြင်းငှာလည်း မထိုက်သူဟု ဆိုအပ်၏။”

ယင်းသုတ် အဋ္ဌကထာတွင် -

“အဘဗ္ဗော စ တာဝ ကာလံ ကာတုန္တိ ဣမိနာ ဥပ္ပန္နေ မဂ္ဂေ ဖလဿ အနန္တရာယတံ ဒီပေတိ”

“သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရဘဲ သေခြင်းငှာ မထိုက်-ဟူသောစကားရပ်ဖြင့် မဂ်စိတ်ဖြစ်ပြီးသည်ရှိသော် ဖိုလ်စိတ်၏ အန္တရာယ် မရှိသည်၏အဖြစ်ကို ပြ၏” ဟု ဖွင့်ပြထား၏။

မှန်၏။ ‘စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာ’ ဟူသည့် အတိုင်း မဂ်စိတ်တို့မည်သည် စိတ္တက္ခဏတစ်ချက်သာ ကြာ၏။ ၎င်းနောက် ဖိုလ်စိတ် တန်းဖြစ်၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းတွင်ပင် စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်နိုင်သည်ဟုဆိုရာ မဂ်စိတ်ဖြစ်ပြီးနောက် ဖိုလ်စိတ်မဖြစ်ခင်အချိန်ကလေးတွင် ထိုပုဂ္ဂိုလ်ကို မည်သူသေအောင် သတ်နိုင်အံ့နည်း။

၂၀၀၉-ခုနှစ်၊ ဇူလိုင်လ၊ ဓမ္မရံသီမဂ္ဂဇင်း

## ဘုရားကို အထင်သေးသူ

"နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
သဗ္ဗညုသိ မဟာဝီရ၊ လောကဇေဋ္ဌ နရာသဘ။"

"ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားအား ရှိခိုးပါ၏။ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားအား ရှိခိုးပါ၏၊ လုံ့လကြီးတော်မူသော၊ လောက၏အကြီးအမှူးဖြစ်တော်မူသော၊ လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တရားအလုံးစုံကို သိတော်မူပါပေ၏။"

စာရေးသူသည် အထက်ပါ အပါဒါနိပါဠိတော်လာ ဂါထာကလေးကို မှတ်စုထုတ်နေခိုက် လှိုင်သာယာမှ မိတ်ဆွေဦးပဉ္စင်းတစ်ပါး ရောက်လာသည်။ စကားစမြည်ပြောဆိုကြရင်း မိုးပြာဂိုဏ်းအကြောင်း ရောက်သွား၏။

"ဦးဇင်း၊ မိုးပြာဂိုဏ်းက စာအုပ်တစ်အုပ်ထဲမှာ မိမိရတဲ့ သဗ္ဗညုတဉာဏ်ဆိုတာ ဝိဇ္ဇာသုံးပါးပဲလို့ ဘုရားဟောထားတာ ရှိတယ်။ ကောသလမင်းကြီးကို သဗ္ဗညုတဉာဏ်ရတဲ့အကြောင်း ဝန်ခံထားတာလဲရှိတယ်လို့ ဆိုကြတယ်တဲ့။

"တကယ်လို့ မိမိရတဲ့ သဗ္ဗညုတဉာဏ်ဆိုတာ ဝိဇ္ဇာသုံးပါးကို ဆိုလာတာပါလို့ ဘုရားဟောခဲ့တာမှန်ရင် သူသဗ္ဗညုတဉာဏ် ရပါတယ်၊ အကုန်သိပါတယ်လို့ ဝန်ခံတယ်ဆိုတာ မှားရမယ်တဲ့။ တစ်ခုမှန်ရင် တစ်ခုမှားရမယ်ပေါ့ ကိုယ်တော်ရာ။

"ဘုရားဆိုတာ မကြွားဝါတတ်သူမို့လို့ မိမိရတဲ့ သဗ္ဗညုတဉာဏ်ဆိုတာ ဝိဇ္ဇာသုံးပါးပါပဲဆိုတဲ့စကားသာ ဘုရားဟောအစစ် ဖြစ်သင့်ပါတယ်-တဲ့။

"နောက်ပြီး နိဗ္ဗာန်ဟာ အနတ္တဆိုလို့ရှိရင် နိဗ္ဗာန်ဟာ အနှစ်သာရဘာမှမရှိဘူးဆိုတဲ့အဓိပ္ပာယ် ရောက်ပါတယ်တဲ့။ နိဗ္ဗာန်ဟာ အတ္တပါတဲ့။ ဦးဇင်း အဲဒီပြဿနာတွေ ဖြေရှင်းဖူးတယ်လို့ ကြားပါတယ်။ လုပ်ပါအုံး၊ လင်းစမ်းပါအုံး"

"ကိုယ်တော်လဲ စာကြည့်နိုင်သားပဲ။ ကိုယ့်ဟာကိုယ် ပါဠိတော်ရှာဖတ်ပြီး နှိုင်းယှဉ်လေ့လာကြည့်ပေါ့"

"ဟာ-ဦးဇင်းကလဲ အဲဒီလို အဖြေရှာရတဲ့အလုပ်ကို မလုပ်ချင်လို့ လာမေးတာပေါ့"

"ကိုယ်တော်တို့က အဲဒါတွေခွကျတာပဲ။ ကိုယ်တော့်ကို အဲဒီလိုမျိုး ဒကာ-ဒကာမ တစ်ယောက်ယောက်က မေးပါပြီတဲ့၊ ဘယ်လိုလုပ်မလဲ"

"အဲဒီအခါကျတော့ နောက်မှ စာကြည့်ပြီးပြောပါမယ်လို့ လုပ်ရမှာပေါ့"

"ကဲကဲ-ထားလိုက်ပါတော့။ ဈေးကိုင်လိုက်တာလို့ ကိုယ်တော်မပြောခင် ရှင်းပြပါ့မယ်။ နေအုံး၊ တပည့်တော် ဆောင်းပါးရေးတုန်းက ပရင့်ထုတ်ထားတဲ့စာရွက်တွေ ရှိတယ်။ သဘောတူရာ ဖိုင်တွဲပြီးသိမ်းထားတယ်၊ အဲဒါဖတ်ကြည့်ရင် ရှင်းသွားလိမ့်မယ်"

* * *

"အဲဒီခေတ်က ဗုဒ္ဓကောလာဟလအရ ဘုရားဖြစ်ချင်သူတွေ အိန္ဒိယတစ်ဝိုက်မှာ ဘယ်လောက်များမယ်၊ ဘုရားရဲ့ သာဝကရင်း ဖြစ်ချင်သူတွေ ဘယ်လောက်များမယ်ဆိုတာ မှန်းကြည့်လိုက်။ တပည့်တော်တို့ ဘုရားမပွင့်ခင် ဘုရားလို့ဝန်ခံတဲ့သူ ခြောက်ယောက်ရှိနေပြီ။ သူတို့ကို ယုံကြည်လို့ ဆည်းကပ်တဲ့သူတွေ ရှိသလို၊ လေ့လာနေတဲ့သူတွေလဲ ရှိတယ်။

မဟာပုရိသလက္ခဏာကျမ်းအရ ဘုရားတစ်ဆူရဲ့ သဘောသဘာဝတွေကိုလဲ လူတော်တော်များများက သိနေကြလိမ့်မယ်။

"ဘုရားအမည်ခံ တိတ္ထိဆရာကြီး ခြောက်ယောက်ထဲမှာ နိဂဏ္ဍနာဋပုတ္တရဲ့ဝါဒဟာ အခုအချိန်ထိတောင် သက်တမ်းရှည်ပြီး အိန္ဒိယမှာ ဂျိန်းဘာသာ-ဂျိန်းဝါဒဆိုပြီး တည်ရှိဆဲ ကိုးကွယ်ဆဲပဲ။ မဟာဝီရလို့လဲခေါ်တဲ့ အဲဒီနိဂဏ္ဍနာဋပုတ္တဟာ သူ့အသက် ၃၀-မှာ တောထွက်၊ ၁၂-နှစ်တိုင်တိုင် တပအကျင့်တွေကိုကျင့်ပြီး ၄၂-နှစ်မှာ သူ့ကိုယ်သူ ဘုရားဖြစ်ပြီလို့ ကြေညာသတဲ့။ သူ့ရဲ့ဝါဒက ဘုရားဟောတဲ့ သဗ္ဗပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒပါပဲ။

"သူက သူ့ကိုယ်သူ ဘုရားလို့ ဝန်ခံထားတဲ့အခါမှာ ကြီးကြီးကျယ်ကျယ်ကြွားပုံကို ဒီသုတ်မှာကြည့် -

"ဥဒါယီ၊ သို့ဖြစ်မူ ငါ တရားဟောရမည့်အကြောင်းကို သင်စ၍ပြောလော့" ဟု (မိန့်တော်မူ၏)။

"အရှင်ဘုရား၊ ယခင့်ယခင်နေ့တို့က 'အလုံးစုံကိုသိ၏၊ အလုံးစုံကို မြင်၏၊ ငါသွားနေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ အိပ်နေသည်ဖြစ်စေ၊ နိုးကြားနေသည်ဖြစ်စေ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏' ဟု အကြွင်းမဲ့ဉာဏ်အမြင်ကို ဝန်ခံသောသူရှိ၏။

"ထိုပုဂ္ဂိုလ်သည် အကျွန်ုပ်က ရှေ့အဖို့ကို အကြောင်းပြု၍ ပြဿနာများကို မေးသည်ရှိသော် အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်း၏၊ အပသို့စကားကို ရောက်စေ၏၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ နှလုံးမသာယာခြင်းကိုလည်း ထင်စွာပြု၏။

"ထိုအကျွန်ုပ်အား မြတ်စွာဘုရားကိုသာလျှင် အကြောင်းပြု၍ 'ဪ. . . ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဪ. . . ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ဤတရားတို့ကို ကောင်းစွာကျွမ်းကျင်တော်မူ၏' ဟု အောက်မေ့မိပါ၏။"

"ဥဒါယီ၊ (ပ) ထိုသူသည် မည်သူနည်း"

"အရှင်ဘုရား၊ နာဠေ၏သား နိဂဏ္ဌပါတည်း" ဟု (လျှောက်၏)။ *(မဇ္ဈိမပဏ္ဏာသ၊ စူဠသကုလုဒါယိသုတ်)*

"အင်္ဂုတ္တိုရ်၊ နဝကနိပါတ်၊ လောကာယတိကသုတ်အရ သူမှ အဲဒီလို ဝန်ခံတာ မဟုတ်ဘူး။ ပူရဏကဿပလဲ အဲဒီလိုဝန်ခံတာပဲဗျ။ နိဂဏ္ဌက လည်တယ်။ ပြဿနာကို တတ်နိုင်သလောက် ဟာကွက်မရှိအောင် ပြင်ဆင် တတ်တယ်။ သူက အကုန်သိတယ်။ အကုန်သိရုံမကဘူး အမြဲတမ်းလဲ သိနေ တယ်လို့ ဝန်ခံတယ်။

"ဒါပေမဲ့ တစ်ခါတလေ လူတစ်ယောက်မှမရှိတဲ့အိမ်ကို ဆွမ်းခံမိ တယ်။ အဲဒီအိမ်မှာ လူမရှိမှန်း အစကတဲကမသိဘူးလားလို့ မေးတဲ့အခါ လူမရှိမှန်း သိပါတယ်၊ ဒါပေမဲ့ ကံတရားက လူရှိရှိ-မရှိရှိ ဒီအိမ်ကို သွားရ မယ်လို့ သတ်မှတ်ပြီးသားဖြစ်နေတယ်လို့ အကြောင်းပြတယ်။ ဒီမှာဖတ်ကြည့် ပါ။

"သန္ဒက၊ ဤလောက၌ အချို့သောဆရာသည် အလုံးစုံကို သိ၏၊ အလုံးစုံကိုမြင်၏။ 'ငါသွားနေသည်ဖြစ်စေ၊ ရပ်နေသည် ဖြစ်စေ၊ အိပ်ပျော်နေသည်ဖြစ်စေ၊ နိုးကြားနေသည်ဖြစ်စေ အမြဲ မပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏' ဟု အကြွင်းမဲ့ ဉာဏ်အမြင် ကို ဝန်ခံ၏။

"ထိုဆရာသည် ဆိတ်သုဉ်းသောအိမ်သို့လည်း ဝင်၏၊ ဆွမ်း လည်းမရ၊ ခွေးလည်းကိုက်၏၊ ကြမ်းသောဆင်နှင့်လည်း တွေ့ဆုံ ၏၊ (ပ) လမ်းခရီးကိုလည်းကောင်း မေး၏။

"ထိုဆရာသည် 'ဤအမှုသည် အသို့ပါနည်း' ဟု မေးသည် ရှိသော် ဆိတ်သုဉ်းသောအိမ်ကို ငါဝင်သင့်၏၊ ထို့ကြောင့် ဝင်၏။ ဆွမ်းကိုလည်း မရသင့်၊ ထို့ကြောင့် မရခဲ့။

"ခွေးသည် ကိုက်သင့်၏၊ ထို့ကြောင့် ကိုက်၏။ ကြမ်းသော ဆင်နှင့် တွေ့ဆုံသင့်၏၊ ထို့ကြောင့် တွေ့ဆုံ၏။ ကြမ်းသောမြင်းနှင့်

တွေ့ဆုံသင့်၏၊ ထို့ကြောင့် တွေ့ဆုံ၏။ ကြမ်းသောနွားနှင့် တွေ့ဆုံသင့်၏၊ ထို့ကြောင့် တွေ့ဆုံ၏။

"မိန်းမ၏လည်းကောင်း၊ ယောကျာ်း၏လည်းကောင်း၊ အမည်ကိုလည်းကောင်း၊ အနွယ်ကိုလည်းကောင်း မေးသင့်၏၊ ထို့ကြောင့် မေး၏။ ရွာ၏လည်းကောင်း၊ နိဂုံး၏လည်းကောင်း၊ အမည်ကိုလည်းကောင်း၊ လမ်းခရီးကိုလည်းကောင်း မေးသင့်၏၊ ထို့ကြောင့် မေး၏" ဟု (ဖြေဆို၏)။ *(မဇ္ဈိမပဏ္ဏာသ၊ သန္ဒကသုတ်)*

"နိဂဏ္ဌရဲ့အဖြေက မပိုင်ဘူးလား။ အဲဒီလို အရာရာကို ရှေးကံချည်းပဲလွှဲချတတ်တဲ့ နိဂဏ္ဌတွေကို ဘုရားက ဒီလိုမိန့်ဖူးတယ်။

"ရဟန်းတို့၊ အကယ်၍ သတ္တဝါတို့သည် ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစားရကုန်သည်ဖြစ်အံ့၊ ရဟန်းတို့ နိဂဏ္ဌတို့သည် ယခုဘဝ၌ ဤသို့သဘောရှိသော ဆင်းရဲပြင်းထန် အခံခက်သော ဝေဒနာတို့ကို ခံစားရကုန်သောကြောင့် မချွတ်ဧကန်ရှေးက မကောင်းမှုကံကို ပြုခဲ့သူတို့ဖြစ်ကုန်၏"

*(မ၊ ၃၊ ဒေဝဒဟသုတ်)*

"ဘုရားရှင်က သဗ္ဗညုတဉာဏ်ကို ဝန်ခံတယ်ဆိုတဲ့သုတ်က ဘယ်သုတ်လဲ"

"ဒဟရသုတ်လေ၊ ဒီမှာကြည့်။ ပသေနဒီကောသလမင်းသည် 'အရှင်ဂေါတမသည်လည်း အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိ၏' ဟူ၍ ဝန်ခံသလော-ဟု မြတ်စွာဘုရားအား လျှောက်၏။

"မင်းကြီး၊ 'အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိ၏' ဟူသောစကားကို ကောင်းစွာဆိုလိုသူသည် ငါ့ကိုသာလျှင် (ရည်ညွှန်း၍) ဆိုသည် ဖြစ်ရာ၏။ မင်းကြီး၊ မှန်၏။ ငါသည် အတုမရှိသော သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍သိ၏"ဟု (မိန့်တော်မူ၏)။ *(ကောသလသံယုတ်၊ ဒဟရသုတ်)*

"ဒါပေမဲ့ ဒီနေရာမှာ သတိထားရမှာက သဗ္ဗညူ-ဆိုတာ သဗ္ဗ-အကုန်။ ညူ-သိတာ။ အကုန်သိတယ်လို့သာ ဝန်ခံတာ။ ဘုရားက အိပ်နေတဲ့အခါမှာဖြစ်စေ၊ နိုးနေတဲ့အခါမှာဖြစ်စေ ငါဘုရား အမြဲမပြတ်သိနေတယ်လို့ ဝန်မခံဘူး။ အဲဒီလိုသိနိုင်တာမျိုးလဲ မရှိဘူး။ ဆင်ခြင်လိုက်ရင်တော့ အကုန်သိနိုင်တယ်၊ မသိအောင် ဘယ်အရာကမှ မတားဆီးနိုင်ဘူး။ ဒါ့ကြောင့် သဗ္ဗညုတဉာဏ်ကို အနာဝရဏဉာဏ်လို့လဲ ခေါ်တယ်။ ဝစ္ဆပရိဗိုဇ်မေးတုန်းက ဘုရားက ဒီလိုဖြေတယ်။

"အရှင်ဘုရား၊ ရဟန်းဂေါတမသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ ငါသွားနေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ အိပ်ပျော်နေသည်ဖြစ်စေ၊ နိုးကြားနေသည်ဖြစ်စေ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏ဟု အကြွင်းမဲ့ဉာဏ်အမြင်ကို ဝန်ခံ၏ဟူ၍ ကြားဖူးပါ၏။

"အရှင်ဘုရား၊ ရဟန်းဂေါတမသည် အလုံးစုံကို သိ၏၊ (ပ) အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏-ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏ဟူ၍ ပြောဆိုသောသူတို့သည် မြတ်စွာဘုရားစကားအရ ပြောဆိုသူများဖြစ်ပါကုန်၏လော"(ပ)ဟု လျှောက်ထား၏။

"ဝစ္ဆ၊ ရဟန်းဂေါတမသည် အလုံးစုံကို သိ၏၊ (ပ) အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏ဟု အကြွင်းမဲ့ဉာဏ်အမြင်ကို ဝန်ခံ၏ဟူ၍ ပြောဆိုသောသူတို့သည် ငါ၏စကားအရ ပြောဆိုသော သူများ မဟုတ်ကုန်၊ (ပ)" ဟု (မိန့်တော်မူ၏)။

"အရှင်ဘုရား၊ ထိုသို့မဟုတ်မူ အဘယ်သို့ပြောဆိုသော အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏စကားအရ ပြောဆိုသူများ ဖြစ်ပါကုန်သနည်း၊ (ပ)" ဟု (လျှောက်၏)။

"ဝစ္ဆ၊ ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးရှိ၏ဟု ပြောဆိုသော သူသည် အမှန်အားဖြင့် ငါ၏စကားအရ ပြောဆိုခြင်းဖြစ်ရာ၏၊ ငါ့ကို မမှန်သောအားဖြင့်လည်း မစွပ်စွဲရာ"

*(မ၊ မြန်၊ ၂၊ တေဝိဇ္ဇဝစ္ဆသုတ်)*

"တေဝိဇ္ဇသုတ်မှာ ဘုရားက အဲဒီလို အကုန်သိ-အမြဲသိဆိုတာကို ပယ်လိုက်တော့ လူထုထဲမှာ ပြောစရာစကားတစ်မျိုး ပျံ့နှံ့နေမှာပေါ့။ အဲဒီအကြောင်းကို ကောသလမင်းကြီးက ဘုရားကိုလျှောက်ထားပုံကြည့် -

ထိုအခါ ကောသလမင်းကြီးသည် မြတ်စွာဘုရားအား "အရှင်ဘုရား၊ 'တရားအလုံးစုံကို သိသော၊ တရားအလုံးစုံကို မြင်သော၊ အကြွင်းမဲ့ဉာဏ်ပညာရှိ၏ဟု ဝန်ခံနိုင်သော သမဏသည်သော်လည်းကောင်း၊ ဗြာဟ္မဏသည်သော်လည်းကောင်း မရှိနိုင်၊ ဤသို့ ဝန်ခံနိုင်သောအကြောင်းမျိုးသည် မရှိနိုင်' ဟု ရဟန်းဂေါတမဆို၏ဟူ၍ အကျွန်ုပ်ကြားရပါ၏။

"အရှင်ဘုရား၊ 'တရားအလုံးစုံကိုသိသော၊ တရားအလုံးစုံကို မြင်သော အကြွင်းမဲ့ဉာဏ်အမြင်ရှိ၏ဟု ဝန်ခံနိုင်သော သမဏသည်သော်လည်းကောင်း၊ ဗြာဟ္မဏသည်သော်လည်းကောင်း မရှိနိုင်၊ ဤသို့ (ဝန်ခံနိုင်) သော အကြောင်းမျိုးသည် မရှိနိုင်' ဟု ရဟန်းဂေါတမသည်ဆို၏ဟု ပြောဆိုကြသောသူတို့သည် မြတ်စွာဘုရား၏ စကားအတိုင်း ပြောဆိုကြပါကုန်သလော၊ (ပ)" ဟု လျှောက်၏။

"မင်းကြီး၊ တရားအလုံးစုံကို သိသော၊ တရားအလုံးစုံကို မြင်သော အကြွင်းမဲ့ဉာဏ်အမြင်ရှိ၏ဟု ဝန်ခံနိုင်သော သမဏသည်သော်လည်းကောင်း၊ ဗြာဟ္မဏသည်သော်လည်းကောင်း မရှိ၊ ဤသို့ဝန်ခံနိုင်သော အကြောင်းမျိုးသည် မရှိနိုင်ဟု ရဟန်းဂေါတမဆို၏' ဟု ပြောဆိုကြသောသူတို့သည် ငါ့စကားအတိုင်း ပြောဆိုကြသည် မဟုတ်ကြကုန်၊ ထိုသူတို့သည် မဟုတ်မမှန်သော အကြောင်းအရာဖြင့်လည်း ငါ့ကို စွပ်စွဲကြကုန်၏" ဟု (မိန့်တော်မူ၏)။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ဝိဋူဍဘစစ်သူကြီးကိုခေါ်၍ "စစ်သူကြီး၊ အဘယ်သူသည် ဤစကားကို နန်းတော်အတွင်း၌ ပြောကြားလာပါသနည်း" ဟု မေးမြန်း၏။

"မင်းကြီး၊ အာကာသအနွယ်ဖြစ်သော သဥ္စယပုဏ္ဏားသည် ပြောကြားပါ၏" ဟု (လျှောက်၏)။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် တစ်ယောက်သော မင်းချင်းကိုခေါ်၍ "အမောင်ယောကျ်ား၊ အသင်လာခဲ့လော့။ ငါ၏စကားဖြင့် အာကာသအနွယ်ဖြစ်သော သဥ္စယပုဏ္ဏားကို 'အရှင်၊ သင့်ကို ပသေနဒီကောသလမင်းကြီးသည် ခေါ်၏' ဟု ဆို၍ ခေါ်ချေလော့" ဟု မိန့်၏။

"အရှင်မင်းမြတ်၊ ကောင်းပါပြီ" ဟူ၍သာလျှင် ထိုမင်းချင်းသည် ပသေနဒီကောသလမင်းကြီးအား ပြန်ကြားလျှောက်ထား၍ အာကာသအနွယ်ဖြစ်သော သဥ္စယပုဏ္ဏားရှိရာသို့ ချဉ်းကပ်ကာ 'အရှင်၊ သင့်အား ပသေနဒီကောသလမင်းကြီး ခေါ်၏' ဟု ပြောကြားလေ၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားအား "အရှင်ဘုရား၊ မြတ်စွာဘုရားသည် တစ်စုံတစ်ခုကို ရည်ညွှန်း၍ ဟောတော်မူသောစကားသည် ရှိတန်ရာ၏၊ ထိုစကားကိုပင် လူအများက တစ်မျိုးတစ်မည်အားဖြင့် သိမှတ်နေရာပါ၏။ အရှင်ဘုရား၊ ထိုကဲ့သို့သောစကားမျိုးကို မြတ်စွာဘုရားဆိုဖူး၏ဟု မှတ်မိပါသလော" ဟု လျှောက်၏။

"မင်းကြီး၊ တစ်ကြိမ်တည်းဖြင့်သာလျှင် အလုံးစုံကို သိနိုင်သော အလုံးစုံကို မြင်နိုင်သော သမဏသည်သော်လည်းကောင်း၊ ဗြာဟ္မဏသည်သော်လည်းကောင်း မရှိ။ ဤသို့ (သိနိုင် မြင်နိုင်) သော အကြောင်းမျိုးသည် မရှိနိုင်၊ ဤသို့ စကားပြောကြားဖူးသည်ကို ငါမှတ်မိ၏" ဟု (မိန့်တော်မူ၏)။

"အရှင်ဘုရား၊ တစ်ကြိမ်တည်းဖြင့်သာလျှင် အလုံးစုံကို သိနိုင်သော အလုံးစုံကို မြင်နိုင်သော သမဏသည်သော်လည်းကောင်း၊ ဗြာဟ္မဏသည်သော်လည်းကောင်း မရှိ။ ဤသို့ သိနိုင်-

မြင်နိုင်သော အကြောင်းမျိုးသည် မရှိနိုင်ဟု အကြောင်းမှန်သဘောကို မိန့်ဆိုတော်မူပေ၏။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကြောင်းခိုင်လုံသောသဘောကို မိန့်ဆိုတော်မူပေ၏။"

*(မ၊ မြန်၊ ၂။ ကဏ္ဏကတ္ထလသုတ်)*

"ကဲ-ဒီသုတ်အရ မြတ်စွာဘုရားဟာ အကုန်သိတယ်ဆိုတာကို မပယ်ဘူး။ တစ်ကြိမ်တဲနဲ့ အကုန်သိတာ၊ အမြဲသိနေတာကိုသာ ပယ်တယ်ဆိုတာ ထင်ရှားသွားပြီပေါ့။ ကထာဝတ္ထုကျမ်းက အမေးအဖြေကလေး ဆက်ကြည့်ပါအုံး"

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက' တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ ဩော်. . . ဆက်ဆံပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် မာရ်ငါးပါးတို့ကို အောင်မြင်ပါသလော၊ လူနတ်တို့ကို ဆုံးမတတ်ပါသလော၊ မဖောက်မပြန် ကိုယ်တိုင် (သိဖွယ်တရားတို့ကို) သိပါသလော၊ အလုံးစုံကို သိပါသလော၊ အလုံးစုံကို မြင်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) အရှင်သခင် ဖြစ်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) ကိုးကွယ်ရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော်. . . ဟုတ်ပါ၏။

သကဝါဒီ။ ။ တပည့် 'သာဝက' သည်လည်း မာရ်ငါးပါးတို့ကို အောင်မြင်ပါသလော၊ လူနတ်တို့ကို ဆုံးမတတ်ပါသလော၊ မဖောက်မပြန် ကိုယ်တိုင် (သိဖွယ်တရားတို့ကို) သိပါသလော၊ အလုံးစုံကို သိပါသလော၊ အလုံးစုံကို မြင်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) အရှင်သခင် ဖြစ်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) ကိုးကွယ်ရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

*(ကထာဝတ္ထုပါဠိတော်၊ ဗလကထာ)*

"သဗ္ဗညုတဉာဏ်အကြောင်းတော့ ရှင်းသွားပါပြီ။ နိဗ္ဗာန်ရဲ့ အနတ္တဖြစ်ပုံကလေး ဆက်ရှင်းပြပါအုံး။ ကိုယ်တော့်ရဲ့ မြတ်ပန်းရဂုံမှာပါတဲ့ ဆောင်းပါးထဲကအတိုင်း 'သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ- သင်္ခါရတရားအားလုံးဟာ အနိစ္စ- ဒုက္ခ' လို့ ဟောထားပြီး အနတ္တဖြစ်တဲ့ တရားကျမှ သဗ္ဗေ သင်္ခါရာ-လို့ မဟောဘဲ 'သဗ္ဗေ ဓမ္မာ အနတ္တာ' လို့ ဟောတော်မူတဲ့အတွက် သင်္ခါရတရားအားလုံးသာ အနတ္တဖြစ်တာ မဟုတ်သေးဘူး။ အသင်္ခတဖြစ်တဲ့ နိဗ္ဗာန်လဲ အနတ္တဖြစ်တယ်။ အနတ္တမည်တယ်။

"နောက်ပြီး ပရိဝါပါဠိတော်မှာလာတဲ့ 'နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာဣတိ နိစ္ဆယာ' ဆိုတဲ့ ပါဠိအရ နိဗ္ဗာန်နဲ့ ပညတ်ကို အနတ္တလို့ ဆုံးဖြတ်ရမယ်ဆိုတာတွေ တပည့်တော် ဖတ်ပြီးပါပြီ။ ဒါပေမဲ့ ရှင်မိုးပြာ ပြောသလို နိဗ္ဗာန်ဟာ အနတ္တဆိုတော့ နိဗ္ဗာန်သည် အနှစ်သာရမရှိဆိုတဲ့ အဓိပ္ပာယ် ရောက်မသွားဘူးလား"

"ကိုယ်တော့်လို လူတွေကြောင့် မိစ္ဆာဒိဋ္ဌိသမားတွေ ခေါင်းထောင်နေတာ။ ကိုယ်ကြားဖူးနေကျ အနက်ကလေးနဲ့ အပေါ်ယံအဓိပ္ပာယ်ကလေး ကြည့်ပြီး ပြောလို့မရဘူးလေ။ ကိုယ်တော်ဟာ တပည့်တော်ကြားဖူးတဲ့ ပုံပြင်လေးထဲက ကျောင်းဒကာမကြီးလို ဖြစ်နေပြီ။

"တောရွာတစ်ရွာမှာ ကျောင်းဒကာမကြီးတစ်ယောက်က ဥပုသ်နေ့ဆိုရင် ကျောင်းလာဥပုသ်စောင့်လို့ ပုတီးစိပ်တဲ့အခါ အနိစ္စ-ဒုက္ခ-အနတ္တဆိုတာကို အကျယ်ကြီးဆိုဆိုပြီး စိပ်တာတဲ့။ တစ်နေ့တော့ ကျောင်းကဆရာတော်က 'ဒကာမကြီး၊ ပုတီးစိပ်တဲ့အခါမှာ အနက်အဓိပ္ပာယ်ပါ ထည့်ဆိုပြီး စိပ်ရတယ်' ဆိုတော့ 'အနိစ္စ၊ အမြဲမရှိ။ ဒုက္ခ၊ ဆင်းရဲ၏။ အနတ္တ၊ ကိုယ့်ကိုယ်ကိုယ်မပိုင် ကျောင်းဒကာကြီးသာပိုင်သည်' လို့ စိပ်သတဲ့။ ဘယ့်နှယ်လဲ အဲဒီကျောင်းဒကာမကြီးရဲ့ အနတ္တအနက်ပေးပုံ ကြိုက်ရဲ့လား"

"ဒီလိုဆိုရင် 'သဗ္ဗေ ဓမ္မာ အနတ္တာ' မှာ 'အနတ္တာ' ကို ဘယ်လို အနက်ပေးရမှာလဲ"

"အနတ္တဆိုတာ 'န' နဲ့ 'အတ္တ' ပေါင်းထားတာလေ။ ကိုယ်တော် အကြီးတန်းတုန်းက ကျက်ခဲ့တဲ့အဘိဓာန်မှာ 'အတ္တ' ရဲ့ အနက်ကို ဘယ်နှချက်ပြလဲ"

"မမှတ်မိတော့ဘူး။ ကိုယ်တို့ စိတ်တို့ကို ဟောတယ်ထင်တယ်"

"စိတ္တေ ကာယေ သဘာဝေ စ၊ သော အတ္တာ ပရမတ္တနိ-လေ။ အတ္တ-သဒ္ဒါဟာ (၁) စိတ်၊ (၂) ကိုယ်၊ (၃) သဘောတရား၊ (၄) တိတ္ထိတို့သည် ကြံဆအပ်သော ပရမအတ္တ-လို့ အနက်လေးမျိုးကို ဟောနိုင်တယ်။ အဓိပ္ပာယ် လေးမျိုး ထွက်တယ်ပေါ့။

"ဥပမာ-အတ္တသမ္မာပဏိဓိမှာ အတ္တသဒ္ဒါက စိတ်ကိုဟောတယ်။ အတ္တသမ္မာပဏိဓိ-စိတ်ကို ကောင်းစွာထားခြင်းလို့ အနက်ပေးရမှာပေါ့။

"တပည့်တော်တို့ကျက်ခဲ့ရတဲ့ ဘိက္ခုနီပါတိမောက်မှာ-ယာ ပန ဘိက္ခုနီ အတ္တာနံ ဝဓိတွာ ဝဓိတွာ ရောဒေယျ၊ ပါစိတ္တိယံ။

"ယာ ပန ဘိက္ခုနီ၊ အကြင်ရဟန်းမသည်။ အတ္တာနံ၊ ကိုယ်ကို။ ဝဓိတွာ ဝဓိတွာ၊ ထု၍ထု၍။ ရောဒေယျ၊ ငိုကြွေးအံ့။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏-ဆိုတဲ့ သိက္ခာပုဒ် မှာ အတ္တသဒ္ဒါက ကိုယ်ကိုဟောတယ်။

"နောက် 'အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ-ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဒီပါ၊ လောကီလောကုတ္တရာ နှစ်ဖြာသောကုသိုလ်တရားတည်းဟူသော မှီခိုရာကျွန်း ရှိကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။' အဲဒီလို ပါဠိတွေမှာ အတ္တသဒ္ဒါက သဘောတရားဆိုတဲ့အနက်ကို ဟောတယ်။

"ဒါပေမဲ့ နိဿယတို့၊ မြန်မာပြန်တို့ ကြည့်ရင်တော့ ပေးရိုးပေးစဉ် အတိုင်း အတ္တ-ဆိုရင် မိမိ၊ မိမိကိုယ် ဒီလိုတွေပဲ တွေ့ရမယ်။ သို့သော်လဲ မိမိ-အရ တစ်ခါတစ်ရံ စိတ်ကို၊ တစ်ခါတစ်ရံ ကိုယ်ကို ကောက်ရမယ်ဆိုတာ အဋ္ဌကထာ၊ ဋီကာတွေ ကြည့်ကြည့်ပေါ့ကိုယ်တော်ရာ။

"နောက်ဆုံးအရေးကြီးတဲ့ အတ္တ-သဒ္ဒါရဲ့အနက်က တိတ္ထိတွေ တွေးခေါ်ကြံဆထားတဲ့ ပရမအတ္တဆိုတဲ့အနက်။ သူတို့ရဲ့ကြံဆချက်က ဥပမာ-မျက်စိက အဆင်းကို မြင်တဲ့နေရာမှာ မျက်စိကလဲ ရုပ်၊ အဆင်းကလဲ

ရုပ်၊ ရုပ်ရုပ်ချင်း မမြင်နိုင်ဘူး။ ကိုယ်ထဲမှာ မြင်နိုင်စွမ်းတဲ့အရာတစ်ခု ရှိရမယ်။ အဲဒီမြင်တဲ့အရာကို ကောင်း-မကောင်း ခံစားတာလဲ သူပဲဖြစ်ရမယ်-စသည်ဖြင့် အမျိုးမျိုးကြံစည်ကြတာပေါ့ ကိုယ်တော်ရာ။

"နောက် ဘယ်လိုကြံစည်ကြသလဲဆိုတော့ လူတိုင်းလူတိုင်းမှာ အတ္တကလေးတွေ ကိုယ်စီရှိကြတယ်။ ကောင်းကင်ဘုံမှာ အဲဒီအတ္တကလေးတွေရဲ့ပင်မ ဖြူစင်တဲ့ပရမအတ္တကြီး ရှိရမယ်။ သတ္တဝါကိုယ်စီမှာ ရှိကြတဲ့အတ္တကလေးတွေဟာ မဖြူစင်သေးသမျှ သံသရာမှာ ကျင်လည်ကြရမယ်။ ဖြူစင်တဲ့တစ်နေ့မှာ ကောင်းကင်ဘုံက ပရမအတ္တကြီးနဲ့ ပူးပေါင်းခွင့်ရပြီး ထာဝရချမ်းသာကို ခံစားရမယ်-စသည်ဖြင့်ပေါ့။

"တပည့်တော်တို့ ထေရဝါဒစာပေကပြောတဲ့ နိဗ္ဗာန်ဟာ အနတ္တဆိုတဲ့ နေရာမှာ အဲဒီအတ္တကို အဓိကပယ်ချင်တာ။ ကျန်တဲ့ ကိုယ်-စိတ်စတဲ့ အတ္တရဲ့အနက်တွေက သံသယဖြစ်စရာ သိပ်မရှိဘူး။ ဗုဒ္ဓဘာသာမှတစ်ပါး ကျန်တဲ့ အခြားအခြားသောဘာသာကြီးတွေရဲ့ နိဗ္ဗာန်မှာက မပျက်စီးနိုင်တော့တဲ့ အသက်-လိပ်ပြာ-ဝိညာဉ်-အတ္တဆိုတဲ့ ထာဝရနာမ်ဓာတ်ရှိတယ်။ ဗုဒ္ဓဘာသာမှာတောင် မဟာယာနတို့ ဇင်တို့ရဲ့ နိဗ္ဗာန်က ထာဝရပျော်စံရာဌာနပဲ။ အတ္တနှင့် မကင်းဘူး။

"အသာရကဋ္ဌေန အနတ္တာ-အရ အနှစ်မရှိသောကြောင့် အနတ္တ-ဆိုတဲ့နေရာမှာလဲ အဲဒီ အတ္တဆိုတဲ့ အနှစ်မရှိတာကို ပြောတာ။ နိစ္စသာရ-နိစ္စ အနှစ်၊ သုခသာရ-သုခအနှစ်တွေကတော့ ရှိတာပေါ့"

"ရှင်းပါပြီ၊ ရှင်းပါပြီ။ သာဓုပါဘုရား"

၂၀၀၉-ခုနှစ်၊ ဩဂုတ်လ၊ ဓမ္မရံသီမဂ္ဂဇင်း

မြင်နိုင်သော အကြောင်းမျိုးသည် မရှိနိုင်ဟု အကြောင်းမှန်သဘော ကို မိန့်ဆိုတော်မူပေ၏။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကြောင်းခိုင်လုံသောသဘောကို မိန့်ဆိုတော်မူပေ၏။"

*(မ၊ မြန်၊ ၂၊ ကဏ္ဏကတ္ထလသုတ်)*

"ကဲ-ဒီသုတ်အရ မြတ်စွာဘုရားဟာ အကုန်သိတယ်ဆိုတာကို မပယ်ဘူး။ တစ်ကြိမ်တဲနဲ့ အကုန်သိတာ၊ အမြဲသိနေတာကိုသာ ပယ်တယ် ဆိုတာ ထင်ရှားသွားပြီပေါ့။ ကထာဝတ္ထုကျမ်းက အမေးအဖြေကလေး ဆက်ကြည့်ပါအုံး"

သကဝါဒီ။ ။ မြတ်စွာဘုရား၏ အားအစွမ်းသည် တပည့် 'သာဝက' တို့နှင့် ဆက်ဆံပါသလော။

ပရဝါဒီ။ ။ ဩော်. . . ဆက်ဆံပါ၏။

သကဝါဒီ။ ။ မြတ်စွာဘုရားသည် မာရ်ငါးပါးတို့ကို အောင်မြင်ပါသလော၊ လူနတ်တို့ကို ဆုံးမတတ်ပါသလော၊ မဖောက် မပြန် ကိုယ်တိုင် (သိဖွယ်တရားတို့ကို) သိပါသလော၊ အလုံးစုံကို သိပါသလော၊ အလုံးစုံကို မြင်ပါသလော၊ တရားကြောင့် (လူနတ်တို့ ၏) အရှင်သခင် ဖြစ်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) ကိုးကွယ်ရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဩော်. . . ဟုတ်ပါ၏။

သကဝါဒီ။ ။ တပည့် 'သာဝက' သည်လည်း မာရ်ငါးပါး တို့ကို အောင်မြင်ပါသလော၊ လူနတ်တို့ကို ဆုံးမတတ်ပါသလော၊ မဖောက်မပြန် ကိုယ်တိုင် (သိဖွယ်တရားတို့ကို) သိပါသလော၊ အလုံးစုံကို သိပါသလော၊ အလုံးစုံကို မြင်ပါသလော၊ တရားကြောင့် (လူနတ်တို့၏) အရှင်သခင် ဖြစ်ပါသလော၊ တရားကြောင့် (လူနတ် တို့၏) ကိုးကွယ်ရာ ဖြစ်ပါသလော။

ပရဝါဒီ။ ။ ဤသို့ကား မဆိုသင့်ပါ။ပ။

*(ကထာဝတ္ထုပါဠိတော်၊ ဗလကထာ)*

"သဗ္ဗညုတဉာဏ်အကြောင်းတော့ ရှင်းသွားပါပြီ။ နိဗ္ဗာန်ရဲ့ အနတ္တဖြစ်ပုံကလေး ဆက်ရှင်းပြပါအုံး။ ကိုယ်တော့်ရဲ့ မြတ်ပန်းရဂုံမှာပါတဲ့ ဆောင်းပါးထဲကအတိုင်း 'သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ- သင်္ခါရတရားအားလုံးဟာ အနိစ္စ- ဒုက္ခ' လို့ ဟောထားပြီး အနတ္တဖြစ်တဲ့ တရားကျမှ သဗ္ဗေ သင်္ခါရာ-လို့ မဟောဘဲ 'သဗ္ဗေ ဓမ္မာ အနတ္တာ' လို့ ဟောတော်မူတဲ့အတွက် သင်္ခါရတရားအားလုံးသာ အနတ္တဖြစ်တာ မဟုတ်သေးဘူး။ အသင်္ခတဖြစ်တဲ့ နိဗ္ဗာန်လဲ အနတ္တဖြစ်တယ်။ အနတ္တမည်တယ်။

"နောက်ပြီး ပရိဝါပါဠိတော်မှာလာတဲ့ 'နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာဣတိ နိစ္ဆယာ' ဆိုတဲ့ ပါဠိအရ နိဗ္ဗာန်နဲ့ ပညတ်ကို အနတ္တလို့ ဆုံးဖြတ်ရမယ်ဆိုတာတွေ တပည့်တော် ဖတ်ပြီးပါပြီ။ ဒါပေမဲ့ ရှင်မိုးပြာ ပြောသလို နိဗ္ဗာန်ဟာ အနတ္တဆိုတော့ နိဗ္ဗာန်သည် အနှစ်သာရမရှိဆိုတဲ့ အဓိပ္ပာယ် ရောက်မသွားဘူးလား"

"ကိုယ်တော့်လို လူတွေကြောင့် မိစ္ဆာဒိဋ္ဌိသမားတွေ ခေါင်းထောင်နေတာ။ ကိုယ်ကြားဖူးနေကျ အနက်ကလေးနဲ့ အပေါ်ယံအဓိပ္ပာယ်ကလေး ကြည့်ပြီး ပြောလို့မရဘူးလေ။ ကိုယ်တော်ဟာ တပည့်တော်ကြားဖူးတဲ့ ပုံပြင်လေးထဲက ကျောင်းဒကာမကြီးလို ဖြစ်နေပြီ။

"တောရွာတစ်ရွာမှာ ကျောင်းဒကာမကြီးတစ်ယောက်က ဥပုသ်နေ့ဆိုရင် ကျောင်းလာဥပုသ်စောင့်လို့ ပုတီးစိပ်တဲ့အခါ အနိစ္စ-ဒုက္ခ-အနတ္တဆိုတာကို အကျယ်ကြီးဆိုဆိုပြီး စိပ်တာတဲ့။ တစ်နေ့တော့ ကျောင်းကဆရာတော်က 'ဒကာမကြီး၊ ပုတီးစိပ်တဲ့အခါမှာ အနက်အဓိပ္ပာယ်ပါ ထည့်ဆိုပြီး စိပ်ရတယ်' ဆိုတော့ 'အနိစ္စ၊ အမြဲမရှိ။ ဒုက္ခ၊ ဆင်းရဲ၏။ အနတ္တ၊ ကိုယ့်ကိုယ်ကိုယ်မပိုင် ကျောင်းဒကာကြီးသာပိုင်သည်' လို့ စိပ်သတဲ့။ ဘယ့်နှယ်လဲ အဲဒီကျောင်းဒကာမကြီးရဲ့ အနတ္တအနက်ပေးပုံ ကြိုက်ရဲ့လား"

"ဒီလိုဆိုရင် 'သဗ္ဗေ ဓမ္မာ အနတ္တာ' မှာ 'အနတ္တာ' ကို ဘယ်လို အနက်ပေးရမှာလဲ"

"အနတ္တဆိုတာ 'န' နဲ့ 'အတ္တ' ပေါင်းထားတာလေ။ ကိုယ်တော် အကြီးတန်းတုန်းက ကျက်ခဲ့တဲ့အဘိဓာန်မှာ 'အတ္တ' ရဲ့ အနက်ကို ဘယ်နှချက်ပြလဲ"

"မမှတ်မိတော့ဘူး။ ကိုယ်တို့ စိတ်တို့ကို ဟောတယ်ထင်တယ်"

"စိတ္တေ ကာယေ သဘာဝေ စ၊ သော အတ္တာ ပရမတ္တနိ-လေ။ အတ္တ-သဒ္ဒါဟာ (၁) စိတ်၊ (၂) ကိုယ်၊ (၃) သဘောတရား၊ (၄) တိတ္ထိတို့သည် ကြံဆအပ်သော ပရမအတ္တ-လို့ အနက်လေးမျိုးကို ဟောနိုင်တယ်။ အဓိပ္ပာယ် လေးမျိုး ထွက်တယ်ပေါ့။

"ဥပမာ-အတ္တသမ္မာပဏိဓိမှာ အတ္တသဒ္ဒါက စိတ်ကိုဟောတယ်။ အတ္တသမ္မာပဏိဓိ-စိတ်ကို ကောင်းစွာထားခြင်းလို့ အနက်ပေးရမှာပေါ့။

"တပည့်တော်တို့ကျက်ခဲ့ရတဲ့ ဘိက္ခုနီပါတိမောက်မှာ-ယာ ပန ဘိက္ခုနီ အတ္တာနံ ဝဓိတွာ ဝဓိတွာ ရောဒေယျ၊ ပါစိတ္တိယံ။

"ယာ ပန ဘိက္ခုနီ၊ အကြင်ရဟန်းမသည်။ အတ္တာနံ၊ ကိုယ်ကို။ ဝဓိတွာ ဝဓိတွာ၊ ထု၍ထု၍။ ရောဒေယျ၊ ငိုကြွေးအံ့။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏-ဆိုတဲ့ သိက္ခာပုဒ် မှာ အတ္တသဒ္ဒါက ကိုယ်ကိုဟောတယ်။

"နောက် 'အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ-ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဒီပါ၊ လောကီလောကုတ္တရာ နှစ်ဖြာသောကုသိုလ်တရားတည်းဟူသော မှီခိုရာကျွန်း ရှိကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။' အဲဒီလို ပါဠိတွေမှာ အတ္တသဒ္ဒါက သဘောတရားဆိုတဲ့အနက်ကို ဟောတယ်။

"ဒါပေမဲ့ နိဿယတို့၊ မြန်မာပြန်တို့ ကြည့်ရင်တော့ ပေးရိုးပေးစဉ် အတိုင်း အတ္တ-ဆိုရင် မိမိ၊ မိမိကိုယ် ဒီလိုတွေပဲ တွေ့ရမယ်။ သို့သော်လဲ မိမိ-အရ တစ်ခါတစ်ရံ စိတ်ကို၊ တစ်ခါတစ်ရံ ကိုယ်ကို ကောက်ရမယ်ဆိုတာ အဋ္ဌကထာ၊ ဋီကာတွေ ကြည့်ကြည့်ပေါ့ကိုယ်တော်ရာ။

"နောက်ဆုံးအရေးကြီးတဲ့ အတ္တ-သဒ္ဒါရဲ့အနက်က တိတ္ထိတွေ တွေးခေါ်ကြံဆထားတဲ့ ပရမအတ္တဆိုတဲ့အနက်။ သူတို့ရဲ့ကြံဆချက်က ဥပမာ-မျက်စိက အဆင်းကို မြင်တဲ့နေရာမှာ မျက်စိကလဲ ရုပ်၊ အဆင်းကလဲ

ရုပ်၊ ရုပ်ရုပ်ချင်း မမြင်နိုင်ဘူး။ ကိုယ်ထဲမှာ မြင်နိုင်စွမ်းတဲ့အရာတစ်ခု ရှိရမယ်။ အဲဒီမြင်တဲ့အရာကို ကောင်း-မကောင်း ခံစားတာလဲ သူပဲဖြစ်ရမယ်-စသည်ဖြင့် အမျိုးမျိုးကြံစည်ကြတာပေါ့ ကိုယ်တော်ရာ။

"နောက် ဘယ်လိုကြံစည်ကြသလဲဆိုတော့ လူတိုင်းလူတိုင်းမှာ အတ္တကလေးတွေ ကိုယ်စီရှိကြတယ်။ ကောင်းကင်ဘုံမှာ အဲဒီအတ္တကလေးတွေရဲ့ပင်မ ဖြူစင်တဲ့ပရမအတ္တကြီး ရှိရမယ်။ သတ္တဝါကိုယ်စီမှာ ရှိကြတဲ့ အတ္တကလေးတွေဟာ မဖြူစင်သေးသမျှ သံသရာမှာ ကျင်လည်ကြရမယ်။ ဖြူစင်တဲ့တစ်နေ့မှာ ကောင်းကင်ဘုံက ပရမအတ္တကြီးနဲ့ ပူးပေါင်းခွင့်ရပြီး ထာဝရချမ်းသာကို ခံစားရမယ်-စသည်ဖြင့်ပေါ့။

"တပည့်တော်တို့ ထေရဝါဒစာပေကပြောတဲ့ နိဗ္ဗာန်ဟာ အနတ္တဆိုတဲ့ နေရာမှာ အဲဒီအတ္တကို အဓိကပယ်ချင်တာ။ ကျန်တဲ့ ကိုယ်-စိတ်စတဲ့ အတ္တရဲ့အနက်တွေက သံသယဖြစ်စရာ သိပ်မရှိဘူး။ ဗုဒ္ဓဘာသာမှတစ်ပါး ကျန်တဲ့ အခြားအခြားသောဘာသာကြီးတွေရဲ့ နိဗ္ဗာန်မှာက မပျက်စီးနိုင်တော့တဲ့ အသက်-လိပ်ပြာ-ဝိညာဉ်-အတ္တဆိုတဲ့ ထာဝရနာမ်ဓာတ်ရှိတယ်။ ဗုဒ္ဓဘာသာမှာတောင် မဟာယာနတို့ ဇင်တို့ရဲ့ နိဗ္ဗာန်က ထာဝရပျော်စံရာဌာနပဲ။ အတ္တနှင့် မကင်းဘူး။

"အသာရကဋ္ဌေန အနတ္တာ-အရ အနှစ်မရှိသောကြောင့် အနတ္တ-ဆိုတဲ့နေရာမှာလဲ အဲဒီ အတ္တဆိုတဲ့ အနှစ်မရှိတာကို ပြောတာ။ နိစ္စသာရ-နိစ္စ အနှစ်၊ သုခသာရ-သုခအနှစ်တွေကတော့ ရှိတာပေါ့"

"ရှင်းပါပြီ၊ ရှင်းပါပြီ။ သာဓုပါဘုရား"

၂၀၀၉-ခုနှစ်၊ ဩဂုတ်လ၊ ဓမ္မရံသီမဂ္ဂဇင်း

## မေးခွန်းနှစ်လွှာ အဖြေရှာ

ဓမ္မရံသီမဂ္ဂဇင်းမှ ရောက်ရှိလာသော မေးခွန်းနှစ်စောင်ကို ကြိုးစားဖြေဆိုလိုက်ပါသည်။

### ပထမမေးခွန်း

အရှင်ဘုရား . . . .

တပည့်တော်မသည် အချိန်နှင့် အခြေအနေပေးလျှင် ပေးသလို ဓမ္မကထိကဆရာတော်တို့၏ တရားခွေများကို နာကြားလေ့ရှိပါသည်ဘုရား။ ထိုသို့ နာကြားသဖြင့်လည်း ယခင် ပွင့်ထွန်းတော်မူခဲ့ပြီးသော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်တစ်ဆူဆူ ကြွင်းကျန်တည်ရှိနေသမျှ နောက်ဘုရားရှင် ပွင့်ထွန်းတော်မူခြင်း မရှိဟု သိရှိရပါသည်ဘုရား။

သို့သော် ယခုတပည့်တော်မတို့၏ သာသနာတွင်းကာလ ရန်ကုန်မြို့တော်ကြီး၌ တည်ထားကိုးကွယ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဌာပနာတိုက်အတွင်း၌ ယခင်ပွင့်တော်မူခဲ့ပြီးသော ဘုရားရှင်သုံးဆူ၏ ဓာတ်တော်မွေတော် (တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုပ်တော်) တို့ ရှိနေသည်ဆိုခြင်းကို မရှင်းလင်းပါသဖြင့် ဖြေကြားပေးပါရန် တောင်းပန် လျှောက်ထားအပ်ပါသည်ဘုရား။

*ဒေါ်နန်း၊ ကမာရွတ်။*

အင်္ဂုတ္တိုရ်ပါဠိတော်၊ ဧကကနိပါတ်တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

**"ရဟန်းတို့၊ (ဇာတိခေတ်ဟုဆိုအပ်သော) တစ်ခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း ပွင့်တော်မူရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့၊ (ဇာတိခေတ်ဟုဆိုအပ်သော) တစ်ခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားတစ်ဆူတည်းသာ ပွင့်တော်မူရာသော အကြောင်းအခွင့်ကား ရှိ၏"ဟု (မိန့်တော်မူ၏)။**

အထက်ပါဒေသနာတော်တွင် "အပုဗ္ဗံ အစရိမံ=မရှေးမနှောင်း" ဟူသောပုဒ်ကို အဋ္ဌကထာက "မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် မုန်ညင်းစေ့ခန့်မျှ ဓာတ်တော်ကျန်ရှိနေသေးလျှင်ပင် နောက်ဘုရားတစ်ဆူ မပွင့်နိုင်သေးကြောင်း" ဖွင့်ဆိုထားသည်။

ဤတွင် မဟာဗုဒ္ဓဝင် ပဥ္စမတွဲလာ 'သရီရဓာတ်တော်များ အကြောင်း' ကို ထုတ်ပြလိုပါသည်။

* * *

သက်တော်ရှည် မြတ်စွာဘုရားများ၏ သရီရဓာတ်တော်တို့သည် ဖရိုဖရဲ တစ်ဆူစီမကွဲဘဲ ရွှေခဲရွှေတုံးကြီးပမာ တစ်ဆူတည်းသာ ကြွင်းကျန်ရစ်ကုန်၏။ အကျွန်ုပ်တို့၏ အစိန္တေယျသုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားသည်ကား သက်ကောင်တိုတောင်းသော မြတ်စွာဘုရားဖြစ်တော်မူသည့်အတွက် ပရိနိဗ္ဗာန်စံတော်မမူမီကပင် -

"ငါဘုရားသည် မကြာမြင့်မီတည်၍ ပရိနိဗ္ဗာန်စံရမည်ဖြစ်သည်၊ ငါဘုရား၏ သာသနာတော်သည် အလုံးစုံသော အရပ်မျက်နှာသို့ မပျံ့နှံ့သေးချေ၊ သို့ရကား ငါဘုရားပင် ပရိနိဗ္ဗာန်စံယူလင့်ကစား ငါဘုရား၏ မုန်ညင်းစေ့ခန့်မျှသော ဓာတ်တော်ကို ပင်သော်လည်း ပင့်ဆောင်ကြကာ မိမိတို့၏နေရာ၌ စေတီတော်

တည်ထား၍ လူများအပေါင်းသည် နတ်ရွာသုဂတိသို့လားရောက်ကြစေသတည်း”ဟု ရည်ရွယ်တော်မူကာ သရီရဓာတ်တော်များအဆူဆူကွဲပြားရန် အဓိဋ္ဌာန်တော်မူခဲ့လေသည်။

ဤသို့ -

၁။ အစိတ်စိတ် မကွဲပြားသော=အဝိပ္ပကိဏ္ဏဓာတ်တော်၊

၂။ အစိတ်စိတ် အဆူဆူ ကွဲပြားသော=ဝိပ္ပကိဏ္ဏဓာတ်တော်ဟူ၍ ဓာတ်တော် ၂-မျိုး ပြားလေသည်။

ထို ၂-မျိုးတို့တွင် -

၁။ စွယ်တော် လေးဆူ၊ ညှပ်ရိုးတော် နှစ်ဆူ၊ နဖူးသင်းကျစ်တော် တစ်ဆူ။ ဤခုနစ်ဆူသော ဓာတ်တော်တို့မှာ သက်တော်ရှိစဉ် မူလပုံသွင်အတိုင်း အစိတ်စိတ် မကွဲပြားဘဲတည်ရှိရစ်သည့် အဝိပ္ပကိဏ္ဏဓာတ်တော်များ ဖြစ်လေသည်။

၂။ ထိုမှ ကြွင်းသော အရိုးတော် စသည်မှဖြစ်ပွားသော ဓာတ်တော်များမှာ အစိတ်စိတ်အဆူဆူ ကွဲပြားသည့် ဝိပ္ပကိဏ္ဏဓာတ်တော်များ ဖြစ်လေသည်။ ထိုဓာတ်တော်များမှာ အချင့်အတွက် ပမာဏအားဖြင့် ၁၆-ပြည်သား (တစ်တင်းသား) ခန့် ကြွင်းကျန်ရစ်လေသည်။

ထိုဓာတ်တော်တို့အနက် -

(၁) အငယ်ဆုံးဓာတ်တော်များမှာ မုန်ညင်းစေ့ခန့်ပမာဏရှိ၍ မုလေးပန်း (မြတ်လေးပန်း) ငုံနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၆-ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

(၂) အလတ်စား ဓာတ်တော်များမှာ ဆန်ကျိုးခန့် ပမာဏရှိ၍ ပုလဲအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၅-ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

(၃) အကြီးစားဓာတ်တော်များမှာ ပဲနောက်စေ့ခန့်ပမာဏရှိ၍ ရွှေအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၅-ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

ဤအကြောင်းအရာများကား သုတ်မဟာဝါ အဋ္ဌကထာနှင့် ဗုဒ္ဓဝင် ပါဠိတော် စာမျက်နှာ-၃၈၄၊ ဓာတုဘာဇနီယခန်း၌ လာရှိလေသည်။

* * *

ဓာတုပရိနိဗ္ဗာန်အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာမှ ထုတ်နုတ်၍ ဆက်လက်ပြဆိုပါဦးမည်။

ပရိနိဗ္ဗာန်သည် ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန်၊ ဓာတုပရိနိဗ္ဗာန်-ဟု ၃မျိုးရှိ၏။ ထိုသုံးမျိုးတွင် ကိလေသပရိနိဗ္ဗာန်ဝင်စံခြင်းသည် ဗောဓိပလ္လင်၌ ဖြစ်ခဲ့၏။ ခန္ဓပရိနိဗ္ဗာန်ဝင်စံခြင်းသည် ကုသိနာရုံ၌ ဖြစ်ခဲ့၏။ ဓာတုပရိနိဗ္ဗာန် ဝင်စံခြင်းသည် နောင်အခါ၌ဖြစ်လတ္တံ့။

အဘယ်သို့ ဖြစ်လတ္တံ့နည်း. . . .။ ထိုထိုအရပ်၌ ကောင်းစွာ အရိုအသေပြုခြင်း၊ ပူဇော်ခြင်း၊ မြတ်နိုးခြင်းကို မရကုန်သော ဓာတ်တော်တို့သည် မြတ်စွာဘုရားရှင်တို့၏ အဓိဋ္ဌာန်အစွမ်းဖြင့် ကောင်းစွာအရိုအသေပြုခြင်း၊ ပူဇော်ခြင်း၊ မြတ်နိုးခြင်းကို ရရာဌာနသို့ ကြွသွားတော်မူကြကုန်၏။ ကာလကြာသော် အရပ်ဒေသအားလုံးတို့၌ ဓာတ်တော်တို့ကို ရိုသေခြင်း၊ ပူဇော် မြတ်နိုးခြင်း မဖြစ်တော့။ သာသနာတော် ဆုတ်ယုတ်လာသောအခါ ဤသီဟိုဠ်ကျွန်း၌ ဓာတ်တော်အားလုံးတို့သည် စုဝေးကုန်၍ မဟာစေတီသို့ ကြွတော်မူကြလိမ့်မည်။ ထိုမှတစ်ဖန် နဂါးကျွန်း ရာဇာယတနစေတီသို့၊ ထိုမှ ဗောဓိပလ္လင်သို့ ကြွတော်မူကြလိမ့်မည်။

နဂါးပြည်မှလည်းကောင်း၊ နတ်ပြည်မှလည်းကောင်း၊ ဗြဟ္မာ့ပြည်မှလည်းကောင်း ဓာတ်တော်တို့သည် မဟာဗောဓိပလ္လင်သို့ ကြွတော်မူကြလိမ့်မည်။ မုန်ညင်းစေ့မျှလောက်သော ဓာတ်တော်သည်လည်း အကြား၌ ပျောက်ပျက်လိမ့်မည်မဟုတ်။

ဓာတ်တော်အားလုံးတို့သည် မဟာဗောဓိမဏ္ဍိုင်၌ စုဝေးကုန်၍ ဘုရားရှင်အသွင်တော်ကိုယူလျက် ဗောဓိမဏ္ဍိုင်၌ ပလ္လင်ဖြင့် ထိုင်နေတော်မူသော ဘုရားရှင်၏အသရေတော်ကို ပြကုန်လတ္တံ့။ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်၊ တစ်လံမျှ

လောက်သော ရောင်ခြည်တော်တို့အားလုံး အပြည့်အစုံပါရှိကာ ယမကပါဋိဟာရိယာပြသောနေ့ကဲ့သို့ တန်ခိုးပြာဋိဟာ ပြတော်မူလတ္တံ့။ ထိုအခါ ထိုအရပ်သို့ သွားနိုင်သောလူသား တစ်ယောက်မျှမရှိ။

စကြဝဠာတစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် စုဝေးမိကုန်၍ "ယနေ့ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ယနေ့မှစ၍ အမိုက်တိုက်ဖြစ်လတ္တံ့."ဟု ငိုကြွေးကြကုန်လတ္တံ့။

ထိုအခါ ဓာတ်တော်ကိုယ်မှ တေဇောမီးတောက်လောင်၍ ထိုဓာတ်တော်ကိုယ်ကို အမည်ပညတ်မျှ မရှိသည်၏အဖြစ်သို့ ရောက်စေလတ္တံ့။ ဓာတ်တော်ကိုယ်မှဖြစ်သော မီးတောက်မီးလျှံသည် ဗြဟ္မာ့ပြည်တိုင်အောင် တက်လတ္တံ့။ မုန်ညင်းစေ့ခန့်မျှ ဓာတ်တော်ကြွင်းရှိခဲ့သော် တစ်ပြိုင်နက် တောက်လောင်လတ္တံ့။ ဓာတ်တော်များ ကုန်ခန်းသော် မီးတောက်မီးလျှံ ပြတ်လတ္တံ့။ ဤသို့ ကြီးစွာသောတန်ခိုးအာနုဘော်ကို ပြတော်မူ၍ ဓာတ်တော်တို့သည် ကွယ်ပျောက်ကုန်၏။

ထိုအခါ စုဝေးရောက်ရှိနေသော နတ်ဗြဟ္မာအပေါင်းသည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုသောနေ့ကဲ့သို့ နတ်၌ဖြစ်သော နံ့သာ၊ ပန်း၊ တူရိယာစသည်တို့ဖြင့် ကောင်းစွာပူဇော်မှုကိုပြု၍ သုံးကြိမ် လက်ျာရစ် လှည့်လည်ရှိခိုး၍ "နောင်အခါ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားကို ဖူးမြင်ခွင့်ရရပါလိုကုန်၏ မြတ်စွာဘုရား" ဟု ပြောဆိုဆုတောင်းကြကာ မိမိ မိမိတို့၏ နေရာဌာနသို့သာ ပြန်ကြကုန်လိမ့်မည်။

> အထက်ပါ ကောက်နုတ်ချက်များအရ "နောက်ဘုရားတစ်ဆူ မပွင့်နိုင်လောက်အောင် တားမြစ်နိုင်သော ဓာတ်တော်များအရ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် တေဇောဓာတ်လောင်ကျွမ်းရာတွင် ကြွင်းကျန်ရစ်သော ဘုရားရှင်၏ ခန္ဓာတော်မှဖြစ်သော သရီရဓာတ်တော်များကို ယူရမည်" ဟု ထင်မြင်ပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန်မစံခင်က သုံးစွဲတော်မူခဲ့သော တောင်ဝှေးစသော အသုံးအဆောင်ပစ္စည်းများနှင့် သက်ဆိုင်မည်မထင်ပါ။

## ဒုတိယမေးခွန်း

လူတစ်ဦးတစ်ယောက် သေဆုံးပါက ထိုသူ၏ အသက်မဲ့ ရုပ်အလောင်းကို သုသာန်သို့ ပို့ဆောင်ရာတွင် ရွှေထီးဆောင်း၍ ပို့ဆောင်ရမည့်သူနှင့် ရွှေထီးမဆောင်းအပ်သောသူများအကြောင်း သိလိုပါသည်။ အကိုးအကားဖြင့် ခွဲခြားဖြေပေးပါခင်ဗျား။

*ထွဋ်းထွဋ်း (ရတနာပုံကားဂိတ်)*
*ဘုရားကြီးလမ်း၊ ကြံခင်းမြို့။*

ဗုဒ္ဓဘာသာဝင်ဆိုသူတို့၏ သာရေးနာရေး အခမ်းအနားအစီအရင်များသည် ဗုဒ္ဓအလိုတော်ကျ ဘုရားရှင်၏ညွှန်ကြားချက်အတိုင်း လိုက်နာ၍ပြုလုပ်ကြသည်မဟုတ်။ အများစုမှာ ဗုဒ္ဓအလိုတော်နှင့်ပင် ဆန့်ကျင်လျက်ရှိ၏။

သေသူအား သုသာန်သို့ပို့ဆောင်ရာ၌ "မည်သို့သော ပုဂ္ဂိုလ်များအား ရွှေထီးဆောင်းစေ၍ ပို့ဆောင်သင်္ဂြိုဟ်ရမည်"ဟု ဘုရားဟော မရှိ။ ပုထုဇဉ်တို့သဘာဝ အရူးထ၍ ပကာသနမက်ကာ မကြီးကျယ်သင့်သည့်နေရာ၌ ကြီးကျယ်ကြခြင်းသာ ဖြစ်၏။

ရွှေထီးဆိုသော်လည်း ရွှေနှင့်တူသည်မှာ အရောင်တစ်ခုသာ ရှိ၏။ ထိုကဲ့သို့သော အယောင်ဆောင် အခမ်းအနားတို့ကြောင့် ဘာသာခြားတို့၏ ပြက်ရယ်ပြုမှုကိုခံရကာ ဗုဒ္ဓဘာသာ သိက္ခာကျရ၏။

ရွှေထီးဆောင်းသဖြင့်လည်း ငရဲကျမည့်သူက နတ်ပြည်မရောက်နိုင်သလို ရွှေထီးမဆောင်းဘဲ ဖြစ်သလိုစွန့်ပစ်သဖြင့်လည်း သုဂတိရောက်မည့်သူက ငရဲကျလိမ့်မည်မဟုတ်။

အဆင်ပြေ လွယ်ကူသောနည်းလမ်းဖြင့်သာ ပို့ဆောင် သင်္ဂြိုဟ်သင့်ပါသည်။

**၂၀၀၉-ခုနှစ်၊ ဒီဇင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း။**

## မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား

မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား၊ အကြောက်ဆုံးဒေသနာ(ဝါ) အကြောက်ဆုံးပိဋကတ်မှာ အဘိဓမ္မာပိဋကတ် ဖြစ်၏။ သူတို့ဝါဒ၊ သူတို့ ပြောဆိုရေးသားသမျှကို အဘိဓမ္မာနှင့် ညှိလိုက်သည့်အခါတိုင်း သူတို့၏ အမှားသည် ကွက်ကွက်ကွင်းကွင်း မငြင်းနိုင်အောင် ပေါ်လာလေ့ရှိ၏။ ထို့ကြောင့် အဘိဓမ္မာပိဋကတ်သည် မိစ္ဆာဝါဒီတို့အဖို့ အမုန်းဆုံး၊ အကြောက်ဆုံးတရား ဖြစ်၏။

ဤတွင် ထိုမိစ္ဆာဝါဒီတို့ အကြောက်ဆုံး၊ အမုန်းဆုံးဖြစ်သော အဘိဓမ္မာပိဋကတ်ကို ဘုရားဟောဟုလက်ခံကာ သင်ယူခြင်းကြောင့် ရရှိအပ်သော အကျိုးတရားများနှင့် အဘိဓမ္မာပိဋကတ်ကို ဘုရားမဟောဟု ပစ်ပယ်ခြင်းကြောင့် ရရှိနိုင်သောအပြစ်တို့ကို ပြဆိုပါမည်။

> **"အဘိဓမ္မာတတ်သူ-အဘိဓမ္မာဆောင်သူကို (တရားဟောဟော-မဟောဟော) ဓမ္မကထိက-အစစ်ဟု ခေါ်ပါသည်။ အဘိဓမ္မာမတတ်သူများကိုကား တရားပင်ဟောနေစေကာမူ ဓမ္မကထိကအစစ်ဟု မခေါ်ပါ"**
>
> **(အာဘိဓမ္မိကဘိက္ခုယေဝ ကိရ ဓမ္မကထိကာ နာမ၊ အဝသေသာ ဓမ္မကထံ ကထေန္တာပိ န ဓမ္မကထိကာ။ အဘိ၊ ဋ၊ ၁၊ ၃၀)**

အကြောင်းကား အဘိဓမ္မာမတတ်သူများသည် တရားဟောရာ (စာရေးရာ) တွင် -

(၁) ကမ္မန္တရအာလောဠန-ကံတစ်ခုကို အခြားကံတစ်ခုဖြင့် ရောမွှေ၍၊

(၂) ဝိပါကန္တရ အာလောဠန-ဝိပါက်တစ်ပါးကို အခြားဝိပါက်တစ်ပါးဖြင့် ရောမွှေ၍၊

(၃) ရူပါရူပ ပရိစ္ဆေဒ အာလောဠန-ရုပ်နာမ်အပိုင်းအခြားကို ရောမွှေ၍၊

(၄) ဓမ္မန္တရ အာလောဠန-ရုပ်တရားကို နာမ်တရားဖြင့်၊ နာမ်တရားကို ရုပ်တရားဖြင့် ရောမွှေ၍လည်း ဟောပြောရေးသားတတ်၏။

အနည်းငယ် အကျယ်ချဲ့၍ ရှင်းပါဦးမည်။

(၁) အဘိဓမ္မာမတတ်သူများသည် ကာမာဝစရကံကိုလည်း ရူပါဝစရကံ စသည်ဖြင့်လည်းကောင်း၊ ကာမာဝစရကံအချင်းချင်းတွင်လည်း မည်းညစ်သောအကျိုးပေးသော အကုသိုလ်ကံကို ဖြူစင်သောအကျိုးပေးသော ကုသိုလ်ကံဟုလည်းကောင်း ရောထွေးပြောဆိုတတ်ကြ၏။

ဥပမာ-တရားအားထုတ်၍ ကာမာဝစရဝိပဿနာဉာဏ် အတော်အတန် ထက်သန်လာသောအခါ လောကုတ္တရာမဂ်ဉာဏ်ဟု သူတစ်ပါးအား ပြောဆိုခြင်းမျိုး၊ ဝိပဿနူပက္ကိလေသ-ဟုခေါ်သော နိကန္တိတဏှာ (အကုသိုလ်) ကိုလည်း မဂ်ကုသိုလ်ကံထင်မှားကာ သူတစ်ပါးအား မဂ်ဖိုလ်ရကြောင်း ပြောဆိုခြင်းမျိုး၊ မိမိချစ်သူ (မိဘ၊ သားသမီး) ၏ သေခါနီး၌ ဝေဒနာအပြင်းအထန် ခံစားနေရသဖြင့် ပင်ပန်းနေသည်ကို သနားလှသဖြင့် မြန်မြန်သေအောင်ပြုမှု (mercy killing) (အကုသိုလ်) ကို ကုသိုလ်ထူးဟု ထင်မှားပြောဆိုခြင်းများသည် ကံတစ်ခုကို အခြားကံတစ်ခုဖြင့် ရောမွှေခြင်း-ကမ္မန္တရ အာလောဠန-မည်၏။

(၂) တရားအားထုတ်သောအခါ ဝိပဿနာဉာဏ်၏ ထက်သန်မှုကြောင့် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိနှင့် ပီတိသုခ-တို့ဖြစ်၍ လောကကြီးကို မေ့သကဲ့သို့ ပျော်မွေ့မှုဖြစ်ခြင်းကို ဖလသမာပတ်ဟု ထင်မှတ်ပြောဆိုခြင်း၊

## မေးခွန်းနှစ်လွှာ အဖြေရှာ

ဓမ္မရံသီမဂ္ဂဇင်းမှ ရောက်ရှိလာသော မေးခွန်းနှစ်စောင်ကို ကြိုးစားဖြေဆိုလိုက်ပါသည်။

### ပထမမေးခွန်း

အရှင်ဘုရား . . . .

တပည့်တော်မသည် အချိန်နှင့် အခြေအနေပေးလျှင် ပေးသလို ဓမ္မကထိကဆရာတော်တို့၏ တရားခွေများကို နာကြားလေ့ရှိပါသည်ဘုရား။ ထိုသို့ နာကြားသဖြင့်လည်း ယခင် ပွင့်ထွန်းတော်မူခဲ့ပြီးသော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်တစ်ဆူဆူ ကြွင်းကျန်တည်ရှိနေသမျှ နောက်ဘုရားရှင် ပွင့်ထွန်းတော်မူခြင်း မရှိဟု သိရှိရပါသည်ဘုရား။

သို့သော် ယခုတပည့်တော်မတို့၏ သာသနာတွင်းကာလ ရန်ကုန်မြို့တော်ကြီး၌ တည်ထားကိုးကွယ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဌာပနာတိုက်အတွင်း၌ ယခင်ပွင့်တော်မူခဲ့ပြီးသော ဘုရားရှင်သုံးဆူ၏ ဓာတ်တော်မွေတော် (တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုပ်တော်) တို့ ရှိနေသည်ဆိုခြင်းကို မရှင်းလင်းပါသဖြင့် ဖြေကြားပေးပါရန် တောင်းပန် လျှောက်ထားအပ်ပါသည်ဘုရား။

*ဒေါ်နန်း၊ ကမာရွတ်။*

အင်္ဂုတ္တိုရ်ပါဠိတော်၊ ဧကကနိပါတ်တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

**"ရဟန်းတို့၊ (ဇာတိခေတ်ဟုဆိုအပ်သော) တစ်ခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း ပွင့်တော်မူရာသော အကြောင်းအခွင့်သည် မရှိ။ ရဟန်းတို့၊ (ဇာတိခေတ်ဟုဆိုအပ်သော) တစ်ခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားတစ်ဆူတည်းသာ ပွင့်တော်မူရာသော အကြောင်းအခွင့်ကား ရှိ၏"ဟု (မိန့်တော်မူ၏)။**

အထက်ပါဒေသနာတော်တွင် "အပုဗ္ဗံ အစရိမံ=မရှေးမနှောင်း" ဟူသောပုဒ်ကို အဋ္ဌကထာက "မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် မုန်ညင်းစေ့ခန့်မျှ ဓာတ်တော်ကျန်ရှိနေသေးလျှင်ပင် နောက်ဘုရားတစ်ဆူ မပွင့်နိုင်သေးကြောင်း" ဖွင့်ဆိုထားသည်။

ဤတွင် မဟာဗုဒ္ဓဝင် ပဌမတွဲလာ 'သရီရဓာတ်တော်များ အကြောင်း' ကို ထုတ်ပြလိုပါသည်။

* * *

သက်တော်ရှည် မြတ်စွာဘုရားများ၏ သရီရဓာတ်တော်တို့သည် ဖရိုဖရဲ တစ်ဆူစီမကွဲဘဲ ရွှေခဲရွှေတုံးကြီးပမာ တစ်ဆူတည်းသာ ကြွင်းကျန်ရစ်ကုန်၏။ အကျွန်ုပ်တို့၏ အစိန္တေယျသုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားသည်ကား သက်မကော်တိုတောင်းသော မြတ်စွာဘုရားဖြစ်တော်မူသည့်အတွက် ပရိနိဗ္ဗာန်စံတော်မမူမီကပင် -

"ငါဘုရားသည် မကြာမြင့်မီတည်၍ ပရိနိဗ္ဗာန်စံရမည်ဖြစ်သည်၊ ငါဘုရား၏ သာသနာတော်သည် အလုံးစုံသော အရပ်မျက်နှာသို့ မပျံ့နှံ့သေးချေ၊ သို့ရကား ငါဘုရားပင် ပရိနိဗ္ဗာန်စံယူလင့်ကစား ငါဘုရား၏ မုန်ညင်းစေ့ခန့်မျှသော ဓာတ်တော်ကိုပင်သော်လည်း ပင့်ဆောင်ကြကာ မိမိတို့၏နေရာ၌ စေတီတော်

တည်ထား၍ လူများအပေါင်းသည် နတ်ရွာသုဂတိသို့လားရောက်ကြစေသတည်း"ဟု ရည်ရွယ်တော်မူကာ သရီရဓာတ်တော်များ အဆူဆူကွဲပြားရန် အဓိဋ္ဌာန်တော်မူခဲ့လေသည်။

ဤသို့ -

၁။ အစိတ်စိတ် မကွဲပြားသော-အဝိပ္ပကိဏ္ဏဓာတ်တော်၊

၂။ အစိတ်စိတ် အဆူဆူ ကွဲပြားသော-ဝိပ္ပကိဏ္ဏဓာတ်တော်ဟူ၍ ဓာတ်တော် ၂-မျိုး ပြားလေသည်။

ထို ၂-မျိုးတို့တွင် -

၁။ စွယ်တော် လေးဆူ၊ ညှပ်ရိုးတော် နှစ်ဆူ၊ နဖူးသင်းကျစ်တော် တစ်ဆူ။ ဤခုနစ်ဆူသော ဓာတ်တော်တို့မှာ သက်တော်ရှိစဉ် မူလပုံသွင်အတိုင်း အစိတ်စိတ် မကွဲပြားဘဲတည်ရှိရစ်သည့် အဝိပ္ပကိဏ္ဏဓာတ်တော်များ ဖြစ်လေသည်။

၂။ ထိုမှ ကြွင်းသော အရိုးတော် စသည်မှဖြစ်ပွားသော ဓာတ်တော်များမှာ အစိတ်စိတ်အဆူဆူ ကွဲပြားသည့် ဝိပ္ပကိဏ္ဏဓာတ်တော်များ ဖြစ်လေသည်။ ထိုဓာတ်တော်များမှာ အချင့်အတွက် ပမာဏအားဖြင့် ၁၆-ပြည်သား (တစ်တင်းသား) ခန့် ကြွင်းကျန်ရစ်လေသည်။

ထိုဓာတ်တော်တို့အနက် -

(၁) အငယ်ဆုံးဓာတ်တော်များမှာ မုန်ညင်းစေ့ခန့်ပမာဏရှိ၍ မုလေးပန်း (မြတ်လေးပန်း) ငုံနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၆-ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

(၂) အလတ်စား ဓာတ်တော်များမှာ ဆန်ကျိုးခန့် ပမာဏရှိ၍ ပုလဲအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၅-ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

(၃) အကြီးစားဓာတ်တော်များမှာ ပဲနောက်စေ့ခန့်ပမာဏရှိ၍ ရွှေအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၅-ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။

ဤအကြောင်းအရာများကား သုတ်မဟာဝါ အဋ္ဌကထာနှင့် ဗုဒ္ဓဝင် ပါဠိတော် စာမျက်နှာ-၃၈၄၊ ဓာတုဘာဇနီယခန်း၌ လာရှိလေသည်။

*   *   *

ဓာတုပရိနိဗ္ဗာန်အကြောင်းကို အင်္ဂုတ္တိုရ်အဋ္ဌကထာမှ ထုတ်နုတ်၍ ဆက်လက်ပြဆိုပါဦးမည်။

ပရိနိဗ္ဗာန်သည် ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန်၊ ဓာတုပရိနိဗ္ဗာန်-ဟု ၃မျိုးရှိ၏။ ထိုသုံးမျိုးတွင် ကိလေသပရိနိဗ္ဗာန်ဝင်စံခြင်းသည် ဗောဓိပလ္လင်၌ ဖြစ်ခဲ့၏။ ခန္ဓပရိနိဗ္ဗာန်ဝင်စံခြင်းသည် ကုသိနာရုံ၌ ဖြစ်ခဲ့၏။ ဓာတုပရိနိဗ္ဗာန် ဝင်စံခြင်းသည် နောင်အခါ၌ဖြစ်လတ္တံ့။

အဘယ်သို့ ဖြစ်လတ္တံ့နည်း. . . ။ ထိုထိုအရပ်၌ ကောင်းစွာ အရိုအသေပြုခြင်း၊ ပူဇော်ခြင်း၊ မြတ်နိုးခြင်းကို မရကုန်သော ဓာတ်တော်တို့သည် မြတ်စွာဘုရားရှင်တို့၏ အဓိဋ္ဌာန်အစွမ်းဖြင့် ကောင်းစွာအရိုအသေပြုခြင်း၊ ပူဇော်ခြင်း၊ မြတ်နိုးခြင်းကို ရရာဌာနသို့ ကြွသွားတော်မူကြကုန်၏။ ကာလကြာသော် အရပ်ဒေသအားလုံးတို့၌ ဓာတ်တော်တို့ကို ရိုသေခြင်း၊ ပူဇော်မြတ်နိုးခြင်း မဖြစ်တော့။ သာသနာတော် ဆုတ်ယုတ်လာသောအခါ ဤသီဟိုဠ်ကျွန်း၌ ဓာတ်တော်အားလုံးတို့သည် စုဝေးကုန်၍ မဟာစေတီသို့ ကြွတော်မူကြလိမ့်မည်။ ထိုမှတစ်ဖန် နဂါးကျွန်း ရာဇာယတနစေတီသို့၊ ထိုမှ ဗောဓိပလ္လင်သို့ ကြွတော်မူကြလိမ့်မည်။

နဂါးပြည်မှလည်းကောင်း၊ နတ်ပြည်မှလည်းကောင်း၊ ဗြဟ္မာ့ပြည်မှလည်းကောင်း ဓာတ်တော်တို့သည် မဟာဗောဓိပလ္လင်သို့ ကြွတော်မူကြလိမ့်မည်။ မုန်ညင်းစေ့မျှလောက်သော ဓာတ်တော်သည်လည်း အကြား၌ ပျောက်ပျက်လိမ့်မည်မဟုတ်။

ဓာတ်တော်အားလုံးတို့သည် မဟာဗောဓိမဏ္ဍိုင်၌ စုဝေးကုန်၍ ဘုရားရှင်အသွင်တော်ကိုယူလျက် ဗောဓိမဏ္ဍိုင်၌ ပလ္လင်ဖြင့် ထိုင်နေတော်မူသော ဘုရားရှင်၏အသရေတော်ကို ပြကုန်လတ္တံ့။ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်၊ တစ်လံမျှ

လောက်သော ရောင်ခြည်တော်တို့အားလုံး အပြည့်အစုံပါရှိကာ ယမကပါဋိ ဟာရိယာပြသောနေ့ကဲ့သို့ တန်ခိုးပြာဋိဟာ ပြတော်မူလတ္တံ့။ ထိုအခါ ထိုအရပ်သို့ သွားနိုင်သောလူသား တစ်ယောက်မျှမရှိ။

စကြဝဠာတစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့သည် စုဝေးမိကုန်၍ "ယနေ့ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ယနေ့မှစ၍ အမိုက်တိုက် ဖြစ်လတ္တံ့"ဟု ငိုကြွေးကြကုန်လတ္တံ့။

ထိုအခါ ဓာတ်တော်ကိုယ်မှ တေဇောမီးတောက်လောင်၍ ထိုဓာတ် တော်ကိုယ်ကို အမည်ပညတ်မျှ မရှိသည်၏အဖြစ်သို့ ရောက်စေလတ္တံ့။ ဓာတ်တော်ကိုယ်မှဖြစ်သော မီးတောက်မီးလျှံသည် ပြဟ္မာ့ပြည်တိုင်အောင် တက်လတ္တံ့။ မုန်ညင်းစေ့ခန့်မျှ ဓာတ်တော်ကြွင်းရှိခဲ့သော် တစ်ပြိုင်နက် တောက်လောင်လတ္တံ့။ ဓာတ်တော်များ ကုန်ခန်းသော် မီးတောက်မီးလျှံ ပြတ်လတ္တံ့။ ဤသို့ ကြီးစွာသောတန်ခိုးအာနုဘော်ကို ပြတော်မူ၍ ဓာတ်တော် တို့သည် ကွယ်ပျောက်ကုန်၏။

ထိုအခါ စုဝေးရောက်ရှိနေသော နတ်ပြဟ္မာအပေါင်းသည် ဘုရား ရှင် ပရိနိဗ္ဗာန်ပြုသောနေ့ကဲ့သို့ နတ်၌ဖြစ်သော နံ့သာ၊ ပန်း၊ တူရိယာ စသည်တို့ဖြင့် ကောင်းစွာပူဇော်မှုကိုပြု၍ သုံးကြိမ် လက်ျာရစ် လှည့်လည် ရှိခိုး၍ "နောင်အခါ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားကို ဖူးမြင်ခွင့် ရရပါလိုကုန်၏ မြတ်စွာဘုရား" ဟု ပြောဆိုဆုတောင်းကြကာ မိမိ မိမိတို့၏ နေရာဌာနသို့သာ ပြန်ကြကုန်လိမ့်မည်။

**အထက်ပါ ကောက်နုတ်ချက်များအရ "နောက်ဘုရား တစ်ဆူ မပွင့်နိုင်လောက်အောင် တားမြစ်နိုင်သော ဓာတ် တော်များအရ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နောက် တေဇောဓာတ်လောင်ကျွမ်းရာတွင် ကြွင်းကျန်ရစ် သော ဘုရားရှင်၏ ခန္ဓာတော်မှဖြစ်သော သရီရဓာတ်တော် များကို ယူရမည်" ဟု ထင်မြင်ပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန် မစံခင်က သုံးစွဲတော်မူခဲ့သော တောင်ဝှေးစသော အသုံး အဆောင်ပစ္စည်းများနှင့် သက်ဆိုင်မည်မထင်ပါ။**

## ဒုတိယမေးခွန်း

လူတစ်ဦးတစ်ယောက် သေဆုံးပါက ထိုသူ၏ အသက်မဲ့ ရုပ်အလောင်းကို သုသာန်သို့ ပို့ဆောင်ရာတွင် ရွှေထီးဆောင်း၍ ပို့ဆောင်ရမည့်သူနှင့် ရွှေထီးမဆောင်းအပ်သောသူများအကြောင်း သိလိုပါသည်။ အကိုးအကားဖြင့် ခွဲခြားဖြေပေးပါခင်ဗျား။

*ထွဏ်းထွဏ်း (ရတနာပုံကားဂိတ်)*
*ဘုရားကြီးလမ်း၊ ကြံခင်းမြို့။*

ဗုဒ္ဓဘာသာဝင်ဆိုသူတို့၏ သာရေးနာရေး အခမ်းအနားအစီအရင်များသည် ဗုဒ္ဓအလိုတော်ကျ ဘုရားရှင်၏ညွှန်ကြားချက်အတိုင်း လိုက်နာ၍ ပြုလုပ်ကြသည်မဟုတ်။ အများစုမှာ ဗုဒ္ဓအလိုတော်နှင့်ပင် ဆန့်ကျင်လျက်ရှိ၏။

သေသူအား သုသာန်သို့ပို့ဆောင်ရာ၌ "မည်သို့သော ပုဂ္ဂိုလ်များအား ရွှေထီးဆောင်းစေ၍ ပို့ဆောင်သင်္ဂြိုဟ်ရမည်"ဟု ဘုရားဟော မရှိ။ ပုထုဇဉ်တို့သဘာဝ အရှုးထ၍ ပကာသနမက်ကာ မကြီးကျယ်သင့်သည့်နေရာ၌ ကြီးကျယ်ကြခြင်းသာ ဖြစ်၏။

ရွှေထီးဆိုသော်လည်း ရွှေနှင့်တူသည်မှာ အရောင်တစ်ခုသာ ရှိ၏။ ထိုကဲ့သို့သော အယောင်ဆောင် အခမ်းအနားတို့ကြောင့် ဘာသာခြားတို့၏ ပြက်ရယ်ပြုမှုကိုခံရကာ ဗုဒ္ဓဘာသာ သိက္ခာကျရ၏။

ရွှေထီးဆောင်းသဖြင့်လည်း ငရဲကျမည့်သူက နတ်ပြည်မရောက်နိုင်သလို ရွှေထီးမဆောင်းဘဲ ဖြစ်သလိုစွန့်ပစ်သဖြင့်လည်း သုဂတိရောက်မည့်သူက ငရဲကျလိမ့်မည်မဟုတ်။

အဆင်ပြေ လွယ်ကူသောနည်းလမ်းဖြင့်သာ ပို့ဆောင် သင်္ဂြိုဟ်သင့်ပါသည်။

**၂၀၀၉-ခုနှစ်၊ ဒီဇင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း။**

## မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား

မိစ္ဆာဝါဒီတို့ အကြောက်ဆုံးတရား၊ အကြောက်ဆုံးဒေသနာ(ဝါ) အကြောက်ဆုံးပိဋကတ်မှာ အဘိဓမ္မာပိဋကတ် ဖြစ်၏။ သူတို့ဝါဒ၊ သူတို့ ပြောဆိုရေးသားသမျှကို အဘိဓမ္မာနှင့် ညှိလိုက်သည့်အခါတိုင်း သူတို့၏ အမှားသည် ကွက်ကွက်ကွင်းကွင်း မငြင်းနိုင်အောင် ပေါ်လာလေ့ရှိ၏။ ထို့ကြောင့် အဘိဓမ္မာပိဋကတ်သည် မိစ္ဆာဝါဒီတို့အဖို့ အမုန်းဆုံး၊ အကြောက်ဆုံးတရား ဖြစ်၏။

ဤတွင် ထိုမိစ္ဆာဝါဒီတို့ အကြောက်ဆုံး၊ အမုန်းဆုံးဖြစ်သော အဘိဓမ္မာပိဋကတ်ကို ဘုရားဟောဟုလက်ခံကာ သင်ယူခြင်းကြောင့် ရရှိအပ်သော အကျိုးတရားများနှင့် အဘိဓမ္မာပိဋကတ်ကို ဘုရားမဟောဟု ပစ်ပယ်ခြင်းကြောင့် ရရှိနိုင်သောအပြစ်တို့ကို ပြဆိုပါမည်။

> **"အဘိဓမ္မာတတ်သူ-အဘိဓမ္မာဆောင်သူကို (တရားဟောဟော-မဟောဟော) ဓမ္မကထိက-အစစ်ဟု ခေါ်ပါသည်။ အဘိဓမ္မာမတတ်သူများကိုကား တရားပင်ဟောနေစေကာမူ ဓမ္မကထိကအစစ်ဟု မခေါ်ပါ"**
>
> **(အာဘိဓမ္မိကဘိက္ခုယေဝ ကိရ ဓမ္မကထိကာ နာမ၊ အဝသေသာ ဓမ္မကထံ ကထေန္တာပိ န ဓမ္မကထိကာ။ အဘိ၊ ဋ္ဌ၊ ၁၊ ၃၀)**

အကြောင်းကား အဘိဓမ္မာမတတ်သူများသည် တရားဟောရာ (စာရေးရာ) တွင် -

(၁) ကမ္မန္တရအာလောဠန-ကံတစ်ခုကို အခြားကံတစ်ခုဖြင့် ရောမွှေ၍၊

(၂) ဝိပါကန္တရ အာလောဠန-ဝိပါက်တစ်ပါးကို အခြားဝိပါက်တစ်ပါးဖြင့် ရောမွှေ၍၊

(၃) ရူပါရူပ ပရိစ္ဆေဒ အာလောဠန-ရုပ်နာမ်အပိုင်းအခြားကို ရောမွှေ၍၊

(၄) ဓမ္မန္တရ အာလောဠန-ရုပ်တရားကို နာမ်တရားဖြင့်၊ နာမ်တရားကို ရုပ်တရားဖြင့် ရောမွှေ၍လည်း ဟောပြောရေးသားတတ်၏။

အနည်းငယ် အကျယ်ချဲ့၍ ရှင်းပါဦးမည်။

(၁) အဘိဓမ္မာမတတ်သူများသည် ကာမာဝစရကံကိုလည်း ရူပါဝစရကံ စသည်ဖြင့်လည်းကောင်း၊ ကာမာဝစရကံအချင်းချင်းတွင်လည်း မည်းညစ်သောအကျိုးပေးသော အကုသိုလ်ကံကို ဖြူစင်သောအကျိုးပေးသော ကုသိုလ်ကံဟုလည်းကောင်း ရောထွေးပြောဆိုတတ်ကြ၏။

ဥပမာ-တရားအားထုတ်၍ ကာမာဝစရဝိပဿနာဉာဏ် အတော်အတန် ထက်သန်လာသောအခါ လောကုတ္တရာမဂ်ဉာဏ်ဟု သူတစ်ပါးအား ပြောဆိုခြင်းမျိုး၊ ဝိပဿနုပက္ကိလေသ-ဟုခေါ်သော နိကန္တိတဏှာ (အကုသိုလ်) ကိုလည်း မဂ်ကုသိုလ်ကံထင်မှားကာ သူတစ်ပါးအား မဂ်ဖိုလ်ရကြောင်း ပြောဆိုခြင်းမျိုး၊ မိမိချစ်သူ (မိဘ၊ သားသမီး) ၏ သေခါနီး၌ ဝေဒနာအပြင်းအထန် ခံစားနေရသဖြင့် ပင်ပန်းနေသည်ကို သနားလှသဖြင့် မြန်မြန်သေအောင်ပြုမှု (mercy killing) (အကုသိုလ်) ကို ကုသိုလ်ထူးဟု ထင်မှားပြောဆိုခြင်းများသည် ကံတစ်ခုကို အခြားကံတစ်ခုဖြင့် ရောမွှေခြင်း-ကမ္မန္တရအာလောဠန-မည်၏။

(၂) တရားအားထုတ်သောအခါ ဝိပဿနာဉာဏ်၏ ထက်သန်မှုကြောင့် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိနှင့် ပီတိသုခ-တို့ဖြစ်၍ လောကကြီးကို မေ့သကဲ့သို့ ပျော်မွေ့မှုဖြစ်ခြင်းကို ဖလသမာပတ်ဟု ထင်မှတ်ပြောဆိုခြင်း၊

တိရစ္ဆာန် ပြိတ္တာတို့ ဝတ်ပြတ်နေချိန် ဆာလောင်မွတ်သိပ်ချိန်တွင် မစင်-ခွေးသေကောင်ပုပ် စသည်ကိုရရာ၌ အကုသိုလ်ကံ၏ အကျိုးအာနိသင်ဖြစ်ပါလျက် ကုသိုလ်ကံ၏အကျိုးဟု ထင်မှတ်ပြောဆိုကြခြင်း၊

အကုသိုလ်ဖြင့် အသက်မွေးသူ၌ ကောင်းကျိုးရနေခြင်း၊ ကြီးပွားချမ်းသာနေခြင်းသည် ရှေးကုသိုလ်ကံ၏အကျိုး ဖြစ်ပါလျက် အကုသိုလ်ကံ၏အကျိုးဟု ထင်မှား၍ ပြောဆိုချီးမွမ်းခြင်း၊ ကောင်းသောအမှုဖြင့် အသက်မွေးနေပါလျက် ဆင်းရဲဒုက္ခရောက်နေသူကို ကုသိုလ်ကံက မကောင်းကျိုးပေးသည်ဟု ထင်မှားပြောဆိုခြင်း၊

ဖြဟ္မာ့ပြည်၌ လှပသောရူပါရုံကို မြင်ရ၊ ကောင်းသောသဒ္ဒါရုံကို ကြားရသောအခါ ကာမာဝစရကံ၏ အကျိုးဖြစ်ပါလျက် ရူပကံ၏အကျိုးဟု ထင်မှတ်ပြောဆိုကြခြင်းမျိုးသည် အကျိုးတစ်ပါးကို အကျိုးတစ်ပါးဖြင့် ရောမွှေခြင်း-ဝိပါကန္တရ အာလောဠန-မည်၏။

(၃) ရုပ်တရား နာမ်တရားသည် အဘိဓမ္မာကျွမ်းကျင်သူများအတွက် ကွဲပြားခြားနားပြီး ဖြစ်၏။ အိပ်ပျော်နေချိန် ဘဝင်စိတ်အစဉ်ဖြစ်နေခြင်းကို နာမ်တရားမဟုတ် ရုပ်တရားဟု အဘိဓမ္မာမကျွမ်းသူတို့က ထင်မှားပြောဆိုတတ်ကြခြင်း၊ အိပ်ချင်၍ မိဒ္ဓ-ဖြစ်ခြင်းကို ရုပ်တရားဟု ထင်မှားပြောဆိုတတ်ကြခြင်း၊ ဝေဒနာကို ရုပ်တရားဟု ထင်မှားပြောဆိုတတ်ကြခြင်းမျိုးသည် ရူပါရူပ ပရိဇ္ဇေဒ အာလောဠန-မည်၏။

(၄) နာမ်တရားအချင်းချင်းရောမွှေမှု၊ ဥပမာ-သူတစ်ပါးပျက်စီးရာပျက်စီးကြောင်း အသေးစိတ်ကြံစည်မှု၊ ဖျက်အားပြင်း လက်နက်ဆန်းများတီထွင်ရန်ကြံစည်မှု-စသော အကုသလဝိတက်ကို ဉာဏ်ဟုလည်းကောင်း၊ မကြည်ညိုသင့်သူကို ကြည်ညိုမိခြင်း မိစ္ဆာဓိမောက္ခ၊ သို့မဟုတ် မောဟကို သဒ္ဓါဟုလည်းကောင်း၊

သားချစ်မယားချစ် ချစ်ခြင်းဟူသော တဏှာ (လောဘ) ကို မေတ္တာဟုလည်းကောင်း၊ ချစ်သူဒုက္ခရောက်၍ ဝမ်းနည်းခြင်းသောကကို ကရုဏာဟု

လည်းကောင်း၊ မိမိချစ်သူ အောင်မြင်ကြီးပွား၍ ဝမ်းမြောက်မှု သောမနဿ နှင့်ယှဉ်သော လောဘကို မုဒိတာဟုလည်းကောင်း၊

**မိစ္ဆာဝါဒီများက သာသနာတော်ကို ဆန့်ကျင်ဘက်ပြုကာ စော်ကားနေသည်ကို တွေ့မြင်နေပါလျက် အမှားအမှန်မသိမှု မောဟ၊ သို့မဟုတ် တာဝန်မယူလို ရှောင်ရှားလိုခြင်းဟူသော ပျင်းရိမှု ကောသဇ္ဇ- ဖြစ်သည်ကို ဥပေက္ခာဟုလည်းကောင်း ထင်မှားပြောဆိုခြင်းများသည် ဓမ္မန္တရအာလောဠန-မည်၏။**

အဘိဓမ္မာတတ်သူတို့ကား ထိုသို့ ထင်ယောင်ထင်မှားဖြစ်ခြင်း၊ ရောထွေးခြင်းမျိုး မဖြစ်၊ မရှိ။ ကံသဘော၊ အကျိုးသဘောတို့ကိုလည်း ခွဲခွဲခြားခြား သိ၏။ ရုပ်နာမ်ဓမ္မတို့၏ သဘာဝအမှန်ကိုလည်း တိတိကျကျ သိ၏။

ထို့ကြောင့် အဘိဓမ္မာတတ်သူသည် တရားပင်မဟောစေကာမူ ပြဿနာတစ်ရပ်ကို အဖြေရှာရာတွင် မှန်မှန်ကန်ကန် တိတိကျကျ ဖြေရှင်း ပြနိုင်သောကြောင့် ဓမ္မကထိကအစစ်ဟူ၍ ဆိုခြင်းဖြစ်၏။

ဤသို့ ရုပ်နာမ်သဘာဝကို တိတိကျကျသိခြင်း၊ မည်သူက မည်မျှပင် လှည့်ပတ်၍ ပြောဆိုရေးသားစေကာမူ ဤကား မိစ္ဆာ၊ ဤကား သမ္မာဟု ရှင်းရှင်းလင်းလင်း သိခြင်းသည်ကား အဘိဓမ္မာကို သင်ယူရခြင်း၏ အကျိုး တည်း။

* * *

အဘိဓမ္မာကို ဘုရားဟောမဟုတ်ဟု ပစ်ပယ်ခြင်း၏ အပြစ်တို့ကို "ဗုဒ္ဓ၏ ဗုဒ္ဓဝါဒ"စာအုပ်တွင် စာရေးသူ ရေးဖူးပါသည်။ ယခု ထိုစာအုပ်မှပင် ထုတ်ပြပါမည်။

အဘိဓမ္မာကို ဘုရားဟောမဟုတ်ဟု ပစ်ပယ်ခြင်းသည် -

(၁) ဘုရားရှင်၏ ဓမ္မစက်ကို ရိုက်ချိုးဖျက်ဆီးရာ ရောက်၏။

(၂) ထိုသို့ ဖျက်ဆီးသောအားဖြင့် ဤမျှလေးနက်တိကျသော၊

ရှေ့နောက်ညီညွတ်သော၊ အကြောင်းအကျိုးခိုင်လုံသော တရားမျိုးကို ဘုရားရှင် မဟောနိုင်ရာဟု ဆိုရာရောက်ရကား သဗ္ဗညုတဉာဏ်တော်ကိုလည်း တားမြစ်ရာရောက်၏။

(၃) သဗ္ဗညုတဉာဏ်တော်ကို တားမြစ်ရာရောက်သဖြင့် 'အန္တရာယ၊ နိယျာနနှင့်၊ ဗုဒ္ဓ-အာသဝက်၊ ဤလေးချက်၌၊ ဟန့်ဖျက်မသမာ၊ ကန့်ကွက်လာသော်၊ လွန်စွာရဲတင်း၊ ဖြေရှင်းနိုင်သော ဝေသာရဇ္ဇဉာဏ်တော်ကို ဆုတ်နစ်စေရာလည်း ရောက်၏။

(၄) အဘိဓမ္မာကို နာယူလို၊ သင်ယူလိုသူတို့ကို မနာယူချင်၊ မသင်ယူချင်အောင် ပိတ်ပင်ရာလည်း ရောက်၏။

(၅) (ထိုသို့ မနာယူရသဖြင့် ရုပ်နာမ်တရားတို့ကို ပိုင်းခြား၍ မသိနိုင်ရကား) အရိယာမဂ်ကို ပိတ်ပင်ဆီးတားရာလည်း ရောက်၏။

(၆) (သံဃာကွဲပြားခြင်း၏အကြောင်း ၁၈-မျိုးတွင် ဘုရားဟောကို ဘုရားဟောမဟုတ်-ဟု ပြောဆိုခြင်းလည်း ပါသဖြင့်) သံဃာကွဲပြားဖို့ရာ အကြောင်းတစ်ပါးကို ကျူးလွန်ရာလည်း ရောက်၏။

(၇) ဗုဒ္ဓဘာသိတ အဘိဓမ္မာကို ဗုဒ္ဓဘာသိတ (ဘုရားဟော) မဟုတ်ဟု ငြင်းခုံခြင်းသည် ဝိဝါဒ-မည်၏။ အဘိဓမ္မာ၏ အပြစ်ကိုပြောခြင်းသည် ဓမ္မအဝဏ္ဏဘာသန-မည်၏။ ထိုသို့သော (ရဟန်း) ပုဂ္ဂိုလ်ကို ဥက္ခေပနိယ (နှင်ထုတ်) ကံလည်း ပြုထိုက်၏။ တဇ္ဇနီယ (ခြိမ်းခြောက်) ကံလည်း ပြုထိုက်၏။ (လူဖြစ်လျှင် ပတ္တနိကုဇ္ဇန-သပိတ်မှောက်ကံ ပြုထိုက်၏။)

*(အဘိ၊ ဌ၊ ၁၊ ၃၀)*

အထက်ပါ အကျိုးအပြစ်များသည် ပထမဆုံးသော အဘိဓမ္မာ အဋ္ဌကထာကြီးမှ ဖော်ပြချက်များ ဖြစ်၏။

ဥပါလိတ္ထေရအပဒါန်မှ အရှင်ဥပါလိမထေရ်၏ မိန့်ဆိုချက်တို့ကိုလည်း ဖော်ပြချင်ပါသေးသည်။

"သာသနာတော်သည် အချို့သောသူတို့အား ပျို့အန်ဆေးဖြစ်၍ အချို့သောသူတို့အား ဝမ်းလျှောဆေး ဖြစ်၏။ အချို့သောသူတို့အား

လတ်တလောသေစေတတ်သော အဆိပ်ဖြစ်၍ အချို့သောသူတို့အား နတ်ဆေးဖြစ်၏။

"သာသနာတော်သည် မဂ္ဂဌာန်လေးယောက်တို့အား ကိလေသာကို အန်ဆေးဖြစ်၍ ဖလဌာန်လေးယောက်တို့အား ဝမ်းလျှောဆေး ဖြစ်၏။ အကျိုးကို လိုလားကုန်သော၊ ကောင်းမှုကို ရှာမှီးကုန်သောသူတို့အား နိဗ္ဗာန်ဆေးသဖွယ် ဖြစ်၏။

"သာသနာတော်နှင့် ဆန့်ကျင်သောသူတို့အား လတ်တလောသေစေတတ်သော အဆိပ်ကဲ့သို့ (ဖြစ်၏ဟူ၍) ဟောကြားတော်မူ၏။ မျက်စောင်းရိပ်ကာမျှဖြင့် လျင်စွာသေစေတတ်သော အဆိပ်ရှိသော မြွေဆိုးသည် ထိုလူကို လောင်စေသကဲ့သို့ ထို့အတူ သာသနာတော်နှင့် ဆန့်ကျင်သောသူကို လောင်စေ၏။

"တစ်ကြိမ်သောက်အပ်သော အဆိပ်သည် အသက်ကို တစ်ကြိမ်သာ ဖြတ်တတ်၏။ ထိုသူသည် သာသနာတော်နှင့် ဆန့်ကျင်ဘက်ပြုသောကြောင့် ကမ္ဘာကုဋေပတ်လုံးလည်း လောင်မြိုက်ရ၏။

"ထိုမြတ်စွာဘုရားသည် သည်းခံခြင်းဖြင့်လည်းကောင်း၊ မညှဉ်းဆဲခြင်းဖြင့်လည်းကောင်း၊ မေတ္တာစိတ်ရှိခြင်းဖြင့်လည်းကောင်း၊ နတ်နှင့်တကွသော လောကကို ကယ်တင်တော်မူ၏။ ထို့ကြောင့် ထိုဘုရားရှင်တို့ကို ဆန့်ကျင်ဘက် မပြုအပ်ကုန်။

"လာဘ်ရမှု-မရမှု၌ မကပ်ငြိကုန်၊ မြတ်နိုးမှု-မမြတ်နိုးမှု၌ မကပ်ငြိကုန်၊ ဘုရားရှင်တို့သည် မြေကြီးအထုနှင့် တူကုန်၏။ ထို့ကြောင့် ထိုဘုရားရှင်တို့ကို ဆန့်ကျင်ဘက် မပြုအပ်ကုန်။

"မြတ်စွာဘုရားသည် သတ်ပုတ်ညှဉ်းဆဲတတ်သော ဒေဝဒတ်၌လည်းကောင်း၊ အင်္ဂုလိမာလ ခိုးသူ၌လည်းကောင်း၊ ရာဟုလာသားတော်၌လည်းကောင်း၊ နာဠာဂိရိဆင်၌လည်းကောင်း ခပ်သိမ်းသောသတ္တဝါတို့အား တူမျှသောစိတ်ထား ရှိတော်မူ၏။

"ထိုဆန့်ကျင်သောသူတို့အား အမျက်ထားခြင်း မရှိ။ ဤမဆန့်ကျင်သောသူတို့အား တပ်နှစ်သက်မှု မရှိ။ သတ်ဖြတ်ညှဉ်းဆဲတတ်သော သူအားလည်းကောင်း၊ ရင်သွေးသားမြတ်အားလည်းကောင်း ဤသတ္တဝါအလုံးစုံတို့အား မြတ်စွာဘုရားသည် တူမျှသောစိတ်ထား ရှိတော်မူ၏။"

*(ဂါထာ-၅၇၉-မှ ၅၈၆)*

ဗုဒ္ဓဘုရားရှင်နှင့် သာသနာတော်အား စော်ကားပြစ်မှားကြသူအပေါင်းအား ဘုရားရှင်ထုံး နှလုံးမူ၍ အမျက်မထားဒေါသမပွားဘဲ အမှန်တရားဘက် ဘုရားရှင်ဘက်မှ ရပ်တည်ကာ သာသနာတော်ကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေ။

၂၀၁၀-ခုနှစ်၊ ဇူလိုင်၊ ဓမ္မရတနာမဂ္ဂဇင်း



## မိမိကိုယ်ကို တူးဖြိုမိသူများ

စာရေးသူသည် ဇာတိရွာဘက်မှ ကျောင်းထိုင်ဆရာတော်တစ်ပါး ကြွလာသည်ဟု သတင်းကြားသဖြင့် တွေ့ဆုံရန် အုတ်ကျင်းဘူတာအနီးရှိ စိန်ပန်းကျောင်းသို့ သွားရောက်ခဲ့သည်။ မြို့ထဲကြွသွားသည်ဆိုသဖြင့် စောင့်ဆိုင်းရင်း အနီးမှာတွေ့သည့် ၂၀၀၈-ခုနှစ်၊ ဇန်နဝါရီလထုတ် ဘာသာရေး မဂ္ဂဇင်းအဟောင်းကလေးတစ်အုပ်ကို ဖတ်ရှုကြည့်မိ၏။

မဂ္ဂဇင်းတွင် ကောင်းမွန်မှန်ကန်သည့် အရေးအသား အတွေး အခေါ်များလည်း ပါဝင်ပါသည်။ စိတ်ပျက်စရာအတွေးအခေါ်များ၊ ပိဋကတ်တော်၌မပါသည့် ပုံဝတ္ထုများကိုလည်း ဖတ်ရှုရပါသည်။

ယခုထုတ်ဝေနေကြသော ဘာသာရေးမဂ္ဂဇင်း သုံးလေးအုပ်ပေါင်းမှ ဂမ္ဘီရအမည်ခံ မဂ္ဂဇင်းစာအုပ်တစ်အုပ်စာမျှသာ ရှိပါသည်။ ဤသို့လျှင် ဘာသာရေးမဂ္ဂဇင်းဘက်က အားနည်းရသည့်ကြားထဲ ဘာသာရေးအမည်ခံ မဂ္ဂဇင်းမှာပင် ထေရဝါဒပိဋကတ်တော်နှင့် မညီညွတ်သည်ကို တွေ့ရပြန် သောအခါ မိမိတို့၏ တာဝန်ပေါ့လျော့မှုကြောင့် ဤသို့ဖြစ်ရသည်ဟုသာ ဖြေသိမ့်ရတော့သည်။

ထိုမဂ္ဂဇင်းမှ ပိဋကတ်တော်နှင့်မညီညွတ်သည်တို့ကို ထုတ်ပြပါမည်။

* * *

စာမျက်နှာ-၂၂ တွင် ဖော်ပြထားသည့် "နတ်သားတွေ ပန်းပန်လေ ရော့သလား" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားသည့်ဆောင်းပါး၌ -

ထိုအချိန်တွင် ကျွန်ုပ်တို့၏ ဓမ္မသာကစ္ဆာစကားဝိုင်း အဖွဲ့ဝင်များ ကျွန်ုပ်၏အိမ်သို့ အလျှိုအလျှိုရောက်လာကြ၏။ သူတို့သည် ပိတောက်ပင်မှ ပန်းခက်များကို ခူးယူကာ ရန်ကို ရှူရှိုက်နေကြသည်။ အချို့က မိမိတို့ဝတ်ဆင်လာသော အင်္ကျီအိတ်ကပ်အတွင်းတွင် ပိတောက်ပန်းခက်ကလေးများကို အမြတ်တနိုးထည့်ထားလိုက်ကြ၏။

"ဟေ့လူတွေ၊ ကျုပ်က စေတနာနဲ့ပြောမယ်နော်။ ခင်ဗျားတို့ အိတ်ကပ်ထဲက ပိတောက်ခက်ကလေးတွေ မညှိုးမီ စွန့်ဖြစ်အောင် စွန့်ပစ်လိုက်ကြ။ မစွန့်မိလို့ကတော့ ပန်းတွေညှိုးသွားရင် ခင်ဗျားတို့လဲ စုတိစိတ်ကျသွားနိုင်တယ်။ လူကိုရယ်လို့တော့ အတိအကျ မပြောနိုင်ဘူးပေါ့ဗျာ။ နတ်တွေကဖြင့် သူတို့ပန်ထားတဲ့ပန်းတွေ ညှိုးသွားပြီဆိုရင် စုတိစိတ်ကျတော့တာတဲ့ဗျ"

ဦးလှမောင်က နောက်သလို ပြောင်သလို အတည်လိုလိုနှင့် ကောက်ကာငင်ကာ ပြောတော့၏။ အားလုံးက သူ့ကို ငေးကြည့်နေကြသည်။ မည်သူကမှ စကားတစ်ခွန်းမဟကြ။

"ဦးလှမောင်ရယ်၊ ပန်ထားတဲ့ပန်းညှိုးတာနဲ့ စုတိရတယ်လို့ဗျာ၊ မဟုတ်ကဟုတ်က။ နတ်တွေစုတိခါနီးမှာ နတ်ပန်းညှိုးတယ်ဆိုတာက ပန်ထားတဲ့ပန်း မဟုတ်ဘူးဗျ။ ဘယ့်နှယ်ဗျာ။ နတ်သားတွေက ပန်းပန်မှာတဲ့လဲ။ လူတွေမှာတောင် ပန်းပန်တဲ့ယောကျ်ားဆိုတာက ခပ်ရှားရှားရယ်ပါ။ နတ်သမီးတွေကတော့ ပန်းပန်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်" ကျွန်ုပ်က ပြောရ၏။

"ဦးသူရကြီး၊ ခင်ဗျား တောက်တီးတောက်တဲ့စကားတွေ မပြောနဲ့ဗျ။ ကျုပ်က ကျမ်းဂန်အရှိအတိုင်းပြောနေတာ။ ကျုပ်က ကျမ်းဂန်ကိုလွှတ်ပြီး ဘယ်တော့မှမပြောဘူး။ နတ်တွေ စုတိတော့မယ်ဆိုရင် နိမိတ်ငါးပါး တစ်ခုခုပြသတတ်။ အဲဒီနိမိတ်တွေက -

၁။ နတ်ဝတ်တန်ဆာ ဒွါဒရာတွေ ညှိုးနွမ်းခြင်း၊

၂။ နတ်ပန်းညှိုးခြင်း၊

၃။ လက်ကတီးကြားက ချွေးယိုခြင်း၊

၄။ ကိုယ်ရောင်ကိုယ်ဝါ မှေးမှိန်ပျက်ယွင်းခြင်း၊

၅။ လက်ရှိဘုံဘဝတွင် မပျော်ပိုက်တော့ခြင်း-တဲ့ဗျ"ဟု ဦးလှမောင်က ပြောသည်။

"ကျုပ်က တောက်တီးတောက်တဲ့ ပြောတာမဟုတ်ရပါဘူး ဦးလှမောင်ရယ်။ ကျုပ်လဲ တစ်ချိန်က နတ်တွေ စုတိစိတ်ကျတော့မယ်ဆိုရင် နတ်ပန်းညှိုးတယ်ဆိုတာကို ပန်ထားတဲ့ပန်းတွေ ညှိုးတာလို့ပဲ နားလည်ခဲ့တာပါပဲ။ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရကို ဖူးတွေ့ရတော့မှပဲ ဆရာတော်ကြီးပြောတဲ့ စကားတစ်ခွန်းကြောင့် နတ်တွေ စုတိခါနီး နတ်ပန်းညှိုးတယ်ဆိုတာ ပန်ထားတဲ့ပန်း မဟုတ်ဘူး။ ပန်ထားတဲ့ပန်းညှိုးလို့ကတော့ ပန်းအသစ်လဲပြီး ပန်တော့မှာပေါ့ (ပ)။

"တစ်ရက်မှာတော့ ကျုပ်မိသားစုက ဆရာတော်ကြီးကို ဆွမ်းကပ်ဖို့အသွားမှာ ကျောင်းရောက်တော့ ဆရာတော်ကြီးက ရန်ကုန်က ဒကာနှစ်ယောက်နဲ့ စကားပြောနေတယ်။ ဒကာတွေက ဘာလျှောက်တယ်တော့ မသိဘူး။ ဆရာတော်ကြီးက နတ်ဆေးဂမုန်းပင်ကို ညွှန်ပြပြီး. . .

'ဒီဆေးက ယောကျာ်းတွေအားအတွက်ကဖြင့် တန်ဖိုးရှိတဲ့ဆေးပင်ပဲ။ လူတွေမှာ ပန်းညှိုးရင် လူညှိုးတယ်။ ပန်းသေရင် လူသေတယ်။ အဲဒါ မြဲမြဲမှတ်ထား' လို့ ပြောတယ်။

"ဆရာတော်ကြီးရဲ့ အဲဒီစကားကို ကြားရတော့ ကျုပ်အတွေးတစ်ခု ပေါက်လာတယ်။ ကျုပ်တွေးမိတာက. . .

'နတ်ဆိုတာ ကာမသတ္တဝါသက်သက်ပဲ။ နတ်ကာမဂုဏ်ဆိုတာ လူကာမဂုဏ်ထက် အဆများစွာသာတယ်။ ဒီကာမဂုဏ်ကိစ္စတွေကို မခံစားနိုင်တော့တဲ့အချိန်မှာ ဒီနတ်ဆိုတဲ့သတ္တဝါဟာ သူ့ရဲ့

လက်ရှိဘဝကို ဘယ်မှာပျော်ပိုက်နိုင်ပါတော့မလဲ။ နတ်ဝတ်တန်ဆာ ဒွါဒရာတွေကို လဲချင်ဖယ်ချင်စိတ်လဲ ရှိတော့ဟန်မတူပါဘူး။ အသွေးအသားတွေ ဆုတ်ယုတ်ညှိုးလျော်ပြီး ချွေးစေးတွေပြန်နေပါလိမ့်မယ်' လို့ပေါ့ဗျာ"

နတ်တို့ စုတေခါနီး နိမိတ်ငါးပါးထင်ပုံကို ဣတိဝုတ်ပါဠိတော် ပဉ္စပုဗ္ဗနိမိတ္တသုတ်-တွင် ဖော်ပြထားပါသည်။

ဖော်ပြပါဆောင်းပါးကို ဝေဖန်သုံးသပ်ကြည့်နိုင်ကြရန်အတွက် ထိုပါဠိတော်မြန်မာပြန်ကို အနည်းငယ် ထုတ်ပြပါမည်။

ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏။ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

"ရဟန်းတို့၊ နတ်တို့သည် နတ်ပြည်မှ စုတေချိန်နီးသောအခါ ထိုနတ်သားအား 'ပန်ဆင်သောပန်းတို့ ညှိုးနွမ်းကုန်၏၊ အဝတ်တန်ဆာတို့ ညစ်နွမ်းကုန်၏၊ လက်ကတီး (ချိုင်း) ကြားတို့မှ ချွေးထွက်ကုန်၏။ ကိုယ်၌ အရေအဆင်းမလှခြင်းသို့ ရောက်ရ၏။ နတ်သားသည် မိမိနေရာ နတ်ဗိမာန်၌ မမွေ့လျော်' ဟူသော ဤပုဗ္ဗနိမိတ်ငါးမျိုးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။

မဟာဗုဒ္ဓဝင် (ဒုတိယတွဲ) အနုဒီပနီ (ဣ) တွင်

"(၁) နတ်ပန်းတို့ညှိုးနွမ်းခြင်း-ဟူသည်ကား. . . ထိုနတ်ဘဝ ပဋိသန္ဓေယူသောနေ့ (နတ်ဖြစ်သောနေ့) ၌ အဆင်တန်ဆာဖြစ်လာခဲ့ကုန်သော နတ်ပန်းတို့ညှိုးနွမ်းလာရခြင်းကို ဆိုလိုသည်။

"ထိုနတ်ပန်းတို့သည် နတ်ဘဝကို ရသည်နှင့်တစ်ပြိုင်နက် ထိုနတ်တို့၏ကိုယ်၌ အသင့်ဖြစ်ပေါ်ပါရှိလာကြပြီးလျှင် နတ်သက်တမ်းတစ်လျှောက်လုံး နတ်တစ်ဘဝလုံးတွင် မည်သည့်အခါမှာမှ မညှိုးနွမ်းခဲ့ဘဲ အမြဲအစဉ်ပင် လန်းဆန်းလတ်ဆတ်ခဲ့၍ ထိုနတ်ဘဝက စုတေခါနီးကာလ လူတို့၏ အရေ

အတွက်အားဖြင့် ခုနစ်ရက်မျှသာ အသက်ကြွင်းကျန်တော့သည့်အခါမှာ ညှိုးနွမ်းလာကုန်သည်။

"(လူ့ပြည်၌ ဘုန်းတန်ခိုးကြီးမားသောသူများ စုတေခါနီး ဥက္ကာကျခြင်း၊ မြေလှုပ်ခြင်းစသောနိမိတ်တို့ ဖြစ်ပေါ်လာကုန်သကဲ့သို့ နတ်ပြည်၌လည်း တန်ခိုးကြီးမားသော နတ်သားနတ်သမီးများမှာသာ ထိုပုဗ္ဗနိမိတ်များဖြစ်သည်။ နတ်တိုင်းမဖြစ်။ ထိုပုဗ္ဗနိမိတ်များ၏ အကျိုးအပြစ်များကိုလည်း ပညာရှိသောနတ်များသာ သိသည်။ ပညာမရှိသောနတ်တို့ မသိကုန်။)"

နတ်များ စုတေခါနီးတွင် ပန်ဆင်ထားသောပန်းများ ညှိုးနွမ်းခြင်းသာ အမှန်ဖြစ်ကြောင်း ထင်ရှားပါပြီ။

* * *

စာမျက်နှာ-၃၃ တွင် ဖော်ပြထားသည့် "ပဠာန်း ၂၄-ပစ္စည်းသဘောသဘာဝများ"ဟူသော ဆောင်းပါး၌လည်း အောက်ပါအတိုင်းတွေ့ရပြန်၏။

> တရားအလုံးစုံကို ထိုးထွင်း၍ အကုန်အစင် သိမြင်တော်မူနိုင်သော မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို တိုင်းတာတွက်ချက်၍ မရနိုင်ပါ။ သို့သော် သဒ္ဓါကြည်ညိုလိုစိတ်ဖြင့် သိချင်ကြမည်သာ ဖြစ်သည်။
>
> ဘုရားမှအပ ပညာအရာတွင် ဧတဒဂ်ဘွဲ့ရ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပင်လျှင် "ဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်တော်သည် ရုပ်ပိုင်းဆိုင်ရာတို့ကိုသာ မြင်နိုင်ပြီး နာမ်ပိုင်းဆိုင်ရာတို့ကို မထိမသိနိုင်လောက်ပေ" ဟု စိတ်တွင် ကြံတွေးဆမိ၏။
>
> ထိုအကြံကို သိမြင်တော်မူသော မြတ်စွာဘုရားသည် ချက်ချင်းပင် အရှင်သာရိပုတ္တရာကို အပါးမှ ထက်ကြပ်မကွာ လိုက်ပါစေလျက် နတ်ပြည်၊ ရူပဗြဟ္မာဘုံစသည်တို့ကို ဖြတ်ကျော်ကာ အရူပဗြဟ္မာဘုံသို့ ဝင်ရောက်ကြသည်။

ဘုရားရှင် ရှေ့မှသွားနှင့်သဖြင့် ရှင်သာရိပုတ္တရာလည်း နောက်မှလိုက်ပါလာရာ နတ်ပြည်၊ ရူပဗြဟ္မာဘုံတို့တွင် ပြဿနာတစ်စုံတစ်ရာ မတွေ့ခဲ့ရ။ အရူပဗြဟ္မာဘုံ အဝင်ဝမှာပင် ခြေလှမ်းလိုက်တိုင်း "ဟာ. . . ကိုယ်တော် ဘယ်လိုလုပ်တာလဲ။ တက်နင်းမိပြီဘုရား။ အရှင်ဘုရား၊ တပည့်တော်ကို ဝင်တိုက်မိပြီ၊ ဝင်တိုက်မိပြီ" စသည့် ရုပ်မမြင်ရ၊ အသံများကိုသာ ကြားကြားနေရသဖြင့် ရှေ့ဆက်လှမ်းမရ အခက်တွေ့နေရရှာသည်။

ထိုစဉ် မြတ်စွာဘုရားက အနားသို့ ပြန်ရောက်လာရာ "ချစ်သား၊ ငါ၏ခြေချရာအတိုင်း လိုက်ခဲ့လော့" ဟု မြွက်သဖြင့် ခြေဖဝါးတော်ချရာအတိုင်း လိုက်တော့မှ ဘာအသံမျှ မကြားရတော့ပေ။

ဤအခါမှပင် အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးသည် ရုပ်မတွေ့ရဘဲ အသံသာကြားကြားနေရသော ရုပ်မရှိသည့် ဗြဟ္မာကြီးများ (အရူပဗြဟ္မာဘုံ) အမှန်တကယ်ရှိကြောင်း၊ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်သည် တွေးမိကြံမိသည်ကိုပင် သိမြင်နိုင်ကြောင်း၊ ရုပ်တရားများကိုသာမက နာမ်တရားများကိုပါ ကောင်းစွာပိုင်ပိုင် ထိသိတွေ့မြင်နိုင်ကြောင်း အံ့သြချီးကျူးဝန်ခံခဲ့ရသည်။ (စာ-၃၄)

အထက်ပါပုံဝတ္ထုသည် မည်သို့မျှ မဖြစ်နိုင်ပါ။ ရုပ်မရှိဗြဟ္မာကြီးများဟု ဆိုထားပြီး "တက်နင်းမိပြီဘုရား" ဟု မည်သည့်ပါးစပ်က အသံထွက်ပါသနည်း။ အသံဆိုသည်မှာလည်း သဒ္ဒရုပ်ပင်။

"သဗ္ဗညုတဉာဏ်တော်သည် တွေးမိကြံမိသည်ကိုပင် သိမြင်နိုင်ကြောင်း" ဟူသော ချီးကျူးစကားသည်လည်း ချီးကျူးရာမရောက်ပါ။ သာမန်ပရစိတ္တဝိဇာနနအဘိညာဉ်ရလျှင်ပင် သိမြင်နိုင်ပါသည်။

* * *

စာမျက်နှာ-၅၀ တွင် ဖော်ပြထားသည့် "ဘုရားနှင့် မတွေ့ချင်တဲ့ မိန်းမ ဘုရားချွတ်လို့ မကျွတ်လိုတဲ့မိန်းမ" ဟူသော ဆောင်းပါး၌လည်း ပိဋကတ်မှာမပါသော ဇာတ်ဝတ္ထုတစ်ပုဒ် တွေ့ရပြန်ပါသည်။

ဇာတ်လမ်းကို အကျဉ်းချုပ်ရေးပြပါမည်။

အခါတစ်ပါး ဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်နှင့် အတူ ဆွမ်းခံကြွခဲ့သည်။ တစ်နေရာအရောက် မြေကြီးကိုစိုက်ကြည့်ပြီး ဆက်ကြွတော်မူ၏။

အရှင်မောဂ္ဂလာန်က တန်ခိုးတော်ဖြင့် ထိုနေရာကို ကြည့်ပါသည်။ ဘုရားရှင်နုစဉ် အလောင်းတော်ဘဝက မယားတော်စပ်ခဲ့ဖူးသော 'မိဗာလ'ကို ငရဲ၌ တွေ့ရ၏။ ဘုရားက "မချွတ်ထိုက်သည့်အတွက် တရားဟောပြီး မဆုံးမလို" ဟု မိန့်သောအခါ အရှင်မောဂ္ဂလာန်၏ ရင်ထဲတွင် တနုံ့နုံ့ဖြစ်နေသည်။ "တစ်နေ့နေ့တော့ ဒီမိန်းမကို ငါကယ်မယ်" ဟု စိတ်ဆုံးဖြတ်ခဲ့သည်။

တစ်နေ့၌ အရှင်မောဂ္ဂလာန်သည် ဘုရားရှင်ထံ ခွင့်ပန်ပြီး တန်ခိုးတော်ဖြင့် အဝီစိငရဲကို ဆင်းသွားသည်။ ထိုမိန်းမကို ဘုရားရှင်ဆီ ခေါ်သွားချင်သည့်အကြောင်း ယမမင်းကြီးကို ပြောသည်။ ခွင့်ပြုချက်ရပါသည်။

အရှင်မောဂ္ဂလာန်သည် ထိုမိန်းမကို ဆီပူအိုးကြီးထဲကနေ ဆံပင်ကိုဆွဲကာ ဆယ်ထုတ်ပြီး အကျိုးအကြောင်းပြောပြသည်။ "သင်တို့ ဘုရားကို မတွေ့လိုပြီ" ဆိုပြီး ထိုမိန်းမသည် ဆီပူအိုးထဲ ပြန်လည်ခုန်ချသွားလေသည်။

အရှင်မောဂ္ဂလာန်လည်း ကျောင်းတော်ပြန်လာကာ အကျိုးအကြောင်းလျှောက်ထားသည်။ ဘုရားရှင်က အတိတ်ဇာတ်ကြောင်း ပြန်လည်ဟောပြတော်မူ၏။

အတိတ်က ဗာရာဏသီပြည်မှာ ဘုရားလောင်းသည် လယ်သမားဖြစ်သည်။ အချိန်တန်သော် လူ့သလောက် လောဘ၊ ဒေါသ၊ မောဟကြီးသော အမျိုးသမီးနှင့် အိမ်ထောင်ကျလေ၏။

မိုးရာသီကာလ လယ်ထွန်ရသောအခါ မိန်းမက ဖားကောက်ခဲ့ရန် မှာကြားသဖြင့် ဖားကောက်သွားရ၏။ အိမ်ရောက်သောအခါ မိန်းမက ဖားများကိုသတ်ဖြတ်ကာ ကိုယ်တိုင် ချက်ပြုတ်ပေးရမည် ဟု ဆိုပြန်သဖြင့် မီးမွှေးပြီး ရေနွေးအိုးတည်ကာ သစ္စာဆိုပြီး ဖားများကို ပွက်ပွက်ဆူသော ရေနွေးအိုးထဲသို့ ထည့်လိုက်၏။ သစ္စာတန်ခိုးကြောင့် ဖားများသည် စမ်းရေပမာ အေးမြနေသော ရေနွေးအိုးထဲတွင် ကူးခပ်နေကြ၏။

ထိုအဖြစ်အပျက်ကို ဘုရားလောင်း၏ မိန်းမက တွေ့မြင်ကြားသိရသောအခါ "ဩော်. . . ရှင့်အကြံ ကျုပ်သေသေချာချာ အခုမှသိတော့တယ်။ မလှတဲ့စကား မတရားပြောတတ်တဲ့ လူပေပဲ။ ပါးစပ်က ဘုရားဘုရား. . . လက်က ကားရားကားရားနဲ့။

"ဘုရားစင်စစ်၊ ရှင်သာဖြစ်က၊ စနစ်ဆုံ၍၊ ငါမတွေ့လို၊ မမေ့တိမ်းညွတ်၊ အပါယ်လွတ်အောင်၊ ရှင်ချွတ်လာလည်း ငါမကျွတ်လို" ဟု ဥဒါန်းစကား ဆိုလိုက်ပါသည်။

ထို့နောက် ကမ္ဘာများစွာကြာသောအခါ ဘုရားလောင်းက ဂေါတမဘုရားရှင် ဖြစ်လာသည်။ မိဗ္ဗာလကတော့ အဝီစိငရဲမှာ ခံနေရဆဲ ဖြစ်ပါသည်။ နောင်အရိမေတ္တေယျဘုရား ပွင့်တော်မူပြီး ပရိနိဗ္ဗာန်ပြုသွားစေဦး မိဗ္ဗာလမှာ အဝီစိငရဲက ကျွတ်ဦးမည် မဟုတ်ပါ။

"ဒါတွေကလဲ အဲဒီဘဝတုန်းက ရင့်ရင့်သီးသီး နှုတ်ဥဒါန်းကြီးခဲ့မိလို့ပါပဲ။ ဒါကြောင့် ကျုပ်တို့ ခင်ဗျားတို့တစ်တွေဟာ နှုတ်ဥဒါန်းမကြီးမိစေဖို့ ဂရုပြုသင့်ပါတယ်" ဟု ရေးသားဖော်ပြကာ ဆောင်းပါးကို အဆုံးသတ်ထားပါသည်။

ဘယ်ကျမ်းကလာသည့် ပုံဝတ္ထုမှန်းလည်း မသိရ။ ကျမ်းကိုးလည်း မပါ။ ဝတ္ထုသဘောသွားသည် အဓိပ္ပာယ်လည်း မရှိ။

ပိဋကတ်တော်၌မပါသော ထိုသို့သောဝတ္ထုများသည် ဘယ်ကလာမှန်း မသိ။ ပိဋကတ်၌ လာရှိသည်များထက်ပင် လူသိများလှ၏။ ဥပမာ-

ဝိသာခါသည် ကာမဂုဏ်ကိစ္စ မည်သည့်အခါကမျှ အားမရခဲ့ကြောင်း၊ နွားမ ဖြစ်သောတစ်ဘဝသာ အားရခဲ့ကြောင်း ဘုရားရှင်အား လျှောက်ထား သည်ဆိုသောကိစ္စ၊

"ဝိသာခါ ငါဘုရားကို ဘယ်အချိန်မေ့သလဲ"ဟု ဘုရားရှင်မေးရာ ကာမဂုဏ်မှီဝဲချိန် မေ့လျော့ကြောင်းလျှောက်သဖြင့် ထိုအချိန်၌ပင် ငါဘုရား ကို သတိရသင့်ကြောင်း ဘုရားရှင်မိန့်တော်မူသည်-ဟူသော ကိစ္စ၊

အရှင်သာရိပုတ္တရာမထေရ် မျောက်ဖြစ်ဖူးသောကြောင့် ဝါသနာကို မစွန့်နိုင်ဘဲ မြောင်းတွေ့တိုင်း ခုန်ကူးသည်ဟူသောကိစ္စ၊

အရှင်မောဂ္ဂလာန် ငရဲပြည်သွားရာ ငရဲမီးအလိုက်ခံရသည်ဟူ သောကိစ္စ စသည်ဖြင့် များပြားလှ၏။

ထိုသို့ ဖြစ်နိုင်ခြေမရှိသည့် ဇာတ်ဝတ္ထုများ တွေ့လာခဲ့သော် အယ်ဒီတာများ ကောင်းစွာစိစစ်သင့်၏။ ပိဋကတ်တော်၌ မပါဘဲလျက် ဝါ- မြတ်စွာဘုရား မဟောအပ် မပြောအပ်ပါဘဲလျက် မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ဟု ပြဆိုမိသော် မြတ်စွာဘုရားရှင်ကို မဟုတ်မမှန် လုပ်ကြံ စွပ်စွဲရာရောက်ပါသည်။ မိမိကိုယ်ကိုလည်း တူးဖြိုဖျက်ဆီးရာရောက်ပါသည်။ အောက်ပါဒေသနာကို သတိပြုပါ။

**"ရဟန်းတို့၊ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် ပြောဆိုစွပ်စွဲတတ်ကုန်၏။**

**"အဘယ် နှစ်မျိုးတို့နည်းဟူမူ-မြတ်စွာဘုရား မဟော အပ် မပြောအပ်သည်ကို 'မြတ်စွာဘုရား ဟောအပ် ပြောအပ် သည်' ဟု ပြသောသူလည်းကောင်း၊ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို 'မြတ်စွာဘုရား မဟောအပ် မပြောအပ်' ဟု ပြသောသူလည်းကောင်းတို့တည်း။**

"ရဟန်းတို့၊ ဤသူနှစ်မျိုးတို့သည် မြတ်စွာဘုရားကို မဟုတ်မမှန် ပြောဆိုစွပ်စွဲတတ်ကုန်၏ဟု (မိန့်တော်မူ၏)။"

*(အင်္ဂုတ္တိုရ်၊ ဒုကနိပါတ်၊ ဗာလဝဂ်)*

*(ဤဆောင်းပါးဖြင့် ထိုမဂ္ဂဇင်း၌ပါသော စာများ၊ ထိုစာရေးဆရာတို့ ရေးသော စာများသည် လစဥ် အမှားချည်းသာ-ဟု မဆိုလိုပါ။ ပိုမိုဂရုပြုကာ ရေးသားထုတ်ဝေကြစေလိုရင်းသာ ဖြစ်ပါသည်။)*

၂၀၁၀-ခုနှစ်၊ နိုဝင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း။



# တရားသိလျက် အကျင့်ခက်

သာသနာတော်နှစ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ တပေါင်းလဆန်း ၉-ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရတနာလမ်း၊ ဝိသုဒ္ဓိဆွမ်းလောင်းအသင်းကြီး၏ စတုတ္ထအကြိမ်မြောက် ပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနားဝယ် "ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ" ဟောကြားအပ်သော "တရားသိလျက် အကျင့်ခက်" တရားဒေသနာတော်။

## ( က )

မြတ်စွာဘုရားက ပရိယတ္တိနဲ့ ပဋိပတ္တိဆိုတာ လိုက်လျောညီထွေ ရှိရမယ်တဲ့။ သင်လဲသင် ကျင့်လဲကျင့်၊ သင်တဲ့အတိုင်းကျင့်၊ ကျင့်တဲ့အတိုင်းလဲသင်၊ ပရိယတ်ပဋိပတ် နှစ်ရပ်စုံညီသွားပြီဆိုလို့ရှိရင် ပဋိဝေဓလို့ဆိုတဲ့ ထူးခြားတဲ့ ထိုးထွင်းသိမြင်တဲ့ အဆင့်မြင့်တဲ့ အသိဉာဏ်မျိုးကို ထပ်ဆင့်ရရှိသွားမှာ ဖြစ်ပါတယ်။

အေး. . . သင်ရုံသင်ပြီးတော့ မကျင့်ဘူး။ သင်ထားတဲ့ အသိကလေးတစ်ခုတဲနဲ့ မကျင့်ဘူးဆိုလို့ရှိရင် ဘာတွေဝင်လာတတ်သတုံးဆိုတော့ သင်ထားတဲ့တရားဓမ္မကို အကြောင်းပြုပြီးတော့ ရဟန်းတစ်ပါးအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင်ပေါ့။

အေး . . . စာသင်လိုက်လို့ စာမေးပွဲတွေအောင်တယ်၊ ဘွဲ့ထူး ဂုဏ်ထူးတွေရတယ်၊ စာပေတွေတတ်တယ်လို့ နာမည်ကလေးတစ်လုံး ရလာတဲ့အခါကျတော့ ကြည်ညိုကိုးကွယ်တဲ့ ဒကာ-ဒကာမတွေကလဲ များလာတယ်၊ များလာတော့ လာဘ်လာဘတွေ များလာတယ်၊ များလာတော့ ဘာဝင်လာ ဇာက်တုံးဆိုရင် စိတ်ကြီးဝင်လာတတ်တယ်။ မာန်မာနဖြစ်လာတတ်တယ်။ ဒါပုထုဇဉ်တွေရဲ့ သဘောတရားအရပြောတာ။

သင်ထားတဲ့စာပေကို အကြောင်းပြုပြီးတော့ ကိုးကွယ်တဲ့သူတွေ များလာတယ်။ များလာတာကို အကြောင်းပြုပြီးတော့ လာဘ်လာဘတွေ ပေါလာတယ်၊ လာဘ်လာဘတွေ ပေါလာတာကို အကြောင်းပြုပြီးတော့ ငါသိတယ်၊ ငါတော်တယ်၊ ငါတတ်တယ်၊ ဘေးကလဲ ဝိုင်းပြီးတော့မြှောက်တာတွေ ပါလာတဲ့အခါကျတော့ မာန်တက်လာတယ်။

မာန်တက်လာပြီဆိုကတဲက သိတော့သိတယ်၊ မကျင့်တော့ဘူး။ အောက်ခြေလွတ်သွားပြီးတဲ့အခါမှာ ဘာတွေဖြစ်ကုန်တတ်သတုံးဆိုတော့ ပြောချင်ရာပြောတာတို့၊ လုပ်ချင်ရာလုပ်တာတို့ သူပြောသမျှ ပရိသတ်က လက်ခံနေတယ်ဆို ပြောချင်ရာပြောတယ်၊ သူလုပ်သမျှ ပရိသတ်က လက်ခံနေတယ်ဆို လုပ်ချင်ရာလုပ်တယ်ဆိုတဲ့ အနေအထားမျိုးတွေ ဖြစ်ပေါ်လာတတ်တယ်။ . . . (ပ). . .

( ခ )

မြတ်စွာဘုရားသာသနာတော်ကြီးနဲ့ ကြုံတွေ့ရတဲ့အခါမှာ တရားဓမ္မဟာ မှန်ကန်မှုရှိရမယ်။ မိမိကိုယ်တိုင်လဲ မှန်ကန်တဲ့အတိုင်း လေ့လာသိရှိဖို့လိုတယ်။ ထိုသိရှိထားတဲ့အတိုင်း တရားနာပရိသတ်တွေ၊ မိမိရဲ့ ပတ်ဝန်းကျင်ပုဂ္ဂိုလ်တွေကို ဟောပြောဖို့လိုတယ်။

အဲဒီလိုမဟုတ်ဘဲနဲ့ ဘုရားဟောတဲ့တရားကို မဟောဘူးလို့ ပြောမယ်။ မဟောတာကိုတော့ အဟောလုပ်ပြီးတော့ ပြောမယ်ဆိုလို့ရှိရင်

မှန်ကန်ပါ့မလား။ မမှန်ကန်ဘူး။ မမှန်ကန်ရုံတင်မကဘူး။ မြတ်စွာဘုရားက ဟောထားတာရှိတယ်။

"ဘုရားဟောတဲ့တရားကို မဟောဘူးလို့ပြောတာ။ ဘုရားဟောတာကို မဟောဘူးလို့ ပြောလို့ရှိရင်တဲ့ အဲဒီပုဂ္ဂိုလ်ဟာ လူအများ အကျိုးစီးပွားမဲ့အောင် ပြုလုပ်ရာရောက်တယ်" လို့ ဒါနံပါတ်တစ်။

နံပါတ်နှစ်-က"အဲဒီပုဂ္ဂိုလ်ဟာ အကုသိုလ်တွေ များစွာဖြစ်ပွားစေတဲ့ပုဂ္ဂိုလ် ဖြစ်တယ်"

နံပါတ်သုံးက "မြတ်စွာဘုရားသာသနာတော်ကြီးကို ကွယ်ပျောက်အောင် လုပ်ရာရောက်တယ်" တဲ့။

အပြစ် အင်မတန်မှကြီးတယ်လို့ပြောတာနော်၊ တချို့က သာမန်ကလေးပဲ အောက်မေ့နေကြတယ်။ မဟုတ်ဘူး။

ဘုရားဟောရဲ့သားနဲ့ မဟောဘူးလို့ပြောလို့ရှိရင် ဒါမှားယွင်းမှုတစ်ခုပဲ။ ဘုရားဟောတာကို မဟောဘူးလို့ မပြောရဘူး။ ဘုရားဟောတာကို မဟောဘူးလို့ မပြောရသလိုဘဲ ဘုရားမဟောတာကိုလဲ ဘုရားဟောလုပ်ပြီးတော့ မဟောကောင်းဘူး။

ပြောပြီဆိုရင် ဒီပုဂ္ဂိုလ်ဟာ အများအကျိုးမဲ့လုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ အကုသိုလ်တွေကို အများကြီးဖြစ်ပွားစေတဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ သာသနာတော်ကြီး ကွယ်အောင်လုပ်တဲ့ပုဂ္ဂိုလ်၊ တရားခံတစ်ယောက်ဖြစ်နိုင်တယ်လို့ အင်္ဂုတ္တရနိကာယ်မှာ မြတ်စွာဘုရားက ဒီလိုဟောထားတာ။

ဒါကြောင့်မို့လို့ ဘုရားမဟောတာကို ဟောတယ်လို့ မပြောမိဖို့၊ ဘုရားမဟောတာကိုတော့ အဟောလုပ်ပြီး မပြောမိဖို့၊ ဓမ္မကို အဓမ္မလို့ မပြောမိဖို့၊ အဓမ္မကို ဓမ္မလို့ မပြောမိဖို့။ ဆိုပါစို့-အဓမ္မကို ဓမ္မလို့ ပြောတယ်ဆိုတာ-သူများအသက်သတ်တယ်ဆိုတာ အဓမ္မပဲ၊ အေး-သူများအသက်ကို 'ကိုယ့်ကိုအန္တရာယ်ပြုလာရင်တော့ သတ်ကောင်းတယ်' လို့ ပြောမယ်ဆိုလို့ရှိရင် ဒါဓမ္မကို အဓမ္မလုပ်ပြီး ပြောရာမရောက်ပေဘူးလား။ (. . .)

( ၈ )

. . . ကဿပဘုရား ပရိနိဗ္ဗာန်စံသွားလို့ သာသနာတော် ကျန်ရစ်တဲ့ အချိန်ကလေးမှာ သာသနာတော်ကိုကြည်ညိုတဲ့ မိသားစုတစ်စု သာသနာ့ဘောင်ကို ဝင်လာခဲ့တယ်။ ပြောမှာပေါ့ "မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော-လူဖြစ်ဖို့လဲ ခဲယဉ်းတယ်၊ ရဟန်းဖြစ်ဖို့လဲ ခဲယဉ်းတယ်" ဆိုပြီး ရဟန်းဘောင်ဝင်လာကြတယ်။

အစ်ကိုကြီးရော သာသနာဘောင်ကို ဝင်လာတယ်။ အစ်ကိုကြီးရဲ့ နာမည်က သာဂတ-တဲ့။ သူ့ညီရဲ့နာမည်က ကပိလ-တဲ့။ သာသနာဘောင် ဝင်လာကြတယ်၊ ညီအစ်ကိုနှစ်ယောက်။ ညီအစ်ကိုနှစ်ယောက်တင်မကဘူး။ နှမကလေးကလဲ သာသနာဘောင်ကို ဝင်လာတယ်။ နှမကလေးနာမည်က တာပနာ-တဲ့။

အေး . . . မအေကြီးကလဲ အကျွတ်တရားရပြီးတော့ သာသနာဘောင် ဝင်လာတယ်။ ဖအေတော့ ပါမလာဘူး။ အဖေက သေသွားပြီလားတော့ မသိဘူး။ အမေကြီးကတော့ သာမိနီ-ဆိုတဲ့နာမည်နဲ့ သာသနာဘောင် ဝင်လာကြတယ်။

မိသားစု သာသနာဘောင် ဝင်လာတဲ့အခါကျတော့ အစ်ကိုကြီးလုပ်တဲ့ပုဂ္ဂိုလ်က အသက်အရွယ်ကလေး နဲနဲရလာတော့ သာသနာဘောင်ဝင်လာတဲ့ ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်း လုပ်ကိုင်ရမယ့်အလုပ် နှစ်ခုရှိတယ်။

တစ်ခုက ဘာတုံးဆိုတော့ ဘုရားဟောတဲ့တရားတွေကို သင်ကြားမှု ပရိယတ္တိအလုပ်၊ တစ်နည်းအားဖြင့်ပြောရရင် ဂန္ထဓုရ-စာပေကျမ်းဂန်တာဝန်ကို ထမ်းဆောင်ရမယ်။ ဒါက သာသနာတော်ပြန့်ပွားရေးအတွက် လိုအပ်တဲ့ အချက်တစ်ခုပေါ့။ ဘုရားဟောတဲ့တရားတွေကို သင်ကြားလို့ တစ်ဆင့်ဖြန့်ဖြူးလို့ ဒီလိုကြိုးစားရမယ်။

အေး . . . နောက်တစ်ခုကတော့ဘာတုံးဆို ပဋိပတ္တိအလုပ်၊ စာပေသင်ယူမှုကို မလုပ်တော့ဘူး-တဲ့။ ဒါက အကျယ်မသင်တာကိုပြောတာ၊ စာပေသင်ကြားမှု၊ ပိဋကတ်သုံးပုံသင်ကြားမှုကို မလုပ်တော့ဘဲနဲ့ ကမ္မဋ္ဌာန်းတရား

အားထုတ်တဲ့အလုပ်ကို လုပ် တယ်။ ဒါက ဝါသနာစုရ-လို့ခေါ်တယ်။ သို့မဟုတ် ဝိပဿနာခုရ ကမ္မဋ္ဌာန်းအားထုတ်တယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာလဲ ပရိယတ္တိစာသင်တိုက်ဆိုတာ ရှိတယ်။ ကမ္မဋ္ဌာန်းရိပ်သာဆိုတာ ရှိတယ်။ အေး . . . အသက်အရွယ်ရတဲ့ ပုဂ္ဂိုလ်တွေကတော့ ပရိယတ္တိစာသင်တိုက်မှာ စာမသင်တော့ဘူး။ ကမ္မဋ္ဌာန်းရိပ်သာသွားပြီးတော့ တရားကလေးနာ၊ ကမ္မဋ္ဌာန်းနည်းစနစ်ကလေး နားထောင်၊ တရားကျင့်ပေါ့။

အစ်ကိုကြီးလုပ်တဲ့ သာဂတ-ကလဲ အတူတူပဲ။ စာသင်ဖို့ ပိဋကတ်စာပေတွေကို သင်ယူကျက်မှတ်ဖို့ သူစိတ်မဝင်စားတော့ဘူး။ ကမ္မဋ္ဌာန်းပဲအားထုတ်တော့မယ်ဆိုပြီးတော့ ကမ္မဋ္ဌာန်းကို သင်ယူပြီးတဲ့အခါမှာ တောရကျောင်းတစ်ကျောင်းကိုသွားပြီး ကမ္မဋ္ဌာန်းအားထုတ်လိုက်တာ သူက ရဟန္တာဖြစ်သွားတယ်။

ညီလုပ်တဲ့ ကပိလ-ကတော့ အသက်ငယ်သေးတယ်။ စာသင်အုံးမယ်-ဆိုပြီး စာတွေသင်လိုက်တာ စာသင်လိုက်လို့ ပိဋကတ်သုံးပုံ ကုန်သွားပြီ၊ စာတွေတတ်ပြီ၊ စာတတ်တဲ့အခါကျတော့ တပည့်ပရိသတ်တွေ များလာတယ်။ စာတတ်ပုဂ္ဂိုလ်ဆိုပြီး တပည့်ခံချင်တဲ့ပုဂ္ဂိုလ်တွေ များလာတယ်။

အေး. . . များလာတဲ့အခါကျတော့ ဒကာ-ဒကာမတွေကလဲ ပေါလာတော့ လာဘ်လာဘတွေ ပေါလာတယ်။ အဲဒီလို အခြံအရံ ပရိသတ်များလာခြင်း၊ တပည့်တွေ ဒကာတွေများလာခြင်း၊ လာဘ်လာဘတွေ များလာခြင်းဆိုတာကို အကြောင်းပြုပြီးတော့ တရားကိုသိပြီးတော့ ကျင့်ရမဲ့အစားဘာဖြစ်သွားလဲဆိုရင် ခုနကပြောခဲ့သလို ပညာမာန်တွေတက်လာတယ်။

ကပိလ-က ပညာမာန်တွေတက်လာပြီးတော့ ကျန်တဲ့ရဟန်းတွေအပေါ်မှာ အထင်သေး၊ အမြင်သေးတွေ ဖြစ်လာတယ်။ သူ့လောက်မတတ်ဘူး။ ဘာမှမတတ်ဘူး။ နလပိန်းတုံးတွေလို့ စိတ်ထဲက ဒီလိုအောက်မေ့လာတယ်။

ကြည့်နော်။ တရားကိုသိပေမဲ့ ကျင့်နိုင်ခြင်းမရှိဘူးပေါ့။ ဒီလို မာန်မာနမထားရဘူးလို့ မြတ်စွာဘုရားက ဟောထားတဲ့စာပေတွေ များစွာရှိတာပဲ။ . . . (ပ). . .

မောင်ဖြစ်တဲ့ ကပိလရဟန်းက စာတတ်တော့ ပိဋကတ်သုံးပုံဆောင်တဲ့၊ တိပိဋကရရတဲ့ဆိုပြီးတော့ ဒီလို မာန်ယစ်လာတဲ့အခါကျတော့ သူ့နှမတော် တာပနာ-ကလဲပဲ သူ့မောင် စာတတ်တယ်ဆိုတော့ သူကလဲပဲ ဂုဏ်ယူတာပေါ့။ အမေလုပ်တဲ့ သာမိနီကလဲပဲ သူ့သားအတွက် ဂုဏ်ယူမဆုံးပေါ့။

သူတို့ကလဲ နားတောင်းရောင်ကြောင့် ပါးပြောင်ဆိုတာလို ရောယောင်ပြီးတော့ မာန်မာနတွေ တက်လာကြတယ်။ ကပိလအမေတဲ့၊ ကပိလနှမတဲ့ဆိုပြီး ရောယောင်ပြီးတော့ သူတို့ကလဲ တတ်တတ်-မတတ်တတ်၊ နားတောင်းရောင်ကြောင့် ပါးပြောင်တယ်လို့ ခေါ်တာပေါ့။

ပါးက နဂိုကမပြောင်ဘဲနဲ့ နားတောင်းရောင်ကြောင့် ပါးပြောင်နေတာကို ပါးပြောင်တယ်မှတ်နေတာ။ ကပ္ပလီပါး ဘယ်ပြောင်မလဲ။ မဲမှောင်နေတာပဲ။

အေး . . . အဲဒီလိုဖြစ်လာတဲ့အခါ မာန်မာနတွေဝင်လာကြတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေအပေါ်မှာ၊ ရဟန်းတွေအပေါ်မှာ အထင်သေးအမြင်သေး ဖြစ်လာတယ်။ အထင်သေးအမြင်သေး ဖြစ်ရုံမကဘူး။ နှုတ်ကနေထုတ်ပြီးတော့ ရှုတ်ချတဲ့စကား ဆဲရေးတိုင်းထွာတဲ့စကားတွေ ပြောလာကြတယ်။

ဆဲတယ်ဆိုတာ အမျိုးမျိုးရှိတယ်။ ဘာမှမသိတဲ့ဟာတွေလို့ ပြောရင်လဲ ဆဲတာပဲ။ ဆဲရေးခြင်းဆယ်မျိုးထဲမှာနော်။ နလပိန်းတုံးတွေလို့ပြောရင်လဲ ဆဲတာပဲ။ ဟိုလို ဘာမှညာမှဆဲမှ ဆဲတာမဟုတ်ဘူး။

## ( ဃ )

အဲဒီလို ရဟန်းသံဃာတွေကို ဆဲရေးတိုင်းထွာတဲ့အလုပ်တွေပါ လုပ်လာပြီးတော့ အထင်သေးအမြင်သေးတွေ ဖြစ်လာတယ်။ ကဿပ မြတ်စွာဘုရားရှင်လက်ထက်မှာ ဖြစ်နေတာ။

အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ရဟန်းတွေက ပြောကြတယ်။ "ကိုယ်တော်၊ စာတတ်ပေတတ် အင်မတန်နှုမြောစရာကောင်းတယ်။ သူများကို အထင်သေးအမြင်သေး မလုပ်ပါနဲ့"

နောက်ဆုံး သူက ဘာတွေထိပြောလာတုံးဆိုတော့ ဘုရားဟောတာကိုလဲ မဟောဘူးလို့ ပြောချင်ပြောတယ်။ မဟောတာကိုလဲ အဟောလုပ်ပြောချင်ပြောတယ်။ ဓမ္မကိုလဲ အဓမ္မလို့ ပြောချင်ပြောတယ်။ အဓမ္မကိုလဲ ဓမ္မလို့ ပြောချင်ပြောတယ်။ သူက စာတတ်တာကိုး။ စာတတ်တော့ စာထဲမပါတာကိုလဲ ပါတယ်လုပ်ချင်လုပ်တယ်။ မပါတာကျတော့ အပါလုပ်ပြန်တယ်။

ဘေးကရဟန်းတွေက သတိပေးတယ်။ "ကိုယ်တော် မလုပ်ပါနဲ့" မရဘူး။ မရတော့ သူ့အစ်ကိုကြီး သွားတိုင်ကြတယ်။ "ကိုယ့်တော်ညီ ပြောပါအုံး"ဆိုတော့ သူ့အစ်ကိုကြီးက ရဟန္တာကြီး။ လာပြီးတော့ပြောတယ်။

"ငါ့ညီ၊ ပညာတတ်တယ်ဆိုတာ အင်မတန်မှ တန်ဖိုးရှိပါတယ်တဲ့။ မြတ်စွာဘုရားရဲ့ တရားတော်တွေကို တတ်သိလိမ္မာတာ အင်မတန်မှ ကောင်းပါတယ်။ အမှန်အကန်ပြောပါ-တဲ့။ သူများအတွက် ကိုယ်တတ်သိလိမ္မာတာတွေကို မှန်မှန်ကန်ကန်ပြောပါ။ မာန်မာနတွေ မထားပါနဲ့" လို့ ဆုံးမတယ်။ တစ်ခါဆုံးမ မရဘူး၊ နှစ်ခါဆုံးမ မရဘူး။

လောကလူတွေက မာန်မာနတက်နေတဲ့အချိန် ပြောလို့မရဘူး။ ဒါအမှန်ပဲ။ စီးပွားတွေသိပ်တက်လို့ အောင်မြင်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဆုံးမလို့ မရဘူး။ ရာထူးတွေသိပ်မြင့်နေရင်လဲ ဆုံးမလို့မရဘူး။ လူတွေဟာ တစ်ခုခုအောင်မြင်လာပြီဆိုရင် ဘယ်သူပြောတာမှ သိပ်နားမထောင်ချင်တော့ဘူး။ မာန်မာနတက်တယ်လို့ ခေါ်တာပေါ့။

အေး . . . သူလဲ သူ့အစ်ကိုက ဆုံးမလို့မရတဲ့အခါ တစ်ခါပြော၊ နှစ်ခါပြော မရတော့ ဘာဖြစ်တုံး။ မပြောတော့ဘူးပေါ့၊ ပြောမကောင်းဘူး-ဆိုပြီး လက်လျှော့လိုက်တယ်။

နောက်ပိုင်း ဘယ်လောက်ထိအောင် ဆိုးလာတုံးဆိုလို့ရှိရင်၊ ဘယ်လောက်ထိ ပြောလာတုံးဆိုလို့ရှိရင် ကျန်တဲ့ရဟန်းတွေကိုမေးတယ်။

"ကိုယ်တော်တို့ ဒီစာရလား၊ ဘုရားဟောတဲ့စာ ရလား" ဆိုပြီး၊ ကျန်တဲ့ကိုယ်တော်တွေကလဲ အဖက်လုပ်ပြီး ပြောမနေချင်တဲ့အခါကျတော့ ငြိမ်နေကြတယ်။ ငြိမ်နေတဲ့အခါကျတော့ သူက "အလကား နလပိန်းတုံးတွေ" ဆိုပြီး ဆဲတယ်။

ဆဲပြီးတော့ "ဒီတရားတွေဟာ အလကားပဲ၊ ဘာမှအသုံးမကျဘူး။ ဝိနည်းတရားတွေကျင့်နေလဲ အပိုပဲ" နဲ့ဆိုပြီးတော့ တရားရဲ့ အပြစ်တွေကို ပြောတယ်။ ပြောလိုက်တဲ့အချိန်ကစပြီးတော့ ကဿပဘုရားရှင်ရဲ့ သာသနာတော်ကို ကွယ်ပအောင် သူကလုပ်တယ်ပေါ့။ ဘုရားဟောတာကို မဟောဘူး ဆိုပြီးတော့။

( င )

သူက ဂုဏ်သတင်းကြီးတဲ့ပုဂ္ဂိုလ်၊ ဒကာ-ဒကာမ ကိုးကွယ်မှုများတဲ့ ပုဂ္ဂိုလ်ဆိုတော့ သူ့နောက်ကလိုက်တဲ့ ပုဂ္ဂိုလ်တွေကလဲ ရှိမှာပေါ့။ အဓိကကတော့ သူ့အမေနဲ့ သူ့နှမ။

မယ်တော်နဲ့ နှမကတော့ သူပြောတာ ဘာမဆိုအမှန်ပဲ။ သူက စာတတ်တယ်။ သူသိတယ်ဆိုပြီးတော့-အကုန်လုံးလိုက်ကြတာ သူ့နောက်။

အေး . . . အဲဒီလို သူကပြောလိုက်တဲ့အခါကျတော့ အကုသိုလ်တွေ အများကြီးဖြစ်တယ်။ အကုသိုလ်တွေ ဖြစ်ရုံမကဘူး။ ကဿပမြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ဟာ သင်ကြားပို့ချမယ့်သူမရှိအောင် သာသနာတော် ကွယ်ပျောက်သွားအောင် သူက လုပ်တဲ့သဘော၊ သေတဲ့အခါကျတော့ ဘယ်ရောက်သွားတုံးဆို အဝီစိငရဲကျသွားတယ်။

သူ့ကို အားပေးအားမြှောက်ပြုပြီးတော့ သူနဲ့ အလိုတူအလိုပါဖြစ်တဲ့ မယ်တော်ဖြစ်တဲ့ ဘိက္ခုနီတို့၊ နှမတော်ဖြစ်တဲ့ ဘိက္ခုနီတို့ တစ်ခါတဲ အဝီစိငရဲ ပါသွားကြတယ်။ အဲဒီထိအောင်လိုက်ပြီး အားပေးကြတာပေါ့နော်။

အဲဒါ သတိထား။ ဘုန်းကြီးတစ်ပါးကို ကြည်ညိုလို့ရှိရင် အဝီစိထိအောင်လိုက်ပြီးတော့လဲ အားမပေးကြလေနဲ့အုံး။ ဖြစ်တတ်တယ်။

သတိထားရမှာက ဆရာက မီးပုံထဲဆင်းတိုင်း တပည့်က လိုက်ဆင်းသင့်သလား၊ မဆင်းသင့်ဘူးလား။

(မဆင်းသင့်ပါဘူးဘုရား။)

ဆရာက ဆူးကိုနင်းတိုင်း တပည့်က လိုက်ပြီးတော့ ဆူးကိုနင်းရမလား။

(မနင်းရပါဘူးဘုရား။)

အေး မလုပ်ရဘူး ဒါမျိုး။ . . . (ပ)

"တရားသိလျက် အကျင့်ခက်" ဆိုတာလို မဖြစ်စေဘဲနဲ့ မိမိတို့သိရင် သိတဲ့အတိုင်း တရားဓမ္မဆိုတာ လိုက်နာကျင့်သုံးမှ အကျိုးရှိတယ်။ မိမိတို့ ဘဝ အကျိုးရှိဖို့ရန်အတွက် သိအောင်လဲ ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။

သိတဲ့အတိုင်းလဲပဲ ကျင့်ကြံကြိုးကုတ် အားထုတ်ကြဖို့ အရေးကြီးပါတယ်ဆိုတာကို အားလုံးသဘောပေါက်သွားဖို့၊ သဘောပေါက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကိုမျှော်မှန်းလျက် သာသနာတော်နဲ့ ကြုံတွေ့နေရတဲ့အချိန် တရားဓမ္မကို သိရှိနားလည်ဖို့ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု။

*(ဥပါသကာကျင့်ဝတ်ဆယ်ပါးတွင် "ဘုရားသာသနာတော် ပျက်ပြားဆုတ်ယုတ်သည်ကို ကြားသိတွေ့မြင်သော် တိုးတက်စည်ပင်ခြင်းငှာ လုံ့လစိုက်ထုတ်၏"ဟူသော ဂုဏ်အင်္ဂါတစ်ပါးပါပါသည်။ သာသနာတော် ပျက်ပြားဆုတ်ယုတ်အောင် ပြုလုပ်သည့်ဘက်ကမနေဘဲ ကာကွယ်သည့်ဘက်မှ ပါဝင်နိုင်ကြသော ဥပါသကာကောင်းများ ဖြစ်နိုင်ကြပါစေရန် ရည်ရွယ်၍ အထက်ပါ တရားတော်ကို ကောက်နုတ်ပူဇော်လိုက်ပါသည်။)*

**၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဓမ္မရံသီမဂ္ဂဇင်း။**

# ၃၁ - ဘုံ

(သာသနာတော်နှစ် ၂၅၅၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း ၃-ရက်နေ့ည၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ညဦးယံဓမ္မသဘင်ဝယ် ပါမောက္ခချုပ် ဆရာတော်ဘုရားကြီး ဒေါက်တာနန္ဒမာလာဘိဝံသ ဟောကြားအပ်သော "သတ္တဝါတို့၏ ၃၁-ဘုံအကြောင်း" တရားဒေသနာတော်။)

သတ္တဝါတို့ရဲ့ ၃၁-ဘုံ၊ သတ္တဝါတွေ မျိုးစုံရှိတဲ့ ၃၁-ဘုံအကြောင်း၊ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ ထိုထိုကျမ်းဂန်တွေမှာ ပါရှိတယ်။ အဘိဓမ္မာမှာသာ ပါရှိတာမဟုတ်ဘူး။ ၃၁-ဘုံက မူလပရိယာယသုတ်မှာလဲ ဘုံတွေအကြောင်း ပါတာပဲ။ တခြားသုတ္တန်တွေမှာလဲ ပါတယ်။ အဘိဓမ္မာ ၇-ကျမ်းမှာ အပါအဝင်ဖြစ်တဲ့ ဝိဘင်္ဂလို့ခေါ်တဲ့ ဝိဘင်းကျမ်းမှာလဲ ဒီဘုံနဲ့ သက်တမ်းတွေအကြောင်း ရှင်းလင်းတင်ပြထားတာ ရှိတယ်။

သို့သော်လဲ မြန်မာနိုင်ငံမှာတောင်မှ အချို့အချို့ပုဂ္ဂိုလ်တွေက ၃၁-ဘုံဆိုတာကို ငြင်းပယ်ချင်ကြတယ်။ သူတို့ငြင်းပယ်ခြင်းရဲ့ အကြောင်းက ၃၁-ဘုံ မရှိဘူးဆိုပြီးတော့ ငြင်းပယ်ကြတာ ဘာလို့ငြင်းပယ်တာတုံးဆိုတော့ မမြင်ရလို့တဲ့။ အကြောင်းပြကတော့ မြင်ရတာ လူတွေနဲ့ တိရစ္ဆာန်တွေပဲ မြင်ရတယ်။ ကျန်တာတွေက မမြင်ရလို့။

**မမြင်ရလို့ ငြင်းပယ်ကြစတမ်းဆို မမြင်ရတာတွေ အများကြီးပဲ။ ဟုတ်ရဲ့လား၊ မမြင်ရဘဲနဲ့ ရှိနေတဲ့ဟာ- အသံဆိုတာ မြင်ရရဲ့လား၊ (မမြင်ရပါဘူးဘုရား။) အနံ့ကကော မြင်ရရဲ့လား။ (မမြင်ရပါဘူးဘုရား။) အရသာကော (မမြင်ရပါဘူးဘုရား။) မမြင်ရဘူး။ မမြင်ရပေမဲ့လို့ အရှိထဲထည့်ရတာတွေ အများကြီးပဲ လောကကြီးမှာ။**

အဲဒါကို မြန်မာနိုင်ငံမှာပဲ အရင်တုန်းက ဘုန်းကြီးတို့ ငယ်ငယ်တုန်းက တွေ့တယ် "၃၁-ဘုံဝါဒ ဗုဒ္ဓလက်မခံ" ဆိုပြီးတော့။ အမှန်ကတော့ ဘုရားက လက်မခံတာမဟုတ်ပါဘူး။ သူလက်မခံတာ။

တကယ်ကတော့ ရေးသင့်တာ "၃၁-ဘုံဝါဒ ငါလက်မခံ" ဆိုရင်တော့ ကောင်းတာပေါ့နော်။ (မှန်လှပါဘုရား။) ဘုရားနာမည်ကို အလွဲသုံးစားလုပ်တယ်လို့ ဒီလိုပြောရမှာပေါ့။

အေး. . . တော်တော်များများ တခြားနိုင်ငံတွေမှာလဲပဲ Buddhism ဆိုပြီးတော့၊ ဗုဒ္ဓဝါဒဆိုပြီး **ခေါင်းစဉ်တပ်ပြီးတော့ ရေးလိုက်တဲ့အခါကျတော့ သူတို့အယူအဆတွေချည်းပဲ ရေးရေးနေကြတယ်။** အဲဒါမျိုးတွေ တော်တော်များများ တွေ့နေရတယ်။ သတိထားစရာကောင်းတာပေါ့။

ရိုးသားဖြောင့်မတ်ဖို့ လိုအပ်တယ်။ ကိုယ်မကြုံက်တာနဲ့ မရှိဘူးလို့ ပြောလို့မရဘူးလေ။ ကိုယ်မမြင်ရလို့ ပြောစတမ်းဆိုလို့ရှိရင်လဲ နှစ်ပေါင်း ၂၅၀၀-ကျော်က ပွင့်ခဲ့တဲ့ဘုရားလဲ ကိုယ်မှမြင်ရတာမှ မဟုတ်ဘဲကို။

မမြင်ရလို့ လက်မခံဘူးဆိုလို့ရှိရင် လက်မခံရမယ့်အကြောင်းတွေ အများကြီးပဲ။ အမေ့ဗိုက်ထဲနေတုန်းက ကိုယ့်အဖေနဲ့ ကိုယ့်အမေ မြင်ခဲ့ရတာမှ မဟုတ်ဘဲနဲ့။ အပြင်ဘက်ရောက်မှ ဘေးကလူတွေက အဖေလို့ပြောလို့ အဖေဆိုပြီး လက်ခံနေကြရတာ။

အေး. . . "၃၁-ဘုံဝါဒ ဗုဒ္ဓလက်မခံ" ဆိုပြီး အရင်တုန်းက စာအုပ်တစ်အုပ် မြန်မာပြည်မှာ ထွက်ဖူးတယ်။ တကယ်ကတော့ သူလက်မခံတာပါ။ စာပေကျမ်းဂန်မှာ လိုက်ပြီးတော့ကြည့်မယ်ဆိုရင် ထေရဝါဒပိဋကတ်၊

သင်္ဂါယနာခြောက်တန်က အသိအမှတ်ပြုပြီးတော့ လက်ခံထားတဲ့ ကျမ်းဂန်တွေထဲမှာ ၃၁-ဘုံ ဆိုတာ အတိအလင်းပါရှိပြီးသားဖြစ်တယ်။ ထိုထိုဘုံတွေရဲ့အကြောင်းကို ရေးသားထားတာ အကြောင်းအားလျော်စွာပေါ့နော်။ (မှန်လှပါဘုရား။)

အေး . . . တချို့ကလဲပဲ ဘုံတွေအကြောင်းများတာ "လူတွေကို ဘုံခန်းနဲ့မြှောက်တယ်" လို့ ဒီလိုထင်ကြသေးတယ်။ ဘုံဆိုတာ သူ့ဟာသူရှိတာ၊ မြှောက်စရာအကြောင်းလဲ မဟုတ်ပါဘူးနော်။ (မှန်လှပါဘုရား။)

ဘုံဆိုတာ သတ္တဝါတို့ရဲ့ ဖြစ်ရာဌာနကို ပြောတာလေ။ 'ဘူမိ'ဆိုတဲ့ ဒီပါဠိစကားလုံးကနေလာတော့ လူသတ္တဝါတွေရဲ့ ဖြစ်ရာနေရာကို လူ့ဘုံလို့ ဒီလိုခေါ်တာ။ လူသတ္တဝါတွေနဲ့ မတူညီတဲ့ အခြားသတ္တဝါတွေ မြောက်မြားစွာရှိတယ်ဆိုတာ ဒါမမြင်ရပေမဲ့လို့ ရှိနိုင်တယ်ဆိုတာ အများကြီးပဲ လက်ခံစရာ။

အဲဒီတော့ သတ္တဝါရှိတယ်ဆိုတာ စိတ်ကူးယဉ်ပြီး ပြောတာတော့ မဟုတ်ဘူး။ ထိုသတ္တဝါတွေဟာ ဘာကံကြောင့် အဲဒီဘုံရောက်တယ်။ ထိုဘုံရဲ့ ပဋိသန္ဓေစိတ်က ဘာတွေလဲ။ ထိုဘုံမှာ ဘာတွေဖြစ်သလဲဆိုတာ တိတိလင်းလင်း ဟောထားတာ။ ဆိုပါစို့-စိတ်ကူးပြီး ဘယ်ဘုံရှိတယ်လို့ ပြောတာမှ မဟုတ်ဘဲ။ အဲဒီဘုံမှာ သတ္တဝါတွေ ဘာကြောင့်ဖြစ်တယ်ဆိုတာ အတိအကျ အကြောင်းနဲ့အကျိုးနဲ့ သေသေချာချာ ဟောထားတာဖြစ်သည့်အတွက် ကြောင့် သာမန်မှန်းရမ်းပြီးတော့ ပြောတာမဟုတ်ဘူး။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဟောတယ်။

"ယဒေဝ သာမံ ဉာတံ၊ သာမံ ဝိဒိတံ-ငါကိုယ်တိုင်သိတာတဲ့၊ ငါကိုယ်တိုင်သိပြီးတာကို ဟောတာ၊ သူများဆီကကြားပြီးဟောတာ မဟုတ်ပါဘူး"။ ၃၁-ဘုံနဲ့ ပတ်သက်လာလို့ရှိရင်၊ ဘုံတွေနဲ့ပတ်သက်ပြီး မြတ်စွာဘုရားက "ငါကိုယ်တိုင်သိလို့ ငါကိုယ်တိုင်မြင်လို့ ဟောတာ" လို့။

ဒါဖြင့် ဘာဖြစ်လို့သိတာတုံး၊ ဘာနဲ့သိတာတုံးလို့ မေးလို့ရှိရင် မြတ်စွာဘုရားမှာ ဒိဗ္ဗစက္ခုလို့ ဆိုတဲ့ အင်မတန်အစွမ်းထက်တဲ့ (မနေ့တုန်းက

ပြောထားတယ်၊ စိတ်ကို အာရုံနဲ့ လေ့ကျင့်လိုက်သည့်အတွက်ကြောင့် ထူးခြားတဲ့ အမြင်တစ်မျိုးကို ရရှိထားတယ်။ သမာဓိစွမ်းအားတွေ ဖြစ်တယ်။)

အဲဒီ ဒိဗ္ဗစက္ခုဆိုတဲ့ အဘိညာဉ်စွမ်းအားတွေ ရလိုက်တာနဲ့တစ်ပြိုင်နက် ထိုဒိဗ္ဗစက္ခုအဘိညာဉ်ရဲ့ အပွားဖြစ်တဲ့ ယထာကမ္မူပဂဉာဏ်၊ ဘယ်ကံလုပ်ရင် ဘယ်အလုပ်လုပ်ရင် ဘယ်မှာဖြစ်မယ်ဆိုတာကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကသိလို့ မြင်နေတယ်ပေါ့။ အကြောင်းတရားတွေကိုကြည့်ပြီးတော့ မြင်နေတာ။ ( . . . )

အေး. . . မြန်မာပြည်မှာ တစ်ချိန်တုန်းက မြတ်စွာဘုရားနဲ့ပတ်သက်ပြီးတော့ စောဒကတက်တယ်။ ဘုရားရဲ့ဉာဏ်နဲ့ပတ်သက်ပြီး သဗ္ဗညုတဉာဏ်ဆိုတာ ရှိသလား. . . ဆိုပြီး၊ ဒီလိုပုဂ္ဂိုလ်မျိုးတွေကလဲ ထွက်လာသေးတယ်နော်။

တချို့ကလဲ ရောယောင်ပြီးတော့ လျှောက်ပြီးတော့ စာတွေထဲမှာ ရေးကြတာရှိတယ်။ "ဗုဒ္ဓနဲ့ ဗုဒ္ဓဝါဒ" ဆိုပြီး နာမည်တပ်ပြီးတော့ အဲဒီထဲမှာ ကိုယ့်ဝါဒတွေရေးတာတွေ ရှိသေးတယ်။ အင်မတန်မှ သတိထားစရာကောင်းတယ်နော်။

အဲဒီထဲမှာ ဘယ်လိုရေးထားသတုံးဆိုရင် မြတ်စွာဘုရားက သူ့ကိုယ်သူ သဗ္ဗညုတဉာဏ်ရှိတယ်လို့ ဝန်မခံဘူးတဲ့ဆိုပြီးတော့ သူက refer လုပ်တယ်။ ညွှန်းတဲ့သုတ်တွေက ဘာသုတ်တွေတုံးဆိုတော့ အဲဒီညွှန်းတဲ့ သုတ်တွေထဲမှာ ဘယ်လိုအဓိပ္ပာယ်ရှိတုံး သေချာစာကိုဖတ်ပုံမရဘူး။

အဲဒီထဲမှာ "သတတံ သမိတံ ဉာဏဒဿနံ ဇာဂရတောပိ သုတ္တတောပိ စရတောပိ တိဋ္ဌတောပိ" အဲဒီ စကားလုံးကလေးတွေပါတယ်။

တခြားဗုဒ္ဓနဲ့ခေတ်ပြိုင် အယူဝါဒရှိတဲ့ မက္ခလိဂေါသာလ-စတဲ့ ပုဂ္ဂိုလ်တွေက သူတို့မှာလဲ သဗ္ဗညုတဉာဏ်ရှိတယ်လို့ ဝန်ခံကြတယ်။ သူတို့ဝန်ခံတဲ့ သဗ္ဗညုတဉာဏ်က ဘယ်လိုအမျိုးအစားတုံးလို့ ဆိုလို့ရှိရင် အိပ်နေတုန်းဖြစ်စေ၊ ရပ်နေတုန်းဖြစ်စေ၊ သွားနေတုန်းဖြစ်စေ ဘယ်အချိန်မှာမဆို သူ့ဉာဏ်ကြီးက ရှိနေတယ်လို့ ဝန်ခံတယ်။

ဒါ အဓိပ္ပာယ်မှမရှိဘဲ။ အိပ်ပျော်နေတာ ဘယ်လိုလုပ် ဉာဏ်က ရှိမတုံး။ အဲဒီစကားလုံးပါတာကို သတိမထားဘူး။ မြတ်စွာဘုရားကို အဲဒီဉာဏ်မျိုးရှိသလားလို့ မေးတဲ့အခါကျတော့ မရှိဘူးလို့ဖြေတာပေါ့။ ဘယ်ရှိမှာတုံး၊ အိပ်နေတုန်းဆိုတာ omni-present ဆိုတာ ထာဝရအမြဲတမ်းရှိနေတယ်ဆိုတာ ဘယ်ဟုတ်မတုံး၊ ဒါယုတ္တိလဲမရှိဘူး။

ထာဝရ အမြဲရှိနေတာ အဲဒီလိုဉာဏ်မျိုးတော့ မြတ်စွာဘုရားမှာ မရှိဘူး။ ကျိန်းစက်တော်မူနေတဲ့အချိန် ဘယ်ဉာဏ်ရှိမလဲ။ ကျိန်းစက်နေရင်တော့ ဘဝင်စိတ်ပဲဖြစ်မှာပေါ့။ အိပ်ပျော်နေတာကိုး။

အဲဒီတော့ အချိန်မရွေး ဉာဏ်ကြီးဟာ မီးကြီးထွန်းထားရင် လင်းနေသလို အချိန်မရွေးလင်းနေတယ်လို့ ဒီလိုဝန်ခံတာဟာတော့ ရယ်စရာကြီးပေါ့။

မြတ်စွာဘုရားကိုယ်တိုင်ကလဲ ဝေဖန်ထားတယ်။ ဒီတချို့ဘုရားတွေဟာ သူတို့မှာ ဒီလို အိပ်နေတုန်းရော၊ နိုးနေတုန်းရော၊ သွားနေတုန်းရော၊ ထိုင်နေတုန်းရော အမြဲတမ်း ဉာဏ်တော်ကြီးက လင်းနေတယ်ပြောတယ်တဲ့၊ ဒါပေမဲ့လို့ လမ်းမှားလို့ လမ်းမသိလို့ လမ်းမေးရတာရှိတယ်တဲ့၊ နာမည်မသိသေးလို့ မေးရတာရှိတယ်တဲ့၊ မဟုတ်တဲ့လမ်းရောက်သွားလို့ ဒုက္ခရောက်သွားတာတွေရှိတယ်တဲ့။ ကဲ. . . ဘယ်လိုလုပ်မလဲ၊ အမြဲတမ်း ဉာဏ်ကြီးရှိနေရင် လမ်းမှားပါ့မလား။ လမ်းမေးစရာကော လိုသေးသလား။ မလိုဘူး။

မြတ်စွာဘုရားမှာရှိတဲ့ သဗ္ဗညုတဉာဏ်မျိုးဆိုတာ ဘယ်လိုဟာတုံးဆိုရင် "သိချင်လို့ ကြည့်လိုက်လို့ရှိရင် အကြွင်းအကျန်မရှိအောင်သိတဲ့ဉာဏ်" သိချင်ပြီ ဉာဏ်ကိုအသုံးချပြီဆိုရင် ဉာဏ်ဆိုတာ ဓားလိုပဲလေ၊ ဓားအိမ်ထဲထည့်ထားရင် ဘယ်ခုတ်လို့ရမလဲ။ ထုတ်ပြီးအသုံးပြုပြီဆိုလို့ရှိရင် ဓားရှိတယ်၊ ခုတ်လို့ရတယ်၊ ဒါပြောတာ။

ဘုရားရဲ့ သဗ္ဗညုတဉာဏ်စွမ်းအား၊ ဒီအကြောင်းအရာတစ်ခုကို သိချင်လို့ ကြည့်လိုက်ပြီဆိုလို့ရှိရင် ဘာမှမကျန်ရအောင် အပိတ်အပင်

အတားအဆီးမရှိအောင်၊ မရှိတာ 'အနာဝရဏ' လို့ ခေါ်တယ်။ အပိတ်အပင် အတားအဆီးမရှိတဲ့ဉာဏ်။

ပစ္စုပ္ပန်မှာပဲဖြစ်စေ၊ အတိတ်မှာပဲဖြစ်စေ၊ အနာဂတ်မှာပဲဖြစ်စေ ဘယ်လောက်ဝေးကွာဝေးကွာ၊ ဘယ်လောက်နက်နဲနက်နဲ၊ ဘယ်လောက်ခက်ခဲခက်ခဲ သိချင်လို့ နှလုံးသွင်းအာရုံပြုလိုက်တယ်ဆိုရင် အကုန်မြင်ရတယ်လို့ပြောတာ၊ အကုန်သိရတယ်လို့ ပြောတာ၊ မသိချင်ဘူးဆိုရင်တော့ ဒီဉာဏ်က ဘယ်အလုပ်လုပ်မလဲ။ ဒါသဘာဝမဟုတ်ဘူး။ မသိချင်ဘဲနဲ့ သူ့ဟာသူ အလိုလိုလာသိနေရင် ဘယ်လိုလုပ်အိပ်လို့ရမလဲ။ Omnipresent ဆိုတာ မဖြစ်နိုင်ဘူးပေါ့။

ဒီတော့ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်ဆိုတာ ခုနကလို အိပ်နေတုန်း အမြဲတမ်းရှိနေတဲ့ သဗ္ဗညုတဉာဏ်မျိုးကိုတော့ ဘုရားက လက်မခံဘူး။ အဲဒီလက်မခံတာကိုဘဲရေးပြီး ဘုရားမှာ သဗ္ဗညုတဉာဏ်ရှိကြောင်း မြတ်စွာဘုရား လက်မခံဘူးလို့ ရောယောင်ပြီးရေးတာမျိုးတွေ ရှိတယ်။ မြန်မာပြည်မှာ စာအုပ်တွေ။

ပြီးတော့ အဲဒီလိုစာအုပ်ထဲမှာပဲ နိုင်ငံခြားသားက ရေးတာတွေကို အဟုတ်ထင်ပြီးတော့ အင်္ဂလိပ်လိုရေးလိုက်လို့ရှိရင် တချို့မြန်မာပြည်က အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်တွေကလဲ အင်္ဂလိပ်လိုရေးလိုက်လို့ရှိရင် အဟုတ်ထင်တယ်။ အဲဒါလဲပဲ သတိထားစရာကလေးတွေ ရှိတယ်။

အခုလိုပြောရတာ သူများကို ပြစ်တင်ရှုတ်ချကဲ့ရဲ့လိုလို့ ပြောတာ မဟုတ်ဘူး။ သတိထားဖို့ ပြောတာ။

အဲ-မြန်မာလိုရေးထားတဲ့ နိုင်ငံခြားက အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်တွေကို ကိုးကားပြီးတော့ နောက်ယောင်လိုက်ထားတဲ့ စာအုပ်တွေထဲမှာ ဘာတွေရေးထားတုံးဆိုတော့ "မြတ်စွာဘုရားက ၃၁-ဘုံကို လက်မခံဘူးတဲ့။ ပြဟ္မာပြည်ရှိတယ်ဆိုတာကို လက်မခံဘူး" တဲ့။ သူဆွဲထားတာ။

ဆွဲထားပြီးတော့ ဘာကိုအကိုးအကားပြတုံးလို့ ဆိုတဲ့အခါကျတော့ တေဝိဇ္ဇသုတ်မှာတဲ့ မြတ်စွာဘုရားက ဝါသေဋ္ဌဆိုတဲ့ပုဏ္ဏားကို မေးတယ်။

မင်းတို့ဆရာတွေကော ပြဟ္မာကို မြင်ဖူးလား-လို့ မေးတော့ မမြင်ဖူးဘူး။ ဒါဖြင့် မင်းတို့ဆရာ့ဆရာကြီးတွေကော မြင်ဖူးလားဆိုတော့ မမြင်ဖူးဘူး။ ဒါဖြင့် မင်းတို့ ဝေဒကျမ်းပြု ရှေးဟောင်းရသေ့ကြီးတွေကကော ပြဟ္မာကို မြင်ခဲ့ဖူးလားဆိုတော့ မမြင်ဖူးဘူး။ ဒါဖြင့် မင်းတို့ဟာ မမြင်ဖူးဘဲနဲ့ ပြောနေကြတာ၊ ရမ်းပြီးတော့။ ရှေ့ကလူကလဲ မမြင်၊ နောက်ကလူကလဲ မမြင်ဘူးဆိုတဲ့ မျက်မမြင်သူကန်းတွေရဲ့ အစဉ်အတန်းကြီးလို ဖြစ်နေတာပေါ့-လို့ မြတ်စွာဘုရားကပြောတယ်။

အဲဒီစကားကလေးကိုထောက်ပြီးတော့ သူက "ကြည့်တဲ့. . . မြတ်စွာဘုရားက ပြဟ္မာမရှိဘူး-လို့ ပြောတယ်" တဲ့၊ ဟော-အဲဒီ စာပိုဒ်ကလေးရဲ့နောက်ကို ဆက်ဖတ်လိုက်လို့ရှိရင် ဘုရားက ဘယ်လိုပြောထားတုံးဆိုတော့ အဲဒါကျတော့ မြှုပ်ထားလိုက်တယ်။

မြတ်စွာဘုရားက ဘယ်လိုဆက်ပြောသတုံးဆို "ဝါသေဋ္ဌ၊ ငါက ပြဟ္မာကိုလဲ မြင်ဖူးတယ်။ ပြဟ္မာပြည်ရောက်ကြောင်းတရားကိုလဲ သိတယ်"။ အဲဒါကျတော့ ထည့်မရေးတော့ဘူး။

**ဒါကြောင့်မို့လို့ Buddhism ကို လေ့လာမယ်ဆိုရင် မူရင်းကျမ်းကို ဖတ်ပါ။ မြတ်စွာဘုရားတရားတော်ကို လေ့လာမယ်ဆိုလို့ရှိရင် မူရင်းကျမ်းကို ဖတ်ဖြစ်အောင်ဖတ်၊ ကိုးထားတာကလေးနဲ့ မကျေနပ်နဲ့။**

ဗုဒ္ဓရဲ့ အယူဝါဒကို မိမိရဲ့အယူအဆတွေနဲ့ pollution-လုပ်တယ်ပေါ့။ Pollute -ဆိုတာ ညစ်နွမ်းစေတာ။ လေကိုညစ်နွမ်းစေတာ air-pollution၊ ရေကိုညစ်နွမ်းစေလို့ရှိရင် water-pollution၊ အသံတွေ ဆူညံနေလို့ရှိရင် noise-pollution၊ အလင်းရောင်တွေ သိပ်များနေလို့ရှိရင် light pollution၊ မှားယွင်းတဲ့အယူအဆတွေ ထည့်ပြီးတော့ပြောလို့ရှိရင် view-pollution ပေါ့။

အဲဒါကြောင့်မို့လို့ အင်မတန် သတိထားစရာကောင်းတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဟောထားတဲ့မူရင်းကျမ်း၊

ဆိုလိုတာက တစ်ပိုင်းတစ်စတော့ လက်ခံတယ်။ တစ်ပိုင်းတစ်စ တော့ လက်မခံဘူးဆိုတော့ ဘာနဲ့တူတုံးဆိုရင် "ငါကြိုက်ရင် အမှန်၊ ငါမကြိုက်တာ အမှား" ဒီလိုပုံစံမျိုးရောက်နေတယ်။

မကိုးဘူးဆိုရင် တစ်သုက်လုံး မကိုးနဲ့လေ။ ကိုးပြီဆိုရင်လဲ ချန်မထားနဲ့ အကုန်ကိုးရမယ်၊ ရှေ့စကားနောက်စကား အကုန်လုံး ပြည့်ပြည့်စုံစုံ ထည့်ရမယ်။ ကိုယ်လိုချင်တဲ့ အပိုဒ်ကလေးကို ဖြတ်ယူ ပြီးတော့ ကိုယ်လိုချင်တဲ့ နိဂုံး။ Conclusion-ဆွဲတာကတော့ အင်မတန်မှ ဆိုးဝါးတယ်။ ဒါမျိုးတွေရှိတယ်။

ဘုန်းကြီးတို့ ငယ်ရွယ်စဉ်ကတဲက အဲဒီစာအုပ်ကို ဖတ်ဖူးတယ်။ စိတ်ဝင်စားလို့ ဖတ်ထားပြီးတော့ အဲဒီစာအုပ်ရဲ့ ရှေ့ပိုင်းစာရွက်အလွတ်မှာ ရေးထားတယ်။

"ဤစာအုပ်သည် 'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' ဟု နာမည်တပ်ထားသော်လည်း သူ့ဝါဒတွေကိုသာ တင်ပြထားသည်ဖြစ်၍ ဖတ်တဲ့လူတိုင်း သတိထား၍ ဖတ်ကြပါ" လို့။

တကယ်တမ်းတော့ ဘုရားဝါဒ ဟုတ်မှမဟုတ်ဘဲ။ (. . .)

ဒါကြောင့်မို့ တစ်ခါတစ်ရံများ "၃၁-ဘုံဝါဒဟာ ဘုရားဟော မဟုတ်ဘူး။ မျက်စိနဲ့မမြင်ရလို့ မရှိဘူး" လို့များ တချို့တလေ အယူအဆ မှားယွင်းမှာစိုးလို့ ပြောပြနေတာ။ ရှိနိုင်တယ်ဆိုတာ ကိုယ်မမြင်ရပေမဲ့လို့ ရှိနိုင်တာတွေ ရှိနေတာတွေဟာ လောကမှာ အများကြီးရှိတယ်ပေါ့။

*(ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ၏ "အယူအဆ မှားယွင်းမှာ စိုးရိမ်တော်မူသည့်အတွက်" သတိပေးဟောကြားတော်မူချက်ကို စာဖတ်ပရိသတ်များလည်း သိရှိမှတ်သားနိုင်ရန် အနည်းငယ် ကောက်နုတ် တင်ပြကာ ပူဇော်လိုက်ပါသည်။)*

၂၀၁၁-ခုနှစ်၊ မတ်လ၊ ဓမ္မရတနာမဂ္ဂဇင်း

## ကုသိုလ်စိတ်ပေါင်း တစ်သောင်းကျော်အောင်

( က )

အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာတွင် ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်၊ လောကုတ္တရာကုသိုလ်ဟု ကုသိုလ်လေးမျိုး ဖော်ပြထားသည်။ ဤ၌ ရူပ-အရူပ-လောကုတ္တရာ ကုသိုလ်များတွင် 'မဟာ' သဒ္ဒါမပါဘဲ ကာမာဝစရကုသိုလ်ကျမှ 'မဟာ' သဒ္ဒါထည့်ကာ 'မဟာကုသိုလ်စိတ်' ဟု ခေါ်ဝေါ်သုံးစွဲ၏။

ဋီကာတို့၌ "ကာမာဝစရကုသိုလ်စိတ်က ရူပါဝစရကုသိုလ်စိတ်စသည်ထက် အရေအတွက်များသောကြောင့်" ဟု အကြောင်းပြ၏။

မှန်၏။ ကာမာဝစရကုသိုလ်စိတ်က ရှစ်ပါးရှိ၏။ ရူပါဝစရကုသိုလ်စိတ်က ငါးပါးရှိ၏။ အရူပါဝစရကုသိုလ်စိတ်နှင့် လောကုတ္တရာကုသိုလ်စိတ်မှာ လေးပါးစီသာရှိ၏။

'မဟာ'-သဒ္ဒါသည် 'အရေအတွက်အားဖြင့် များပြားသော၊ အရည်အသွေးအားဖြင့် မြင့်မြတ်သော' ဟူသော အနက်များကို ဟောပါသည်။ ဤ၌ အရေအတွက်အားဖြင့် 'များပြားသော' ဟူသော အဓိပ္ပာယ်ဖြင့် သုံးစွဲထားခြင်း ဖြစ်၏။

ကုသိုလ်ပြုရာတွင် -

(၁) ဝမ်းမြောက်ဝမ်းသာ ဉာဏ်နှင့်ယှဉ်လျက် မတိုက်တွန်း မနှိုးဆော်ရဘဲပြုလျှင် မဟာကုသိုလ်ပဌမစိတ်ဖြစ်၏။

(၂) ဝမ်းမြောက်ဝမ်းသာဉာဏ်ယှဉ်ပါလျက် တိုက်တွန်းနှိုးဆော်မှ ပြုလျှင် ဒုတိယစိတ်ဖြစ်၏။
(၃) ဉာဏ်မပါသော်လည်း ဝမ်းမြောက်ဝမ်းသာ မိမိအလိုလို ပြုလုပ်လျှင် တတိယစိတ်ဖြစ်၏။
(၄) ဝမ်းမြောက်ဝမ်းသာ ဉာဏ်မပါဘဲ သူတစ်ပါးတိုက်တွန်းမှ ပြုလုပ်လျှင် စတုတ္ထစိတ်ဖြစ်၏။
(၅) ဝမ်းမြောက်ရွှင်လန်းမှုမရှိဘဲ ဉာဏ်နှင့်ယှဉ်ကာ မိမိဘာသာ အလိုအလျောက်ပြုလုပ်လျှင် ပဉ္စမစိတ်ဖြစ်၏။
(၆) ရွှင်ရွှင်လန်းလန်း မရှိသော်လည်း ဉာဏ်နှင့်ယှဉ်ကာ တိုက်တွန်းနှိုးဆော်လာသဖြင့် ပြုလုပ်လျှင် ဆဋ္ဌမစိတ်ဖြစ်၏။
(၇) ဉာဏ်လည်းမပါ ဝမ်းမသာဘဲ ကိုယ့်ဘာသာကိုယ် ပြုလုပ်လျှင် သတ္တမစိတ်ဖြစ်၏။
(၈) ဝမ်းသာရွှင်လန်းမှုလည်း မရှိ ဉာဏ်နှင့်လည်းမယှဉ်၊ သူတစ်ပါး တိုက်တွန်းသဖြင့် ပြုလုပ်လျှင် အဋ္ဌမစိတ်ဖြစ်၏။

(ဝမ်းမြောက်ဝမ်းသာ=သောမနဿသဟဂုတ်၊ ဉာဏ်နှင့်ယှဉ်=ဉာဏသမ္ပယုတ်၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ မတိုက်တွန်းရဘဲ=အသင်္ခါရိက၊ ရွှင်လန်းမှုမပါ=ဥပေက္ခာသဟဂုတ်၊ ဉာဏ်မယှဉ်=ဉာဏဝိပ္ပယုတ်၊ တိုက်တွန်းနှိုးဆော်မှ=သသင်္ခါရိက။)

ထိုသို့ ဝေဒနာ၊ ဉာဏ်၊ သင်္ခါရတို့၏ အပြားအားဖြင့် ကုသိုလ်စိတ်ရှစ်မျိုးတို့သည် -

(၁) ဒါနပြုသောအခါ၊ (၂) သီလဆောက်တည်သောအခါ၊ (၃) ဘာဝနာပွားသောအခါ၊ (၄) (အပစာယန) အသက်သိက္ခာဂုဏ်ဝါကြီးသူတို့ကို ရိုသေလေးစားသောအခါ၊ (၅) (ဝေယျာဝစ္စ) ကုသိုလ်လုပ်ငန်းများ၌ ကူညီဆောင်ရွက်သောအခါ၊ (၆) (ပတ္တိဒါန) အမျှဝေသောအခါ၊ (၇) (ပတ္တာနုမောဒန) သာဓုခေါ်သောအခါ၊ (၈) (ဓမ္မဿဝန) တရားနာသောအခါ၊ (၉) (ဓမ္မဒေသနာ) တရားဟောသောအခါ၊ (၁၀) (ဒိဋ္ဌုဇုကမ္မ) အယူကို ဖြောင့်မတ်စွာထားနိုင်သောအခါတို့တွင် ဖြစ်နိုင်၏။

ဤသို့ ပုညကိရိယာဝတ္ထုဆယ်ပါး တစ်ပါးပါးကို ပြုလုပ်သောအခါ မဟာကုသိုလ်စိတ် ရှစ်မျိုးစီရှိနိုင်သောကြောင့် မဟာကုသိုလ်စိတ်ပေါင်း ရှစ်ဆယ်ဖြစ်လာ၏။

အထက်ပါ မဟာကုသိုလ်စိတ်ရှစ်ဆယ်သည် ရူပါရုံစသော အာရုံခြောက်ပါးကို အကြောင်းပြု၍လည်းဖြစ်နိုင်သောကြောင့် အာရုံခြောက်ပါးဖြင့် မြှောက်ပွားလျှင် မဟာကုသိုလ်စိတ်-၄၈၀ ဖြစ်လာ၏။

အထက်ပါ မဟာကုသိုလ်စိတ်-၄၈၀ တွင် ဉာဏ်ပါသော ဉာဏသမ္ပယုတ်ကုသိုလ်က-၂၄၀၊ ဉာဏ်မပါသော ဉာဏဝိပ္ပယုတ်ကုသိုလ်က-၂၄၀ ရှိ၏။

ဉာဏဝိပ္ပယုတ်ကုသိုလ်-၂၄၀ တွင် ဆန္ဒကအဓိပတိ အကြီးအမှူးအဖြစ်ဖြင့် ပြုသောအခါ၊ ဝီရိယက အဓိပတိ အကြီးအမှူးအဖြစ်ဖြင့် ပြုသောအခါ၊ စိတ်က အဓိပတိ အကြီးအမှူးအဖြစ်ဖြင့် ပြုသောအခါဟု သုံးမျိုးကွဲပြားနိုင်သောကြောင့် ဉာဏဝိပ္ပယုတ်ကုသိုလ်-၇၂၀ ဖြစ်လာ၏။ (ဉာဏဝိပ္ပယုတ်ဖြစ်သောကြောင့် ဝီမံသာဓိပတိမဖြစ်။)

ဉာဏသမ္ပယုတ်ကုသိုလ် ၂၄၀-တွင်ကား အဓိပတိလေးပါးစလုံး ဖြစ်ပွားနိုင်သောကြောင့် အဓိပတိလေးပါးဖြင့် မြှောက်ပွားလျှင် ဉာဏ်ယှဉ်သောကုသိုလ်-၉၆၀ ဖြစ်၏။ သမ္ပယုတ်-ဝိပ္ပယုတ် နှစ်ရပ်ပေါင်းလျှင် မဟာကုသိုလ်ပေါင်း-၁၆၈၀ ဖြစ်လာ၏။

တစ်ဖန် ကာမာဝစရကုသိုလ်သည် ကာယဒွါရဖြင့်ပြုသော ကာယကံကုသိုလ်၊ ဝစီဒွါရဖြင့်ပြုသော ဝစီကံကုသိုလ်။ မနောဒွါရဖြင့်ပြုသော မနောကံကုသိုလ်ဟု သုံးမျိုးစီ ရှိနိုင်ရာ အထက်ပါ ၁၆၈၀-ကို ကံသုံးပါးဖြင့် မြှောက်ပွားလျှင် မဟာကုသိုလ်စိတ်-၅၀၄၀ ဖြစ်လာ၏။

ထိုကုသိုလ်တို့တွင်လည်း အနိမ့်စား၊ အလတ်စား၊ အမြတ်စား-ဟု သုံးမျိုးစီပြားပြန်သောကြောင့် ၅၀၄၀-ကို ၃-ဖြင့်မြှောက်ပြန်လျှင် ၁၅၁၂၀-ဖြစ်လာ၏။ ဤကား အဘိဓမ္မတ္ထဝိဘာဝိနီဋီကာလာ မြှောက်ပွားနည်းအရ ဖြစ်၏။

အတိတ်၌ဖြစ်ခဲ့သော ကုသိုလ်၊ ပစ္စုပ္ပန်၌ဖြစ်ဆဲသော ကုသိုလ်၊ အနာဂတ်၌ဖြစ်လတ္တံ့သော ကုသိုလ်စသည်ဖြင့် မြောက်ပွားလျှင်ကား များစွာ ဖြစ်လာနိုင်သေး၏။

"ရဟန်းတို့၊ ကုသိုလ်ကို ပွားများကြကုန်လော့။ ရဟန်းတို့၊ (သင်တို့သည်) ကုသိုလ်တရားကို ပွားများခြင်းငှာ စွမ်းနိုင်ကြကုန်၏။ ရဟန်းတို့၊ (သင်တို့သည်) ဤကုသိုလ်ကို ပွားများခြင်းငှာ အကယ်၍ မစွမ်းနိုင်ငြားအံ့၊ ဤသို့ဖြစ်သည်ရှိသော် 'ရဟန်းတို့၊ ကုသိုလ်ကို ပွားများကြကုန်လော့' ဟု ငါမဟောရာ။

"ရဟန်းတို့၊ အကြင်ကြောင့် (သင်တို့သည်) ကုသိုလ်ကို ပွားများခြင်းငှာ စွမ်းနိုင်ကုန်၏။ ထို့ကြောင့် 'ရဟန်းတို့၊ ကုသိုလ်ကို ပွားများကြကုန်လော့' ဟု ငါဟော၏။

"ရဟန်းတို့၊ ကုသိုလ်ကိုပွားများခြင်းသည် အစီးအပွားမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ငြားအံ့၊ ဤသို့ဖြစ်သည်ရှိသော် 'ရဟန်းတို့၊ ကုသိုလ်ကို ပွားများကြကုန်လော့' ဟု ငါမဟောရာ။

"ရဟန်းတို့၊ အကြင်ကြောင့် ကုသိုလ်ကိုပွားများခြင်းသည် အစီးအပွားရှိခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်၏။ ထို့ကြောင့် 'ကုသိုလ်ကို ပွားများကြကုန်လော့' ဟု ငါဟော၏ဟု (မိန့်တော်မူ၏)။"

*(အင်္ဂုတ္တိုရ်၊ ဒုကနိပါတ်၊ အဓိကရဏဝဂ်)*

အထက်ပါဒေသနာအတိုင်း ဘုရားရှင်သည် မိမိတို့အား မလုပ်နိုင်သည်ကို မခိုင်း၊ မစွမ်းနိုင်သည်ကို တိုက်တွန်းတော်မမူ၊ အကျိုးမဲ့ဆင်းရဲစေမည့် အလုပ်ကို မခိုင်း၊ အကျိုးများပြား ချမ်းသာပွားစေမည့် အမှုကိုသာ တိုက်တွန်းတော်မူပါသည်။

## ( ၁ )

အချို့က ကုသိုလ်ကောင်းမှုပြုဖို့အရေး နေ့ကောင်းရက်သာ ရွေးနေကြသေး၏။

"ရဟန်းတို့၊ နံနက်ခင်း၌ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော၊ နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော၊ စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသောနံနက်ခင်း ဖြစ်ပေ၏။

"ရဟန်းတို့၊ နေ့လယ်ခင်း၌ ကိုယ်-နှုတ်-စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော နေ့လယ်ခင်း ဖြစ်ပေ၏။

"ရဟန်းတို့၊ ညချမ်းအခါ၌ ကိုယ်-နှုတ်-စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော ညချမ်းအခါ ဖြစ်ပေ၏ဟု (မိန့်တော်မူ၏)။" *(အံ၊၃၊ ပုဗ္ဗဏှသုတ်)*

ဤဒေသနာအရ ကုသိုလ်ပြုရာတွင် ရက်ရာဇာတွေ၊ မင်္ဂလာအချိန်တွေ ရွေးနေစရာမလိုပါ။ ကုသိုလ်လုပ်သည့်ရက်မှန်သမျှ မိမိအတွက် ရက်ရာဇာချည်း ဖြစ်ပါသည်။ ကုသိုလ်ဖြစ်လျှင် ဖြစ်သည့်အချိန်သည် မင်္ဂလာအချိန်သာ ဖြစ်ပါသည်။

အချို့ကလည်း နေ့ထူးနေ့မြတ် အထိမ်းအမှတ် အခမ်းအနားတို့ကို စောင့်ဆိုင်းနေတတ်သေး၏။ ထိုအချိန်ရောက်မှ မိမိဘက်က သဒ္ဓါတရား ပျက်ကွက်ခြင်း၊ ငွေကြေးအချိန် စသည်မတတ်နိုင်ခြင်း စသောအကြောင်းတို့ဖြင့် ချို့ယွင်းပျက်ကွက်ကြရသည်။ သို့မဟုတ် သေလွန်သွားသဖြင့် မလုပ်နိုင်တော့ပါလျှင်လည်း ကုသိုလ်ဖြစ်ခွင့်မှ ဆုံးရှုံးရတော့၏။

"မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျင်မြန်ဆောစွာ ပြုလုပ်ရာ၏။"

*(ဓမ္မပဒ-၁၁၆)*

"(အို နာ သေရေး၊ ဒုက္ခဘေးတို့သည်) ဇီဝိတိန္ဒြေကို အဆင့်ဆင့် ပို့ဆောင်အပ်၏။ (သတ္တဝါတို့၏) အသက်သည် တိုတောင်းလှ၏။ အိုခြင်းတရားသည် အဆင့်ဆင့်ပို့ဆောင်အပ်သော သတ္တဝါ

အား ကိုးကွယ်ရာတို့မည်သည် မရှိနိုင်ကုန်။ သေခြင်းတရား၌ ဤမည်သောဘေးကို (ပညာမျက်စိဖြင့်) မြင်အောင်ရှုလျက် ချမ်းသာကို ဆောင်စွမ်းနိုင်သော ကုသိုလ်ကောင်းမှုတို့ကို ပြုရာသတည်း။

"ဤမျက်မှောက်ဘဝ၌ ကိုယ်နှုတ်စိတ်ဖြင့် စောင့်စည်းခြင်းသည်လည်းကောင်း၊ အသက်ရှင်နေစဉ် ကောင်းမှုကို ပြုခြင်းသည်လည်းကောင်း တမလွန်လောကသို့ ပြောင်းသွားသူအား ချမ်းသာခြင်းငှာ ဖြစ်သတည်း။

*(အံ၊ ၁၊ ပထမဒွေဗြာဟ္မဏသုတ်)*

"ဤလောက၌ အကြားအမြင်များသောပုဂ္ဂိုလ်သည် ဤလူ့ပြည်ဝယ် အသက်တိုသည်ဖြစ်ရကား ကိုယ်ဖြင့် ကောင်းသောအမှုတို့ကိုပြု၍ မှန်ကန်သောစကားကိုလည်း ပြောဆို၍ ကောင်းသောစိတ်ကိုလည်း ဆောက်တည်၍ ကုသိုလ်ကောင်းမှုတို့ကို ပြု၏။ ပညာရှိသော ထိုသူသည် ခန္ဓာကိုယ် ပျက်စီးသောအခါ နတ်ပြည်သို့ ရောက်ရ၏" (က္ကတိဝုတ်၊ သမ္မာဒိဋ္ဌိကသုတ်) စသည်ဖြင့် ဘုရားရှင်က ဟောတော်မူထားပါသည်။

## ( ဂ )

အချို့ကလည်း အလှူအတန်းကြီးကြီးမားမား တစ်ခါလောက် လုပ်ပြီးလျှင်၊ သို့မဟုတ် အခါကြီးရက်ကြီးများတွင် ဥပုသ်သီလများ ဆက်တိုက် စောင့်ထိန်းပြီးလျှင်၊ သို့မဟုတ် ရက်ရှည်တရားစခန်းများ တစ်ခါလောက် အားထုတ်ပြီးသွားလျှင် ရက်ပေါင်းများစွာ ကုသိုလ်ကောင်းမှုတို့၌ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ဖြစ်နေကြတတ်ပြန်၏။

ကုသိုလ်ကောင်းမှုဟူသည် တစ်နေ့ထက်တစ်နေ့ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ တိုးပွားအောင် များပြားအောင် ပွားများအားထုတ် နေရမည့်တရား ဖြစ်၏။

"ပုဂ္ဂိုလ်သည် ကောင်းမှုကိုပြုပြီးသော်လည်း ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏။ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကို ပြုရာ၏။ ကောင်းမှုကို ပွားစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း" (ဓမ္မပဒ-၁၁၈) ဟု ဘုရားရှင်က ဟောတော်မူ၏။

အချို့ကလည်း ကောင်းမှုကုသိုလ်များ ပြုလုပ်နေပါလျက် ဆင်းရဲတွင်းမှ မလွတ်မြောက်နိုင်သေးဘဲ ကောင်းကျိုးချမ်းသာတို့ကို ထင်ထင်ရှားရှား မခံစားရသောအခါ စိတ်ပျက်အားလျှော့ကာ ဆက်လက်ပြုလုပ်လိုစိတ်များ ကုန်ဆုံးသွားတတ်ကြသည်။ ထိုပုဂ္ဂိုလ်များအတွက် ဘုရားရှင်က အောက်ပါအတိုင်း ဟောတော်မူထား၏။

"ကောင်းမှုပြုသောသူပင်ဖြစ်သော်လည်း ကောင်းမှုအကျိုးမပေးသရွေ့ကာလပတ်လုံး မကောင်းသောအာရုံကို တွေ့မြင်နိုင်သေး၏။ ကောင်းမှုအကျိုးပေးသောအခါ၌မူကား ကောင်းမှုပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့မြင်ရလေတော့၏။"

*(ဓမ္မပဒ-၁၂၀)*

"အနည်းငယ်သော ကောင်းမှုသည် (ငါ့အား) အကျိုးရောက်လိမ့်မည်မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင်မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များသော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ် အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။" *(ဓမ္မပဒ၊ ၁၂၂)*

အချို့ကလည်း "ဒါနပြုလျှင် သံသရာရှည်မည်"၊ "ကံမကုန်သေးလျှင် ဘဝမပြတ်သဖြင့် နိဗ္ဗာန်နှင့်ဝေးမည်" စသည့် တစ်ဖက်သတ်အမြင်ဖြင့် ကုသိုလ်ကောင်းမှုကို တားမြစ်ကြသေး၏။

ကုသိုလ်ကောင်းမှုရှိမှ သုဂတိဘဝ ရောက်နိုင်၏။ သုဂတိဘဝရောက်မှ သူတော်ကောင်းများနှင့်တွေ့ကာ သူတော်ကောင်းတရားကို နာကြားခွင့်ရ၊ အားထုတ်ခွင့်ရသဖြင့် သံသရာမှ မြန်မြန်လွတ်မြောက်နိုင်၏။

"ရဟန်းတို့၊ ကုသိုလ်ကောင်းမှုတို့ကို မကြောက်ကြကုန်လင့်။ ရဟန်းတို့၊ ကုသိုလ်ကောင်းမှုတို့ဟူသော ဤအမည်သည် ထိုအလို ရှိအပ်၊ နှစ်သက်အပ်၊ ချစ်ခင်အပ်၊ မြတ်နိုးအပ်သော ချမ်းသာသုခ ၏၊ အမည်ပေတည်း။

"ရဟန်းတို့၊ ငါဘုရားသည် ရှည်ကြာစွာသော နေ့ညဉ့်ပတ်လုံး မိမိပြုအပ်သော ကုသိုလ်တို့၏ အလိုရှိအပ်၊ နှစ်သက်အပ်၊ ချစ်ခင် အပ်၊ မြတ်နိုးအပ်သောအကျိုးကို ခံစားဖူးသည်ကို မျက်မှောက် ထင်ထင် သိမြင်တော်မူ၏" (ဣတိဝုတ်၊ မေတ္တသုတ်) ဟု ဘုရားရှင် က ဟောထားတော်မူပါသည်။

"ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန် တမလွန်ဘဝ နှစ်တန်တို့၌လည်း ဝမ်းမြောက်ရ၏။ ထိုကောင်းမှုပြုသူသည် မိမိ၏ စင်ကြယ်သောကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၊ အလွန်ဝမ်းမြောက် ရ၏။" (ဓမ္မပဒ-၁၆)

ဤဒေသနာအတိုင်း ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝတို့၌ ဝမ်းမြောက်ရွှင်လန်းရသော ကုသိုလ်ကောင်းမှုမှန်သမျှကို ဒါနတတ်နိုင် သည့်အခါ ဒါန၊ သီလတတ်နိုင်သည့်အခါ သီလ၊ ဘာဝနာတတ်နိုင်သည့် အချိန် ဘာဝနာ ရနိုင်သမျှ စုဆောင်းနိုင်ပါမှ လူဖြစ်ရကျိုး၊ သာသနာတော် နှင့်တွေ့ကြုံရကျိုး နပ်ကြမည်ဟု ဓမ္မဒေသနာ ဘာဝနာမယကုသိုလ် ဖြစ်ကြောင်း ကောင်းမှုတစ်ခုအနေဖြင့် တင်ပြလိုက်ရပေသည်။

**"ကုသိုလ်စိတ်ပေါင်း၊ ဟစ်သောင်းငါးထောင်**
**မျှားမြောင်စွာလှ၊ တစ်ရာ့နှစ်ဆယ်**
**အသွယ်သွယ်တွင်၊ တစ်မယ် (မည်) မက**
**နေ့စဉ် ရအောင်၊ ကျင့် စွမ်းဆောင်**
**အမောင်. . . . လူစွမ်းကောင်း။"**

**၂၀၀၁-ခုနှစ်၊ ဧပြီလ၊ ဓမ္မရံသီမဂ္ဂဇင်း။**

## သာသနာ့ဘက်တော်သားများ

### ( ၁ )

"ယုတ်မာ ဆိုးတောင်း၊ ကျင့် မကောင်းကို၊ မှားကြောင်း
တစိ၊ သိလျှင်သိချင်း၊ စွန့်ပယ်လျှင်းလော့၊ အတင်း ယူစွဲ၊
ဖား မြွေခဲသို့၊ အမြဲ မှတ်သို၊ မစွန့်လိုက၊ ဤကိုယ် သုခ၊
နောင်မရဘူး" *(မဃဒေဝ၊ ၃၂၂)*

မန်လည်ဆရာတော်ကြီးသည် လောမဟံသဇာတ်ကို ရည်ရွယ်၍ အထက်ပါလင်္ကာပိုဒ်ကို ရေးဟန်ရှိ၏။

ဘုရားအလောင်းတော်သည် လွန်ခဲ့သော ၉၁-ကမ္ဘာထက်တွင် သာသနာတော်မှအပဖြစ်သော မိစ္ဆာအကျင့်ကို စုံစမ်းလို၍ အာဇီဝကရဟန်းပြုကာ အဝတ်မဝတ်ဘဲ နေခဲ့ဖူး၏။ မြူမှုန်အလိမ်းလိမ်းကပ်သောကိုယ်ဖြင့် ဆိတ်ငြိမ်ရာအရပ်တွင် တစ်ယောက်တည်းနေ၏။ လူတွေ့မခံ၊ လူမြင်လျှင် သားသမင်ကဲ့သို့ ထွက်ပြေး၏။

တောအရပ်ဒေသတွင် နံနက်ပိုင်းမိုးလင်းချိန်၌ နွားခြံမှ နွားအုပ်ကြီးကို နွားစားကျက်သို့ မောင်းထုတ်သွားသည်။ နွားခြံတွင် လူသူကင်းမဲ့ကျန်ခဲ့သည်။ အာဇီဝကသည် လေးဖက်ထောက်၍ နွားခြံသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ကာ နို့စို့နွားငယ်၏မစင်ကို စား၏။

မေ့မေ့လျော့လျော့ဖြစ်မနေဖို့ ကြောက်မက်ဖွယ်ရှိသောတော၌သာ နေ၏။ ဆောင်းရာသီ ဆီးနှင်းထူထပ်စွာကျချိန်တွင် ညအခါ လွင်ပြင်သို့ ထွက်ထိုင်သည်။ နေထွက်သောအခါ တောထဲဝင်၍ သစ်ပင်များအောက်တွင်

ရပ်ကာ သစ်ပင်မှကျလာသော ဆီးနှင်းရေခဲသည်။ အအေးဒဏ်ဖြင့် ခန္ဓာကိုယ်ကို ပင်ပန်းအောင်ညှဥ်းဆဲခြင်း ဖြစ်သည်။

နွေရာသီ ပူအိုက်ချိန်တွင် လွင်တီးခေါင်၌ မတ်တတ်ရပ်၍ တစ်နေကုန် နေပူခံသည်။ ညအခါမှ တောထဲဝင်ကာ လေလုံသောနေရာ၌ နေ၍ ပူအိုက်မှုဒုက္ခကို ခံစား၏။

အပူဒဏ်ခံခြင်း၊ အအေးဒဏ်ခံခြင်းစသော အာဇီဝကကျင့်စဉ်များကို အပြင်းအထန်ကျင့်နေသော ဘုရားအလောင်းအား သေခါနီးသောကာလ၌ ငရဲနိမိတ်များ ထင်လာသည်။ ဤတွင်မှ အာဇီဝကအကျင့်များ အကျိုးမရှိမှန်းသိသဖြင့် ထိုမိစ္ဆာအယူကို ချက်ချင်းစွန့်လွှတ်သည်။ သမ္မာဒိဋ္ဌိအယူကို ယူလေသည်။ ထိုသမ္မာဒိဋ္ဌိ ကုသိုလ်ကံ၏အစွမ်းကြောင့် သေလွန်သောအခါ နတ်ပြည်၌ ဖြစ်လေ၏။

ဤလောမဟံသဇာတ်တော်ကို ရည်ရွယ်၍ မဇ္ဈိမနိကာယ်၊ တေဝိဇ္ဇဝစ္ဆသုတ်တွင် အောက်ပါအတိုင်းဟောထားသည်ကို တွေ့ရ၏။

"အရှင်ဂေါတမ၊ ကိုယ်ခန္ဓာပျက်စီးသည်မှ နောက်၌ နတ်ပြည်သို့ရောက်သော တစ်စုံတစ်ယောက်သော အာဇီဝကသည် ရှိပါသလော" ဟု လျှောက်၏။

"ဝစ္ဆ၊ ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ တစ်ယောက်သော အာဇီဝကကိုကြဉ်၍ တစ်စုံတစ်ယောက်သော အာဇီဝကကိုမျှ နတ်ပြည်သို့ရောက်သည်ကို ငါမအောက်မေ့မိ၊ မသိမြင်ခဲ့၊ ထိုတစ်ယောက်သော အာဇီဝကသည်လည်း ကမ္မဝါဒီ ကိရိယဝါဒီဖြစ်သော ငါသာလျှင် ဖြစ်ပေ၏" ဟု မိန့်တော်မူ၏။

ဤသို့ အမှားကို အမှားမှန်းသိသည်နှင့် ချက်ချင်းပြင်ရခြင်းသည် ဘုရားအလောင်းတို့၏ အရည်အချင်းကောင်းတစ်ခု ဖြစ်၏။ လူသာမန်တို့ကား မှားမှန်းသိသည့်တိုင် မှားကြောင်း ချက်ချင်းဝန်ခံဖို့ရာ ဝန်လေး၏။ အမှားကိုစွန့်လွှတ်ကာ ဘက်ပြောင်းဖို့ကိစ္စကား သာ၍ခက်ခဲလေ၏။

( ၂ )

"ရဟန်းတို့၊ မိစ္ဆာဒိဋ္ဌိဖြစ်ပေါ်ရန် အကြောင်းတို့သည် ဤနှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ-တစ်ပါးသူထံမှ မသူတော်တရားသံကို ကြားနာရခြင်းလည်းကောင်း၊ မသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းလည်းကောင်း စသည်တို့တည်း။"
*(အင်္ဂုတ္တိုရ်၊ ဒုကနိပါတ်)*

အထက်ပါ ဒေသနာတော်အတိုင်း မိစ္ဆာဒိဋ္ဌိဖြစ်ရန် အကြောင်းနှစ်မျိုးသာ လိုပါသည်။ အဟောအပြောကောင်းသူ၊ အရေးအသားကောင်းသူများကို ဆည်းကပ်မိ၊ သူတို့၏ဟောပြောချက်-ရေးသားချက်များကို နာကြားဖတ်ရှုမိ၍ မိမိစရိုက် မိမိအတွေးအခေါ်နှင့် ကိုက်ညီလျှင် နှစ်ခြိုက်သဘောကျမိတတ်ကြလေသည်။ သူတို့မှားလျှင် မိမိလည်း လိုက်မှားမည်သာ။

ကြာသောအခါ ပုဂ္ဂိုလ်ကိုလည်းမင်၊ တရားကိုလည်းခင်ကာ ဤဆရာမှ ဤဆရာ၊ ဤတရားမှ ဤတရား၊ "ဣဒမေဝ သစ္စံ၊ မောဃ မည်-ဤဟာသာ အမှန်၊ ကျန်တာသည် အမှား" ဟူသည့် အဆင့်သို့ ရောက်တတ်၏။

မိမိတို့၏အမှားကို အခြားသူများက ထောက်ပြလာ၍ မိမိတို့မှားကြောင်း ထင်ရှားသည့်တိုင် မှားယွင်းကြောင်း ဝန်မခံချင်တော့။ အမှားပေါ်အမှားဆင့်ကာ နစ်နာကြရ၏။

ထိုသို့မဖြစ်သင့်ကြောင်း အရှင်မဟာစုန္ဒမထေရ်အား အောက်ပါအတိုင်း မြတ်ဗုဒ္ဓမိန့်တော်မူဖူး၏။

"အခြားသူတို့သည် မိမိအယူကို လွန်စွာစွဲလမ်းကာ မြဲမြံစွာယူကြကုန်လျက် ပြန်လည်မစွန့်လွှတ်နိုင်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မိမိအယူကို လွန်စွာမစွဲလမ်းဘဲ မြဲမြံစွာမယူကြကုန်ဘဲ ပြန်လည်စွန့်လွှတ်နိုင်သူတို့ ဖြစ်ကြကုန်အံ့ဟု စိတ်ကို ဖြစ်စေသင့်၏။"
*(မူလပဏ္ဏာသပါဠိတော်၊ သလ္လေခသုတ်)*

နောက်ထပ် စဉ်းစားဖွယ် အကြောင်းတစ်ခုကား မိမိတို့ဘက်က မှားသဖြင့် မိမိတို့နှင့် ဘုရားရှင်သည် ဆန့်ကျင်ဘက်ဖြစ်နေတတ်ခြင်းပင်။

မိမိတို့ ကာလကြာရှည် ကိုးကွယ်ဆည်းကပ်လာသည့် ဆရာသမား မျက်နှာကို ထောက်နေရသဖြင့် ဘုရားရှင်နှင့် ဆန့်ကျင်ဘက်ရန်သူသဖွယ် ဖြစ်နေမည်ဆိုလျှင် သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သူ ဗြဟ္မဒတ္တလုလင် စဉ်းစားသကဲ့သို့ -

"ဆရာသည် မစင်ကိုနင်းသော်လည်းကောင်း၊ ဆူးစသည်ကို နင်းသော်လည်းကောင်း၊ တံကျင်ပေါ်သို့ တက်သော်လည်းကောင်း၊ ရုတ်တရက်သေစေတတ်သော အဆိပ်ကို ခဲစားသော်လည်းကောင်း၊ ကြမ်းတမ်းသောရေအလျဉ်သို့ ချော်ကျသော်လည်းကောင်း၊ နရက်ချောက်သို့ ခုန်ချသော်လည်းကောင်း အလုံးစုံသောထိုအမှုကို တပည့်ဖြစ်သူသည် လိုက်မလုပ်အပ်" ဟု စဉ်းစားကာ စွန့်ခွာသင့်ပါသည်။

ဤတွင် မဟာနာမ်မင်းကြီး၏ သဘောထားကို စံထားအတုယူသင့်၏။ မဟာနာမ်မင်းကြီးသည် မြတ်ဗုဒ္ဓအား ဤသို့လျှောက်ထားဖူး၏။

"အရှင်ဘုရား၊ ငြင်းခုံမှု အကြောင်းတစ်စုံတစ်ခုဖြစ်ပေါ်၍ မြတ်စွာဘုရားက တစ်ဖက်၊ ဘိက္ခုသံဃာက တစ်ဖက်ဖြစ်ခဲ့မူ အကျွန်ုပ်သည် မြတ်စွာဘုရားဘက်၌သာ ဖြစ်ပါအံ့။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို 'ဤသို့ ကြည်ညိုသူ' ဟု မှတ်တော်မူပါ။

"အရှင်ဘုရား၊ ငြင်းခုံမှု အကြောင်းတစ်စုံတစ်ခု ဖြစ်ပေါ်၍ မြတ်စွာဘုရားကတစ်ဖက်၊ ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာကတစ်ဖက် ဖြစ်ခဲ့မူ အကျွန်ုပ်သည် မြတ်စွာဘုရားဘက်၌သာ ဖြစ်ပါအံ့။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို 'ဤသို့ ကြည်ညိုသူ' ဟု မှတ်တော်မူပါ။

"အရှင်ဘုရား၊ ငြင်းခုံမှု အကြောင်းတစ်စုံတစ်ခု ဖြစ်ပေါ်၍ မြတ်စွာဘုရားကတစ်ဖက်၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာနှင့် ဥပါသကာတို့ကတစ်ဖက် ဖြစ်ခဲ့မူ အကျွန်ုပ်သည် မြတ်စွာဘုရားဘက်၌သာ ဖြစ်ပါအံ့။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို 'ဤသို့ ကြည်ညိုသူ' ဟု မှတ်တော်မူပါ။

"အရှင်ဘုရား၊ ငြင်းခုံမှုအကြောင်းတစ်စုံတစ်ခု ဖြစ်ပေါ်၍ မြတ်စွာဘုရားကတစ်ဖက်၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ဥပါသကာနှင့် ဥပါသိကာမတို့ကတစ်ဖက် ဖြစ်ခဲ့မူ အကျွန်ုပ်သည် မြတ်စွာဘုရားဘက်၌သာ ဖြစ်ပါအံ့။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို 'ဤသို့ ကြည်ညိုသူ' ဟု မှတ်တော်မူပါ။

"အရှင်ဘုရား၊ ငြင်းခုံမှုအကြောင်းတစ်စုံတစ်ခု ဖြစ်ပေါ်၍ မြတ်စွာဘုရားကတစ်ဖက်၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ဥပါသကာ ဥပါသိကာမတို့နှင့် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကက တစ်ဖက်ဖြစ်ကြလျှင် တပည့်တော်သည် မြတ်စွာဘုရားဘက်၌သာ ဖြစ်ပါအံ့။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို 'ဤသို့ ကြည်ညိုသူ'ဟု မှတ်တော်မူပါ"ဟု လျှောက်၏။

*(မဟာဝဂ္ဂသံယုတ်၊ ဂေါသေက္ကသုတ်)*

ယခုအချိန်အခါတွင်လည်း မဟာနာမ်မင်းကြီးကဲ့သို့ ဘုရားဘက်မှ ရပ်တည်လိုကြသူများကို တွေ့ရပါသည်။ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်တွင် "လူသေလူဖြစ် ဝါဒါနုဝါဒဝိနိစ္ဆယ" (ပီဒီအက်ဖ်ဖိုင်) စာအုပ်တွေ့သဖြင့် ဒေါင်းလို့ဒ်ဆွဲဖတ်ကြည့်ပါသည်။ စာအုပ်အစပိုင်း၌ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရ၏။

## ( ၃ )

## သာသနာ့ပါလအဖွဲ့ မိတ်ဆက်

မြန်မာကျူးပစ် သာသနာ့ပါလအဖွဲ့က ဓမ္မဒါနပြု တင်ဆက်လိုက်သော လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ်ကို ဖတ်ရတဲ့ဓမ္မမိတ်ဆွေများ၊ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် "သာသနာ့ပါလဆိုတာဘာလဲ၊ ဘယ်လိုအဖွဲ့မျိုးလဲ၊ ဘာတွေလုပ်နေသလဲ" ဆိုတာကို သိချင်ကြလိမ့်မယ်

လို့ ယုံကြည်သည့်အတွက် သာသနာ့ပါလအဖွဲ့အကြောင်း အကျဉ်းချုပ် တင်ပြပါရစေ။

"သာသနာ" ဆိုတဲ့အသုံးဟာ ပါဠိဘာသာ "သာသန" မှ ဆင်းသက်လာတာဖြစ်ပါတယ်။ "ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ" ကို ရည်ညွှန်းပါတယ်။ "ပါလ" ဆိုတာကတော့ စောင့်ရှောက်တဲ့အနက်ရတဲ့ ပါဠိဘာသာ "ပါလက" ကို မြန်မာမှုပြုခဲ့ကြတာပါ။ ဒါ့ကြောင့် "သာသနာ့ပါလအဖွဲ့" ဆိုသည်မှာ "ဘုရားရှင်၏သာသနာတော်ကြီးကို စောင့်ရှောက်ကာကွယ်မည့်သူများအဖွဲ့" ဖြစ်ပါတယ်။

မြန်မာကျူးပစ်ဖိုရမ်မှ သာသနာတော်ကိုကြည်ညိုသူ စိတ်တူကိုယ်တူ မောင်နှမများက စုပေါင်းတည်ထောင်ထားခြင်း ဖြစ်ပါတယ်။ နှမ်းတစ်လုံးတဲနဲ့ ဆီမဖြစ်ပေမဲ့ နှမ်းစေ့ကလေးတွေများလာရင် ဆီဖြစ်တယ် ဆိုတဲ့အတိုင်း အများရဲ့စွမ်းအားဖြင့် သာသနာတော်အကျိုးကို စုပေါင်းသယ်ပိုးရန် ဖြစ်ပါတယ်။

သာသနာ့ပါလအဖွဲ့ဟာ လူသေလူဖြစ်ဝါဒါနုဝါဒ ဝိနိစ္ဆယစာအုပ်ရိုက်ရာမှ မြစ်ဖျားခံလာတာ ဖြစ်ပါတယ်။

မြန်မာကျူးပစ်ဖိုရမ်တွင် အဓမ္မရုပ်ဝါဒီ ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒကို တိုက်ဖျက်ရန် ကြိုးပမ်းခဲ့ကြပါတယ်။ လူသေလူဖြစ် ဝိနိစ္ဆယစာအုပ်ကို ကျူးပစ်မန်ဘာအများကူညီမှုဖြင့် စာရိုက်အဖွဲ့ဖွဲ့ကာ ပီဒီအက်ဖ်လုပ်ရန် ကြိုးစားကြပါတယ်။ သည်အခါမှာ စိတ်တူကိုယ်တူ သာသနာ့စိတ်ဓာတ်ရင့်သန်သူ ညီအစ်ကိုမောင်နှမများ စုစည်းလက်တွဲမိကြပါတယ်။ မြန်မာကျူးပစ်သာသနာ့ပါလအဖွဲ့ကြီးကို မြန်မာကျူးပစ်ဖိုရမ် နှစ်ပတ်လည်မွေးနေ့ဖြစ်တဲ့ ၁၁-၄-၂၀၁၀-တနင်္ဂနွေနေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။

အဖွဲ့ဝင်ညီအစ်ကိုမောင်နှမများ စုပေါင်းအင်အားဖြင့် သာသနာတော်ကို ကာကွယ်ရန်၊ သာသနာကိုဖျက်ဆီးမည့် အဓမ္မဝါဒများကို တားဆီးတိုက်ဖျက်ရန်-ဆိုတဲ့ အဓိကဦးတည်ချက်နှစ်ရပ်ကို ချမှတ်ခဲ့ကြပါတယ်။

သာသနာ့ပါလအဖွဲ့ရဲ့ အဓိကလုပ်ငန်းစဉ်ကတော့ "ပြည်တွင်း ပြည်ပ ဗုဒ္ဓဘာသာဝင်ပြည်သူများအနေဖြင့် ဗုဒ္ဓစာပေများကို ငွေကုန် ကြေးကျမှုမရှိဘဲ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်၊ ဗုဒ္ဓဘာသာဝင် များအကြား ဗုဒ္ဓစာပေကျမ်းဂန်များ ပြန့်ပွားနိုင်သမျှ ပြန့်ပွားစေရန် ရည်ရွယ် ၍ သာသနာတော်အတွက် အကျိုးရှိသည့်စာအုပ်များ၊ အဓမ္မဝါဒတိုက်ဖျက် ရေးစာအုပ်များကို ပီဒီအက်ဖ်ပြုလုပ်ကာ ဓမ္မဒါနပြုဖြန့်ဝေရန်" ဖြစ်ပါတယ်။

လူသေလူဖြစ်ဝါဒ တိုက်ဖျက်ရေးကနေ စတင်လက်တွဲမိလာကြတဲ့ ညီအစ်ကိုမောင်နှမများဟာ "သာသနာ့ပါလအဖွဲ့" ကို ဖွဲ့စည်းပြီးတဲ့နောက် သာသနာကိုဖျက်ဆီးနေတဲ့၊ ဖျက်ဆီးလာမယ့် အဓမ္မဝါဒအားလုံးကို တိုက်ဖျက် ရေးဆီသို့ပါ ဦးတည်လျှောက်လှမ်းနိုင်ခဲ့ကြပါတယ်။

စိတ်အားထက်ထက်သန်သန် အချိန်ကုန်ခံ လူအပင်ပန်းခံကာ ဝိုင်းဝန်းအားထုတ်ကြတာကြောင့် အဖွဲ့တည်ထောင်ချိန်ကနေ ယနေ့ (၁၁-၁၁-၂၀၁၀) အထိ တိုတောင်းလှတဲ့ကာလအတွင်းမှာ စာမျက်နှာ-၆၀၀၀ နီးပါးရှိတဲ့ မဟာဗုဒ္ဓဝင်စာအုပ်ကြီး၊ စာမျက်နှာ-၁၂၀၀ နီးပါးရှိ လူသေလူဖြစ် ဝိနိစ္ဆယအပါအဝင် ဝိနိစ္ဆယစာအုပ်အားလုံးနီးပါးနှင့် သာသနာတော်အတွက် အကျိုးများစေမည့် ဗုဒ္ဓစာပေကျမ်းဂန်စာအုပ်များကို ပီဒီအက်ဖ်ပြုလုပ်ပြီး ဓမ္မဒါနပြုနိုင်ခဲ့ပါတယ်။

ဗုဒ္ဓသာသနာဝင်တို့၏ ရင်တွင်းမှာ ခိုင်မာတဲ့ သဒ္ဓါတရားအုတ်မြစ် များ ချပေးနိုင်မယ့် ဓမ္မစေတီတော်ပေါင်းများစွာကို သာသနာ့ပါလအဖွဲ့က တည်နိုင်ခဲ့ပါတယ်။

သာသနာ့ပါလအဖွဲ့ဝင် ညီအစ်ကိုမောင်နှမများဟာ တစ်ဦးနဲ့ တစ်ဦး ဘာသာရေးဗဟုသုတများ ဖလှယ်ရင်း၊ ဗုဒ္ဓစာပေကျမ်းဂန်များကို စုပေါင်းလေ့လာရင်း မိမိတို့ရဲ့ အဇ္ဈတ္တအတွင်းသာသနာကိုလဲ ခိုင်မာအောင် တည်ဆောက်နေကြပါတယ်။

သာသနာ့ပါလအဖွဲ့ဟာ ယခုအချိန်မှာ ပီဒီအက်ဖ်များသာ ပြုလုပ် နေသေးပေမဲ့ အချိန်ကာလတစ်ခုရောက်လို့ အင်အားပိုမိုတောင့်တင်း

လာသည့်အခါ ဘာသာရေးဝက်ဘ်ဆိုက်ပြုလုပ်ခြင်း၊ ပရိယတ္တိဝန်ဆောင် သံဃာတော်များကို တတ်စွမ်းသမျှ အလှူဒါနများပြုလုပ်ခြင်းစတဲ့ သာသနာ့ အကျိုးပြုလုပ်ငန်းများကို တတ်စွမ်းသမျှ လုပ်ကိုင်သွားဖို့ ရည်ရွယ်ထား ပါတယ်။

ဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးကို အတွင်းရန်၊ အပြင်ရန်တွေ ကနေ စိတ်အားထက်ထက်သန်သန်ဖြင့် ကာကွယ်စောင့်ရှောက်လိုသော၊ သာသနာတော်ကြီးကို ပြန့်ပွားစေလိုသော သာသနာ့စိတ်ဓာတ် ထက်သန်သူ မည်သူ့ကိုမဆို သာသနာ့ပါလအဖွဲ့က ကြိုဆိုပါတယ်။

သာသနာ့ပါလအဖွဲ့က ဓမ္မဒါနပြုသော ပီဒီအက်ဖ်များကို နီးစပ်ရာ တစ်ဆင့် ပြန်လည်ဖြန့်ဝေကာ ဓမ္မဒါနပြုခြင်းဖြင့် သာသနာကို တစ်ဖက် တစ်လမ်းက ပါဝင်စောင့်ရှောက်နိုင်ကြပါစေ. . .။

ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းစေသော်။

*သာသနာ့ပါလအဖွဲ့၊ မြန်မာကျူးပစ်ဖိုရမ်၊ ၁၁-၁၁-၂၀၁၀*

*ဗုဒ္ဓဟောဖော် ဒေသနာတော်နှင့်လျော်ညီသော ဘာသာရေးစာအုပ် များကို ပင်ပင်ပန်းပန်း စာစီစာရိုက်ပြုလုပ်၍ဖြစ်စေ၊ စကန်ဖတ်၍ဖြစ်စေ ဓမ္မဒါနပေးလှူကြသော အလားတူဝက်ဘ်ဆိုဒ်များ၊ ဖိုရမ်များကို ဝမ်းမြောက် နူမော် သာဓုခေါ်ကာ ဘုရားရှင်ဘက်တော်သားများ သာသနာ့ဘက်တော် သားများအဖြစ် ဂုဏ်ပြုစကား ပြောကြားလိုက်ပါသည်။*

၂၀၁၁-ခုနှစ်၊ ဇွန်လ၊ ဓမ္မရံသီမဂ္ဂဇင်း။



# လိမ်ညာခြင်း လိမ်လည်ခြင်း

## ( ၁ )

အမှန်မှာ မုသားဆိုခြင်း(ဝါ) လိမ်ညာပြောခြင်းနှင့် လိမ်လည်မှုပြုခြင်းမှာ သဘောလက္ခဏာ အတူတူပင် ဖြစ်၏။ မိမိအကျိုးရှိမှု၊ သို့မဟုတ် သူတစ်ပါးအကျိုးမဲ့မှုအတွက် မရိုးသားသော ပြောဆိုပြုမူမှုသာ ဖြစ်၏။ ဝစီကံမှုနှင့် ကာယကံမှုသာ ခြားနား၏။

အင်တာနက်ခေတ်တွင် နည်းပညာများ ပိုမိုဆန်းသစ်လာသဖြင့် လိမ်ညာမှုများလည်း ဆန်းပြားလာ၏။ တစ်ပါးသူ၏ အကြွေးကတ် (credit card) နံပါတ်များ၊ အသုံးပြုသူအမည် (usernames) လျှို့ဝှက်စကား (passwords) စသည်တို့ကို အင်တာနက်မှတစ်ဆင့် ရအောင်ယူလာကြ၏။

ပြုလုပ်ပုံမှာ အီးမေးလ် (e-mails) များ၊ ကွန်ရက်အတု (fake websites) များသုံး၍ တစ်ပါးသူ၏ သတင်းအချက်အလက်များ ရယူစုဆောင်း၏။ သို့မဟုတ်ပါက ထိုသူဆက်သွယ်နေသောဘဏ်မှ သတင်းအချက်အလက် ပြန်လည်တောင်းခံသည့်ဟန်ဖြင့် လှည့်ဖြားရယူ၏။

လိုအပ်သော သတင်းအချက်အလက်များ ရရှိလျှင် ထိုသူ၏ အကြွေးကတ်ကို အလွဲသုံးစားပြု၍ ပစ္စည်းများစွာ ဝယ်ယူသုံးစွဲမည်ဖြစ်ပြီး ကျသင့်ငွေအတွက် မူလအကြွေးကတ်ပိုင်ရှင်ကသာ တာဝန်ရှိမည်ဖြစ်ပါသည်။ ၎င်းနည်းကို phishing ဟု ခေါ်၏။

ထို့ပြင် ကွန်ရက်စာမျက်နှာအတု (bogus web page) ကို အသုံးပြုလျက် မိမိက ဒုက္ခပေးလိုသူ၏ ကွန်ပျူတာစနစ်ကို ဗိုင်းရပ်များ (vi-

ruses) များ၊ ထရိုဂျန်များ (trojan horses)၊ ဝါးမ်များ (worms)၊ မရိုးသားသော ကြော်ငြာများ (dishonest adware) စသည့် ကွန်ပျူတာပရိုဂရမ်များကိုသုံး၍ ဖျက်ဆီးပစ်တတ်၏။ ဤနည်းကို malware ဟု ခေါ်၏။

Spear Phishing ဟူသော နည်းဖြင့်လည်း အင်တာနက်မှတစ်ဆင့် အီးမေးလ် (e-mail) ဖြင့် တစ်ဖက်သား၏ အလုပ်ရှင်ဟန်ဆောင်ကာ သတင်းအချက်အလက်များ လိမ်လည်တောင်းခံတတ်သေး၏။

၎င်းပြင် Botnets ဟူသောနည်းဖြင့်လည်း ဓားစာခံကွန်ပျူတာ (zombie computer) ကို အသုံးပြု၍ ကွန်ပျူတာ ထောင်ပေါင်းများစွာမှ အချက်အလက် (data) များကို ခိုးယူနိုင်၏။

ထို့အတူ အီးမေးလ်များကိုအသုံးပြု၍ ဈေးပေါပေါဖြင့် ဝယ်ထားသော စတော့ရှယ်ယာများကို ဈေးကြီးကြီးဖြင့် လိမ်ညာရောင်းတတ်သေး၏။ ဤနည်းကို Pump and Dump ဟု ခေါ်ပါသည်။

ထို့ကြောင့် နည်းပညာများ တိုးတက်မှုသည် ကောင်းကျိုးဆိုးကျိုး ဒွန်တွဲလျက်ရှိ၏။ အင်တာနက်ကို ကျယ်ပြန့်စွာ သုံးစွဲလာသောအခါ အင်တာနက်မှတစ်ဆင့် လိမ်လည်မှုများကို ဆန်းပြားသောနည်းလမ်းများ သုံးစွဲ၍ ကျူးလွန်လာကြ၏။ ဤလိမ်လည်နည်းများကို cyber scams ဟု အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဝေါ်ပါသည်။

## ( ၂ )

အထက်ပါစာများမှာ ၂၀၁၁-ခုနှစ်၊ ဧပြီလထုတ် ဓမ္မရတနာ မဂ္ဂဇင်းပါ စာရေးဆရာကြည်လွင် (မြန်မာစာ) ၏ "လိမ်ညာခြင်းနှင့် လိမ်လည်ခြင်း" ဆောင်းပါးမှ ကောက်နုတ်ထားခြင်းဖြစ်၏။

ယင်းဆောင်းပါးမှ -

"အမှန်မှာ မုသားဆိုခြင်း (ဝါ) လိမ်ညာပြောခြင်းနှင့် လိမ်လည်မှုပြုခြင်းမှာ သဘောလက္ခဏာ အတူတူပင်ဖြစ်၏။ မိမိအကျိုးရှိမှု၊ သို့မဟုတ် သူတစ်ပါးအကျိုးမဲ့မှုအတွက် မရိုးသားသော

ပြောဆိုပြုမူမှုသာ ဖြစ်၏။ ဝစီကံမှုနှင့် ကာယကံမှုသာ ခြားနား၏" ဟူသောစကားရပ်ကို သံသယဖြစ်ကြသော အယ်ဒီတာများက ၎င်းဆောင်းပါးအဆုံးတွင် -

"မုသာဝါဒဟူသည် နှုတ်ဖြင့်ပြောဆိုသော ဝစီကံဖြစ်ကြောင်း ကျမ်းဂန်လာရှိပါသည်။ ဤဆောင်းပါး၌ပါရှိသော နှုတ်မြွက်မှုမပါသည့် လိမ်ညာမှုများသည် မုသာဝါဒကံထိုက်-မထိုက် ပညာရှင်များ စိစစ်ဝေဖန်ပေးပါရန် ပန်ကြားအပ်ပါသည်" ဟု ဖော်ပြထားပါသည်။

၎င်းဆောင်းပါးပါ နှုတ်မြွက်မှုမပါသည့် လိမ်ညာမှုများသည် ထိုဆရာရေးသားသည့်အတိုင်း ကာယကံမှုနှင့် ဝစီတံမှုသာ ခြားနား၏။ လိမ်လည်မှုသာဖြစ်သောကြောင့် မုသာဝါဒကံ ထိုက်ပါသည်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်းတွင် -

"မုသာဝါဒေါ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပေါစေတိ ဝစီညတ္တိသင်္ခါတေ ဝစီဒွါရေ ဗဟုလ္လဝုတ္တိတော ဝစီကမ္မံ နာမ။"

"မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ-အားဖြင့် လေးပါးသောတရားတို့သည် ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရ၌ များစွာ ဖြစ်သောကြောင့် ဝစီကံမည်၏" ဟု ဆိုထားရာ -

"ဝစီဒွါရေ ဗာဟုလ္လဝုတ္တိတော ဝစီကမ္မံ နာမ-ဝစီဒွါရ၌ များစွာဖြစ်သောကြောင့် ဝစီကံမည်၏" ဟူသော စာပိုဒ်အရ ဝစီဒွါရ၌သာ ဖြစ်နိုင်သောကြောင့် မုသာဝါဒစသည်ကို ဝစီကံဆိုသည်မဟုတ်၊ ဝစီဒွါရ၌ အဖြစ်များသောကြောင့်သာ ဝစီကံဟု ဆိုထားခြင်းဖြစ်၏။ အနည်းငယ်အားဖြင့် ကာယဒွါရ၌လည်း ဖြစ်နိုင်သေး၏-ဟု အဓိပ္ပာယ်ရ၏။

[တော၌ ကျင်လည်ကျက်စားမှုများသောကြောင့် မုဆိုးကို ပါဠိလို ဝနစရက (တော၌ကျက်စားသူ) ဟု ခေါ်၏။ သို့သော် မုဆိုးသည် ရွာ၌လည်း နေလေ့ရှိသည်သာ။ ပုဏ္ဏားလူမျိုးများစွာရှိသောရွာကို ဗြာဟ္မဏဂါမ (ပုဏ္ဏား

ရှာ) ဟု ခေါ်လေ့ရှိ၏။ သို့သော် အခြားလူမျိုးများလည်း အနည်းငယ် ရှိနိုင်သည်သာ။ အဖြစ်များသောကြောင့် "ချစ်ခြင်းအစမျက်စိက" ဟု ပြော လေ့ရှိကြ၏။ သို့ရာတွင် မျက်စိကန်းသူများလည်း ချစ်တတ်သည်သာ။]

ထို့ကြောင့် သဂြိုဟ်ဘာသာဋီကာတွင် အောက်ပါအတိုင်း ရေးသား ဖော်ပြထား၏။

မုသာဝါဒ။ ။ မုသာသဒ္ဒါသည် မဟုတ်မမှန်သော ဝတ္ထုကို ဟောသောနိပါတ်ပုဒ်တည်း။ မဟုတ်မမှန်သောဝတ္ထုဟူသည် "သက်န်းရှိသလား" ဟုမေးရာ၌ ရှိလျက် "မရှိ" ဟု ပြောဆိုအပ် သောသက်န်း၊ မရှိဘဲလျက် "ရှိသည်" ဟု ပြောဆိုအပ်သော သက်န်းပင်တည်း။

တစ်စုံတစ်ခုသော သတင်းစကားကိုကြားရာ၌ "ဟုတ် သလား" ဟုမေးလျှင် ဟုတ်လျက် "မဟုတ်" ဟု ပြောဆိုအပ်၊ မဟုတ်ဘဲလျက် "ဟုတ်သည်" ဟု ပြောဆိုအပ်သော သတင်းစကား တည်း။

ဤသို့လျှင် အရာဝတ္ထုက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ပြောတိုင်းမဟုတ်သည်ကိုပင် "မုသာ" ဟု ဆိုသည်။

မုသာ+ဝဒန္တိ+စေတနာတိ မုသာဝါဒေါ။ စေတန-ဤ စေတနာဖြင့်၊ မုသာ-မဟုတ်မမှန်သော ဝတ္ထုကို၊ ဝဒန္တိ-အမှန်လုပ်၍ ပြောဆိုတတ်ကုန်၏။ ဣတိ-ထို့ကြောင့်၊ သော-ထို စေတနာတရား သည်၊ မုသာဝါဒေါ-မုသာဝါဒ မည်၏။

နှုတ်ဖြင့်ပြောရသော မုသာကများ၍ "မုသာဝါဒ" ဟု ဆိုသည်။ ကိုယ်နှုတ် တစ်ခုခုဖြင့် ညာဝါး ဖြန်းသန်းရေးသားမှု အရပ်ရပ်တို့မှာ မုသာဝါဒမည်သည်သာတည်း။

(ဘာ-ဋီ၊ ၃၇၂)

( ၃ )

ငွေရလိုခြင်းကြောင့် သာမန်လိမ်လည်မှုများသည် တစ်ဘဝစာသာ ဒုက္ခရောက်စေနိုင်ကြ၏။ နာမည်ကြီးလိုမှု စသည်ကိုအခြေခံသော၊ ပဋိပတ်နှင့်စပ်သော အရိယာမဖြစ်ဘဲလျက် အရိယာဖြစ်နေကြောင်း လိမ်လည်မှု၊ သူတို့ထံ တပည့်ခံပါက ဘယ်နှရက် ဘယ်နှလအတွင်း အရိယာဖြစ်အောင် ပြုလုပ်ပေးနိုင်ကြောင်း လှည့်ဖြားမှုများသည် လိမ်လည်လှည့်ဖြားခံရသူများအား ဘဝပေါင်းများစွာ ဒုက္ခရောက်ရသည်အထိ ဖြစ်စေနိုင်ကြ၏။

**"သစ္စာတရားတစ်ခုကိုလွန်၍ မုသားစကားကို ဆိုလေ့ရှိသော နောင်ဘဝအတွက် ဆင်ခြင်စဉ်းစားခြင်း အလျှင်းမရှိသောသူအား မပြုနိုင်မည့် မကောင်းမှု အကုသိုလ်မည်သည် မရှိ" (ဓမ္မပဒ၊ ၁၇၆) ဟူသည့်အတိုင်း -**

ထိုပုဂ္ဂိုလ်များသည် "အရိယာဖြစ်ပြီးသူအား ကုသိုလ်-အကုသိုလ်များကို ပယ်သတ်ပြီးဖြစ်သောကြောင့် အကုသိုလ်လုပ်သော်လည်း အကုသိုလ်မဖြစ်တော့" ဟု သင်ကြားပေးကြ၏။ "သူတစ်ပါးသားမယားနှင့် လွန်ကျူးသည့်တိုင် နှစ်ဦးသဘောတူလျှင် အပြစ်မဖြစ်" ဟု တပည့်များအား နှစ်သိမ့်ကြ၏။ သူတို့ကိုယ်တိုင်လည်း ကျူးလွန်ကြ၏။

ထိုပုဂ္ဂိုလ်များသည် ဘုရားဟောတရားကိုပင် ပြင်လိုပြင် ဖျက်လိုဖျက် လုပ်ချင်သလိုလုပ်ကြကာ ဘုရားကိုပင် မျက်ကွယ်ပြုသူများ၊ အလေးမထားသူများဖြစ်သောကြောင့် သံဃာကိုကား ရိုသေလေးစားဖို့ဝေးစွ၊ စာရင်းထဲပင် ထည့်ကြသူများမဟုတ်။

ထိုပုဂ္ဂိုလ်များ မည်မျှပင်ယုတ်မာဆိုးဝါးစေကာမူ အချောင်ကြိုက်အလွယ်လိုက်သူများ၊ ပညာအားနည်း သဒ္ဓါသည်းသူများလည်း များစွာရှိသောကြောင့် အားပေးထောက်ခံသူ မရှားဘဲ သူ့ပရိသတ်များအကြား သူဘုရားလုပ်ကာ လှည့်လည်နေထိုင်ကြ၏။

**"အကြင်သူသည် ရဟန္တာမဟုတ်ဘဲလျက် ရဟန္တာဟု ဝန်ခံ၏။ ဤသူသည်သာလျှင် ဗြဟ္မာနှင့်တကွသော လောက၌**

**အယုတ်မာဆုံးဖြစ်သော ခိုးသူကြီးပေတည်း” (သုတ္တနိပါတ်၊ ဝသလသုတ်) ဟု မြတ်ဗုဒ္ဓ ဟောတော်မူ၏။**

အဘယ်ကြောင့် အယုတ်မာဆုံးခိုးသူကြီး ဖြစ်သနည်း-ဟူမူ အရိယာမဟုတ်ဘဲလျက် အရိယာဟု လှည့်ဖြားထားမှုကြောင့် ထိုသူ့အား အရိယာဟု ယုံကြည်မိသူအားလုံးက ကိုးကွယ်ဆည်းကပ်ကြ၏။ လှူဒါန်း ပူဇော်ကြ၏။

ထိုလာဘ၊ သက္ကာရ သိလောကတို့ကို ထိုပုဂ္ဂိုလ်သည် အမှန်တကယ် ခံစားထိုက်သည်မဟုတ်။ သူ့၌ မရှိသောဂုဏ်ကို သူပြောစကားအရ တကယ် ရှိသည်ဟု ထင်မှတ်ကြ၍သာ လှူဒါန်းပူဇော်ကြခြင်းဖြစ်၏။ အမှန်တကယ် မရှိမှန်းသိလျှင် ပေးလှူကြမည်မဟုတ်။

ထိုသို့ မရသင့်သောပေးလှူမှု ပူဇော်မှု ကျော်ကြားမှုများကို လှည့်ဖြားလိမ်ညာ၍ ယူထားခြင်းကြောင့် အယုတ်မာဆုံးသော ခိုးသူကြီးနှင့် တူခြင်းဖြစ်၏။

ထိုသို့သော ပုဂ္ဂိုလ်များ၏ လိမ်ညာလှည့်ဖြားမှုကို ခံရလျှင် ဤဘဝ တွင်လည်း မိမိတို့၏ ပစ္စည်းဥစ္စာများ ခိုးယူခံရနိုင်ပြီး သံသရာတွင် နစ်မွန်း စေနိုင်သော အယူဝါဒအမှားများကိုလည်း သင်ကြားပေးခံရနိုင်ဖွယ်ရှိသော ကြောင့် ထိုသို့သော အယုတ်မာဆုံး သူခိုးကြီးများလက်မှလွတ်အောင် ရှောင်ရှားနိုင်သူများဖြစ်ဖို့ သတိကြီးကြီးထားကြရမည် ဖြစ်ပါသည်။

၂၀၁၁-ခုနှစ်၊ ဩဂုတ်လ၊ ဓမ္မရတနာမဏ္ဍပ်ဇင်း

## လူ့ဘဝ၏ဖြစ်တည်မှု

## ( ၈ )

လူ့ဘဝဟာ တန်ဖိုးရှိတယ်။ လူဟာ မြင့်မြတ်တယ်လို့ ကျွန်တော်တို့ လူသားတွေ ခံယူထားတာ မှားတယ်လို့ ကျွန်တော် ဆိုချင်တယ်ဆရာ။

စဉ်းစားကြည့်ပါဆရာရယ်။ လူသားဟာ အသက်ရှင် ရပ်တည်မှုအတွက် စားဝတ်နေမှုတွေ လုပ်နေကြရတယ်ဆရာ။ စားတာကိုလဲကြည့်ပါဦး ဆရာရယ်။ တိရစ္ဆာန်တွေဆိုရင် ဘယ်လောက်ရိုးရှင်းသလဲ။ အသားစားတဲ့သတ္တဝါက အသားပဲ စားပြီး မြက်စားတဲ့သတ္တဝါက မြက်တစ်မျိုးပဲစားတယ်ဆရာ။

နွားသတ္တဝါကို ကြည့်ပါဆရာ။ သူဟာ သူတစ်ပါးအသက် လဲ မသတ်ဘူး။ သူတစ်ပါးဥစ္စာလဲ မခိုးဘူး။ မုသားလဲ မဆိုဘူး။ မူးယစ်သေစာလဲ မသုံးစွဲဘူး။ နွားမှာ သူ့မယား သူ့လင်ဆိုတာလဲ မရှိတဲ့အတွက် အဂမနီယဝတ္ထုဆိုတာလဲ မရှိဘူး။ ကာမဂုဏ် ဖောက်ပြန်တယ်လို့လဲ မဆိုနိုင်ဘူး။ ပြီးတော့ မြက်သာစားတော့ အသက်သတ်လွတ်စားတယ်လို့တောင် ဆိုရဦးမယ်ဆရာ။ ဒီတော့ ကံငါးပါးလုံခြုံတယ်လို့ မဆိုနိုင်ဘူးလား။

ဒီလိုဆိုရင် သူ့မှာတော့ ဘာ့ကြောင့် သီလကုသိုလ်မရဘဲ လူတွေကျမှ သီလကုသိုလ်ဆိုတာ ရှိနေရတာလဲဆရာ။ သီလ ကုသိုလ်ဆိုတာ လူသားတွေအတွက်သာ သတ်မှတ်ထားတဲ့ အခွင့် ထူးလားဆရာ။

ဒါမှမဟုတ် နွားမှာလဲ သီလကုသိုလ်ရတယ်ဆိုရင် သီလ ခိုင်မြဲခြင်းဟာ မျိုးရိုးဗီဇနဲ့ ပိုပြီးမဆိုင်ဘူးလားဆရာ။ နွားဖြစ်လို့ သီလမြဲတယ်။ ကျွဲဖြစ်လို့ ပါဏာတိပါတကံထိုက်တယ် စသဖြင့် ပေါ့။

(ဆက်လက်၍ လူတို့အစားကြူးပုံ၊ အစားအသောက်လော် လည်ပုံ၊ အဝတ်အစားလော်မာပုံများကို ရေးသားကာ)

ဒီတော့ ဆရာရယ်၊ ကျွန်တော်တို့ လူသားတွေရဲ့ဖြစ်တည်မှု (existence) ဆိုတာ ဘာလဲဆရာ။ အဓိပ္ပာယ်ဘယ်လိုဖွင့်မလဲ ဆရာ။

လောဘ၊ ဒေါသ၊ မာန်မာနတွေ နှောင်ဖွဲ့နေတာကို ဘဝဖြစ် တည်မှုရဲ့ အဓိပ္ပာယ်လို့ ဆိုရမလားဆရာ။ ဒါဆို လူသားတွေ မြင့်မြတ်တယ်၊ လူ့ဘဝဟာ တန်ဖိုးရှိတယ်ဆိုတာ လိမ်ညာမှု တစ်ရပ်ပဲပေါ့ ဆရာရယ်။

လူသားတွေရဲ့ အခြောက်တိုက်ဘဝင်မြင့်မှု၊ စိတ်ကြီးဝင်မှု ပေါ့၊ မဟုတ်ဘူးလား။

ဆရာ့အမြင်က ဘယ်လိုရှိပါသလဲ။ လူသားရဲ့မြင့်မြတ်မှုကို ဆရာသက်သေပြနိုင်ပါ့မလား။ လူကသာ ဘုရားဖြစ်နိုင်တယ်။ လူသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ ဒါကြောင့် မြင့်မြတ်ပါတယ်လို့ မပြောနဲ့ဆရာ။

ကျွန်တော်ဆိုလိုချင်တာ လူနဲစုကို ပြောတာမဟုတ်ပါဘူး။ ပုထုဇဉ်လူသားထုကြီးတစ်ရပ်လုံးကို ညွှန်းဆိုတာပါဆရာ။ ဆရာရဲ့အဖြေကို မျှော်လင့်နေမယ်ဆရာ။

*လေးစားရိုသေစွာဖြင့် တပည့်မောင်လှစိန်*

( ၁ )

အထက်ပါ စာများသည် ၂၀၁၁-ခု၊ မတ်လထုတ်၊ ဓမ္မရံသီမဂ္ဂဇင်းမှ စာရေးဆရာကြည်လွင် (မြန်မာစာ) ၏ "ကျွန်ုပ်တို့၏ဖြစ်တည်မှု" ဆောင်းပါးမှ ကောက်နုတ်ချက်ဖြစ်၏။

ဆောင်းပါးအဆုံးတွင် "တပည့်ဖြစ်သူ မောင်လှစိန်၏စာကို ရရှိပြီးနောက် ပညာရှင်များ ပြန်လည်ဖြေကြားပေးပါရန် ပန်ကြားရင်း ဓမ္မရံသီမှ တစ်ဆင့်တင်ပြအပ်ပါကြောင်း" ဟု စာရေးဆရာက တောင်းဆိုထားပါသည်။

မောင်လှစိန်၏ ပေးစာတွင် "လူနှင့်တိရစ္ဆာန်တို့၏ စားဝတ်နေရေးအတွက် ရှင်သန်ရပ်တည်ကြရာ၌ တိရစ္ဆာန်မှာ (မဖြစ်မနေ) လိုအပ်ချက်အတွက်သာ သဘာဝအလျောက်ပြုမူကာ ရပ်တည်ကြသည်၊ လူတို့ကား လိုအပ်ချက် (need) အတွက် သက်သက်မဟုတ်တော့ဘဲ လိုချင်မှု (greed) တဏှာလောဘအလိုလိုက်ကာ စား-နေ-ဝတ်တို့တွင် လွန်ကဲလော်လည်ကြသည်၊ ထို့ကြောင့် လူသည် တိရစ္ဆာန်ထက် မြင့်မြတ်သည်ဆိုသည်မှာ အခြောက်တိုက်ဘဝင်မြင့်မှု သဘောသက်ဝင်နေကြောင်း" ပါရှိ၏။

**တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ရာတွင် နှိုင်းယှဉ်သည့် ရှုထောင့်သည် အခရာကျ၏။**

ဥပမာ-"လူသည် ငါးလောက် ရေမကူးတတ်၊ မြင်းလောက် အပြေးမမြန်၊ ဆင်လောက် ခွန်အားမကြီး၊ ငှက်ကဲ့သို့ ကောင်းကင်၌ မပျံသန်းနိုင်။ ထို့ကြောင့် လူသည် ငါး-မြင်း-ဆင်-ငှက်တို့အောက် နိမ့်ကျ၏" ဟု ဆိုရမည်လော။

ထိုထိုဆိုင်ရာရှုထောင့်များ၌ နိမ့်ကျသော်လည်း အခြားသာလွန်သော အချက်ကောင်းများလည်း များစွာရှိသေးသောကြောင့် လူသည် ထိုသတ္တဝါတို့အောက် နိမ့်ကျသည်ဟု မဆိုသင့်။ အမှန်တကယ် တန်ဖိုးထားအပ်သောအချက်များ၌ သာလွန်သောကြောင့် ထိုသတ္တဝါတို့ထက် သာလွန်၏-ဟုသာ ဆိုသင့်၏။

ပင်လယ်ရေသည် များပြားသော်လည်း အမှန်တကယ် တန်ဖိုးထား အပ်သော သောက်သုံးမှုအတွက် အသုံးမဝင်သောကြောင့် မမြတ်၊ ရေတွင်း ရေကန်တို့၌ရှိသောရေသည် နည်းပါးသည့်တိုင် သတ္တဝါအများအတွက် အသုံးဝင် အကျိုးများသည့်အတွက် မြတ်၏-ဟု ဆိုရသကဲ့သို့တည်း။

ဗာလပဏ္ဍိတသုတ်တွင် "ဆင်-မြင်း-နွား-မြည်း-ဆိတ်-သမင် စသော မြက်သစ်ပင်ကိုစားကုန်သော တိရစ္ဆာန်သတ္တဝါ၊ ကြက်-ဝက်- အိမ်ခွေး-မြေခွေးစသော မစင်ကိုစားကုန်သော တိရစ္ဆာန်သတ္တဝါ၊ ပိုးရွ- နှံ့-တီကောင်စသော အမိုက်တိုက်၌ ပေါက်ပွားကြီးပြင်းသေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါ၊ ငါး-လိပ်-မိကျောင်းစသော ရေ၌ပေါက်ပွားကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါ၊ ငါးပုပ်-အကောင်ပုပ်-နွံ့ပုပ်-မှော်ပုပ် စသော မစင်ကြယ်သောဝတ္ထု၌ ပေါက်ပွားကြီးပြင်း သေလွန်ကုန်သော တိရစ္ဆာန်သတ္တဝါတို့သည် ရှိကုန်၏။

"ရဟန်းတို့၊ ထိုသူမိုက်သည် ဤလောက၌ ရှေးမဆွက အရသာ၌ တပ်မက်မောသည်ဖြစ်၍ မကောင်းမှုကံတို့ကို ပြုသော ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ထိုထိုတိရစ္ဆာန် သတ္တဝါတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်၏။

"ရဟန်းတို့၊ ငါသည် နည်းပရိယာယ်အမျိုးမျိုးဖြင့်လည်း တိရစ္ဆာန်နှင့်စပ်သောစကားကို ဟောပြောအံ့။ ရဟန်းတို့၊ တိရစ္ဆာန်မျိုး ၏ ဆင်းရဲပုံအလုံးစုံကို ကုန်အောင်ဟောခြင်းငှာ မလွယ်။

"ရဟန်းတို့၊ ဥပမာအားဖြင့် ယောကျာ်းသည် တစ်ပေါက်သာရှိသော ထမ်းပိုးကို မဟာသမုဒ္ဒရာ၌ ပစ်ချရာ၏။ ထိုထမ်းပိုးကို အရှေ့လေသည် အနောက်အရပ်သို့ လွင့်ဆောင်ရာ၏၊ အနောက်လေသည် အရှေ့အရပ်သို့ လွင့်ဆောင်ရာ၏၊ မြောက်လေသည် တောင်အရပ်သို့ လွင့်ဆောင်ရာ၏၊ တောင်လေသည် မြောက်အရပ်သို့ လွင့်ဆောင်ရာ၏။

"ထိုသမုဒ္ဒရာ၌ လိပ်ကန်းသည် ရှိရာ၏၊ ထိုလိပ်ကန်းသည် အနှစ် တစ်ရာကိုလွန်သဖြင့် တစ်ကြိမ်ပေါ်ရာ၏။

"ရဟန်းတို့ အဘယ်သို့ ထင်မှတ်ကြကုန်သနည်း။ ထိုလိပ်ကန်းသည် ထိုတစ်ပေါက်သာရှိသော ထမ်းပိုး၌ လည်ကိုစွပ်မိနိုင်ရာအံ့လော" ဟု (မေးတော်မူ၏)။

"မြတ်စွာဘုရား၊ မစွပ်မိနိုင်ရာပါ။ မြတ်စွာဘုရား၊ ရှည်စွာသော ကာလကိုလွန်သဖြင့် တစ်ခါတစ်ရံမူ စွပ်မိနိုင်ရာပါ၏"ဟု (လျှောက်ကြကုန်၏)။

"ရဟန်းတို့၊ ထိုလိပ်ကန်းသည် တစ်ပေါက်သာရှိသော ထမ်းပိုး၌ လျှင်မြန်စွာ လည်ကိုစွပ်မိသော် စွပ်မိနိုင်ရာ၏။ ရဟန်းတို့၊ တစ်ကြိမ်အပါယ် သို့ကျသောသူမိုက်သည် လူအဖြစ်ကို (ပြန်ရရန်) အလွန်ရခဲ၏-ဟု ငါဘုရား ဟောကြား၏။

"အဘယ်ကြောင့်နည်းဟူမူ-ရဟန်းတို့၊ ဤအပါယ်ဘုံ၌ တရားကျင့်ခြင်း အညီအမျှကျင့်ခြင်း ကုသိုလ်ပြုခြင်း ကောင်းမှုပြုခြင်းတို့သည် မရှိကုန်သောကြောင့်တည်း။ ရဟန်းတို့၊ ဤအပါယ်ဘုံ၌ အချင်းချင်းခဲစားခြင်း (အားကြီးသောသတ္တဝါက) အားသေးသောသတ္တဝါကို ခဲစားခြင်းသည်ဖြစ်၏။"

*(မ၊၃၊ဗာလပဏ္ဍိတသုတ်)*

ထိုသို့လျှင် တိရစ္ဆာန်တို့သည် တရားကျင့်ဖို့၊ အညီအမျှကျင့်ဖို့၊ ကုသိုလ်ကောင်းမှုပြုဖို့ အခွင့်အရေးမရှိရုံမက အချင်းချင်း နိုင်ရာစားတတ်သည့် အလေ့အထများကြောင့် ရှုံးသူရှောနိုင်သူပါ နေ့စဉ်နှင့်အမျှ အကုသိုလ်ဖြစ်နေတတ်ပါသည်။ အကုသိုလ်နည်းအောင်၊ ကုသိုလ်များအောင် စိတ်ထားဖြူစင်အောင် ပြုပြင်နိုင်ခြင်းများ နည်းပါးသည့်အတွက် တိရစ္ဆာန်တို့၏ဘဝသည် မည်သို့လျှင် မြတ်မြတ်နိုင်ပါအံ့နည်း။

## ( ဂ )

တစ်ခါက ပဉ္စကင်္ဂလက်သမားကြီးအား သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်သည် ဤစကားကို ပြောဆို၏။

"သူကြွယ်၊ လောက၌ ကိုယ်ဖြင့် မကောင်းမှုကိုမပြု၊ မကောင်းသော စကားကို မဆို၊ မကောင်းသောအကြံကို မကြံ၊ မကောင်းသောအသက်

မွေးမှုဖြင့် အသက်မမွေး။ သူကြွယ်၊ ငါသည် ဤလေးပါးသောတရားတို့နှင့် ပြည့်စုံသော ယောကျ်ားပုဂ္ဂိုလ်ကို ပြည့်စုံသောကုသိုလ်ရှိသူ၊ မြတ်သော ကုသိုလ်ရှိသူ၊ မြတ်သောသူတို့သာ ရောက်သင့်သောနေရာသို့ ရောက်သူ၊ (ဝါဒ) စစ်ထိုး၍မရနိုင်သူ သမဏဟူ၍ ပညတ်၏” ဟု (ဆို၏)။

(အထက်ပါစကားသည် သာမန်အားဖြင့် မှန်ကန်ကောင်းမွန်သည်ဟု ထင်ရ၏။)

ပဉ္စကင် လက်သမားကြီးသည် ဥဂ္ဂါဟမာနပရိဗိုဇ်၏စကားကို ထောက်ခံခြင်းလည်း မပြု၊ ပယ်မြစ်ခြင်းလည်းမပြုဘဲ ဘုရားရှင်အား သွားရောက်လျှောက်ထား၏။

ဘုရားရှင်က ဤသို့မိန့်ကြားခဲ့ပါသည်။

“လက်သမားကြီး၊ သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာန ပရိဗိုဇ်၏စကားအတိုင်း ဖြစ်သည်ရှိသော် ကလေးသူငယ် လူမမည် ပက်လက်အိပ်အရွယ်သည် ပြည့်စုံသောကုသိုလ်ရှိသူ၊ မြတ်သောကုသိုလ်ရှိသူ၊ မြတ်သောသူတို့သာ ရောက်သင့်သောနေရာသို့ ရောက်သူ၊ (ဝါဒ) စစ်ထိုး၍ မရနိုင်သောသူ သမဏဖြစ်လိမ့်မည်။

“လက်သမားကြီး၊ ကလေးသူငယ် လူမမည် ပက်လက်အိပ်အရွယ်မှာ ကိုယ်ဟူ၍ သိတတ်သောဉာဏ်မျှလည်း မရှိသေး၊ ကိုယ်လှုပ်ရှားကာမျှမှ တစ်ပါး အဘယ်မှာ ကိုယ်ဖြင့်မကောင်းမှုကို ပြုလတ္တံ့နည်း။

“လက်သမားကြီး၊ ကလေးသူငယ် လူမမည် ပက်လက်အိပ်အရွယ်မှာ စကားဟူ၍ သိတတ်သောဉာဏ်မျှလည်း မရှိသေး၊ ငိုကြွေးရုံမှတစ်ပါး မကောင်းသောစကားကို အဘယ်မှာဆိုလိမ့်မည်နည်း။

“လက်သမားကြီး၊ ကလေးသူငယ် လူမမည် ပက်လက်အိပ်အရွယ်မှာ အကြံဟူ၍ သိတတ်သောဉာဏ်မျှလည်း မရှိသေး၊ ငိုကြွေးရုံ ရွှင်မြူးရုံမှ တစ်ပါး အဘယ်မှာ မကောင်းသောအကြံကို ကြံလတ္တံ့နည်း။

"လက်သမားကြီး၊ ကလေးသူငယ် လူမမည် ပက်လက်အိပ်အရွယ်မှာ အသက်မွေးမှုဟူ၍ သိတတ်သောဉာဏ်မျှလည်း မရှိသေး၊ အမိနို့ကို စို့ခြင်းမှတစ်ပါး အဘယ်မှာ မကောင်းသောအသက်မွေးမှု ရှိလတ္တံ့နည်း။

*(မဇ္ဈိမပဏ္ဏာသ၊ သမဏမုဏ္ဍိကသုတ်ကို ဆက်လက်ဖတ်ရှုပါ။)*

အထက်ပါ ဘုရားရှင်၏ ဒေသနာတော်ကိုကြည့်လျှင် မောင်လှစိန်၏ "နွားသတ္တဝါ ကံငါးပါးလုံခြုံတယ်လို့ မဆိုနိုင်ဘူးလား" ဟူသော အမေး၏ အဖြေကို တွေ့ရပါလိမ့်မည်။

ဒုစရိုက်တစ်ခုခုကို မပြုလုပ်ခြင်းသက်သက်မျှသည် ချီးမွမ်းဖွယ် မဟုတ်။ အကုသိုလ်မဖြစ်သော်လည်း ကုသိုလ်ဖြစ်သည်ဟု မဆိုနိုင်။ မကျူးလွန်တိုင်း ကုသိုလ်ဖြစ်လျှင် ကလေးအရွယ်ကသေသူများ အကုန်လုံး နတ်ပြည်ရောက်ကုန်ရာ၏။ ကိုးမားဝေဒနာရှင်များလောက် သီလလုံခြုံသူများ ရှိတော့မည်မဟုတ်။ အမှန်မှာ သံဝရ (စောင့်စည်းလိုမှု)၊ ပဟာန (ပယ်ရှားလိုမှု) တို့ဖြင့် ရှောင်ကြဉ်မှ သီလ-ဟုခေါ်ဆိုရ၏။

## ( ဃ )

နောက်တစ်ခု ပြောစရာရှိသည်မှာ "လူသည် မြင့်မြတ်သည်" ဟု ပြောဆိုခြင်းထက် "လူ့အဖြစ်သည် မြင့်မြတ်သည်" ဟု ပြောဆိုမှ သဘာဝကျပါသည်။ လူတစ်ယောက်စီနှင့် တိရစ္ဆာန်တစ်ကောင်ချင်း ထုတ်နှုတ်နှိုင်းယှဉ်လျှင် တိရစ္ဆာန်အောက် ဆိုးယုတ်သောလူများ ရှိနိုင်ပါသည်။

သို့ရာတွင် လူ့ဘဝ (လူ့အဖြစ်) နှင့် တိရစ္ဆာန်ဘဝ (တိရစ္ဆာန်အဖြစ်) မည်သည့်ဘဝက မြင့်မြတ်ပါသနည်းဟူမူ တိရစ္ဆာန်ဖြစ်လာဖို့ အကုသိုလ်ကံက ပို့ဆောင်ပြီး လူဖြစ်လာဖို့ ကုသိုလ်ကံက ပို့ဆောင်ခြင်းကြောင့်လည်းကောင်း၊ လူ့ဘဝသည် ဘဝအဆင့် ပိုမိုမြင့်မားဖို့အကြောင်း ကောင်းမှုတို့ကို ပြုလုပ်နိုင်ခွင့် ပိုမိုများပြားသောကြောင့်လည်းကောင်း လူ့ဘဝက ပို၍မြင့်မြတ်သည်ဟု ဆိုရပါမည်။

**ကောင်းမှု-မကောင်းမှုတို့ကို လုပ်ခြင်း-မလုပ်ခြင်းမှာ လူ့ဘဝနှင့် မဆိုင်ပါ။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့်သာ ဆိုင်ပါသည်။**

[လူအချင်းချင်း ယောကျ်ားဘဝနှင့် မိန်းမဘဝ မည်သည့်ဘဝက မြင့်မြတ်သနည်းဟူရာ၌ကား (မည်သူ-ဟု ပုဂ္ဂိုလ်ကိုမရည်ညွှန်း၊ ဘဝ-ဟူသောအဖြစ် ရည်ညွှန်းသည်ကို သတိပြုပါ။) အကြောင်းကံကိုသာကြည့်၍ ယောကျ်ားဘဝက မြင့်မြတ်သည်ဟု ဆိုရ၏။ လက်ရှိအနေအထားတွင်ကား ဘဝအဆင့်အတန်းမြင့်မားဖို့ရာ ပြုလုပ်နိုင်စွမ်းအားဖြင့် အခွင့်အရေးတန်းတူရသောကြောင့် ယောကျ်ားနှင့်မိန်းမ မည်သူကမြင့်မြတ်သည်ဟု ဆိုခွင့်မရှိ။ ကုသိုလ်သာသူက မြင့်မြတ်၏။]

မောင်လှစိန်၏စာပါအတိုင်း လူတို့သည် စား-နေ-ဝတ်တို့တွင် စိတ်ပျက်ဖွယ်ကောင်းလောက်အောင် လွန်ကဲလော်မာကြသည်မှာ မှန်ပါသည်။

"ရှေးအခါက လိုချင်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ အိုမင်းခြင်းဟူသော အနာရောဂါသုံးမျိုးတို့သာ ဖြစ်ကုန်၏။ ယခုသော်ကား နွားတို့ကို သတ်ဖြတ်နှိပ်စက်ခြင်းကြောင့် အနာမျိုးကိုးဆယ့်ရှစ်ပါးတို့သည် ဖြစ်ပေါ်လာကုန်၏" (သုတ္တနိပါတ်၊ ဗြာဟ္မဏဓမ္မိကသုတ်) ဟူသော ဒေသနာအရ သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းသည် အနာရောဂါထူပြောခြင်း၏ အကြောင်းဖြစ်၏။

အသားစားခြင်းသည်လည်း ရောဂါများခြင်း၏ အကြောင်းဖြစ်နိုင်ပါသည်။ သို့ရာတွင် "ညှဉ်းဆဲသူကား အနာများ၊ သနား ကျန်းမာခြင်းသည်" ဟူသော စူဠကမ္မဝိဘင်္ဂသုတ် ဒေသနာအရ ညှဉ်းပန်းနှိပ်စက်ခြင်းသည်သာ ရောဂါများခြင်း၏ အကြောင်းဖြစ်၏။

"လောဘအားကြီးသည့်ခေတ်တွင် (ဝတ်မွတ်ခေါင်းပါး အစာရှားခြင်း) ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်တတ်၏။ မောဟအားကြီးသည့်ခေတ်တွင် (အနာရောဂါထူပြောခြင်း) ရောဂန္တရကပ် ဆိုက်ရောက်တတ်၏။ ဒေါသအား

ကြီးသည့်ခေတ်တွင် (စစ်မက်ဖြစ်ပွားသဖြင့် လက်နက်ဘေး) သတ္ထန္တရကပ် ဆိုက်ရောက်တတ်၏။

"ဒုဗ္ဘိက္ခန္တရကပ်ကြောင့် သေလွန်သောအခါ အစာအာဟာရ၌ တပ်မက်မှုအားကြီးသောကြောင့် များသောအားဖြင့် ပြိတ္တာပြည်၌ ဖြစ်တတ်၏။

"ရောဂန္တရကပ်ကြောင့် သေလွန်သောအခါ များသောအားဖြင့် နတ်ပြည်၌ ဖြစ်တတ်၏။ အကြောင်းမှာ 'ဤသို့သဘောရှိသော ရောဂါမျိုး အခြားသူများမှာ မဖြစ်ပါစေနဲ့' ဟု မေတ္တာစိတ် ဖြစ်တတ်သောကြောင့် တည်း။

"သတ္ထန္တရကပ်ကြောင့် ပျက်စီးသေလွန်ရသူတို့သည် အချင်းချင်း အာဃာတအားကြီးသောကြောင့် များသောအားဖြင့် ငရဲဘုံ၌ ဖြစ်ရတတ်၏" (စက္ကဝတ္တိသုတ်အဋ္ဌကထာ) ဟု စာပေများတွင်ဆိုသောကြောင့် ကိုယ်ပြုသည့် ကံ ကိုယ်သာခံရ စံရမည် ဖြစ်၏။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ-ဟူသော တရားများဖြင့် နေထိုင်ခြင်းကို ဗြဟ္မဝိဟာရ-မြတ်သောနေထိုင်ခြင်းဟု ဆိုပါသည်။ တိရစ္ဆာန်များ ထိုတရားတို့ဖြင့် မနေတတ်ပါ။ နေတတ်သော မိမိတို့လူသားတွေလည်း မနေကြသူများပါသည်။ မြတ်သောနေထိုင်ခြင်းဖြင့် နေနိုင်ကြကာ မြင့်မြတ်သောလူ့ဘဝကို အရတော်ကြသူများ ဖြစ်နိုင်ကြပါစေ။

၂၀၁၁-ခုနှစ်၊ စက်တင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း



## နတ်နှင့်ငရဲ ဘယ်မှာလဲ

မြန်မာပြည်တွင် ပေါ်ခဲ့ဖူးသမျှ မိစ္ဆာဝါဒများတွင် များစွာသော မိစ္ဆာဝါဒများသည် နတ်ပြည်၊ ပြိတ္တာပြည်၊ ငရဲပြည်များကို ပစ်ပယ်ကြ၏။ ထိုဘုံထိုဘဝများသည် ကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးဝိပါက်များဖြစ်၍ ထိုဘုံထိုဘဝများကို ပယ်ခြင်းသည် ကံ၏အကျိုးကို ပစ်ပယ်သည်နှင့်တူ၏။

ကံ၏အကျိုးကို ပစ်ပယ်လျှင် "ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ ဟောတိ။ (ဒီ၊ ဋ၊ ၁၊ ၁၅၀)" ဟူသည့်အတိုင်း ကံကိုလည်း ပစ်ပယ်ရာရောက်၏။ ကံနှင့်ကံ၏အကျိုးကိုမျှ လက်မခံလျှင် ထိုပုဂ္ဂိုလ်များကို ဗုဒ္ဓဘာသာဝင်ဟု ဆိုနိုင်ပါဦးမည်လော. . .

ထိုပုဂ္ဂိုလ်၏ ရေးသားဟောပြောချက်များကို ဖော်ပြလိုပါသည်။

( က )

လက်တွေ့ဖြစ်သော လူနှင့်တိရစ္ဆာန်ကို ပဓာနအခြေခံအဖြစ်ဖြင့် မှတ်ယူ၍ ထားခဲ့ကြကုန်၏။ တိရစ္ဆာန်ကိုအခြေပြု၍ ပြိတ္တာ၊ အသူရကာယ်နှင့် ငရဲသတ္တဝါဟူ၍ ထပ်မံခွဲခြားကြပြန်လေသည်။ ဤသုံးမျိုးကား မျက်တွေ့လက်တွေ့ မဟုတ်ဘဲ (ဝါ) စိတ်ကူးယဉ်တို့သာ ဖြစ်ကုန်၏။

*(လူသေလူဖြစ်၊ စာ-၁၁)*

ကောင်းကင်သို့ကြည့်တဲ့ မှန်ပြောင်းကြီးများကို တီထွင်အသုံးပြု လိုက်သည်နှင့်တစ်ပြိုင်နက် ရှေးလူတို့ အမှန်ယုံကြည်ခဲ့ကြသော နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတဲ့ ကောင်းကင်ဘုံနန်းတွေဟာ နေရောင်တွေကြောင့် ဆီးနှင်း ပေါက်ကဲ့သို့ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ကွယ်ပျောက်၍သွားကြရှာ လေပြီ။ *(လူသေလူဖြစ်၊ စာ-၉၉-၁၀၀)*

နတ်ဗြဟ္မာသိကြားတို့ဟာ မုချအားဖြင့် စိတ်ကူးနယ်ပယ်အတွင်း၌ သာ အသက်ဝင်နိုင်သော သတ္တဝါများ ဖြစ်ကြလေကုန်သတည်း။

*(လူသေလူဖြစ်၊ စာ-၁၅၅)*

ဤဘဝ ထိုဘဝ နောင်ဘဝအဆက်ဆက်နှင့်တကွသော နတ်ပြည်၊ ဗြဟ္မာပြည်၊ ငရဲပြည်၊ အသူရကာယ်ပြည်တို့သည် ဥပါဒါန်အတွေးနယ်ထဲ စိတ်ကူးယဉ်နယ်ထဲမှာသာ ရှိချေသည်။

*(၃၁-ဘုံဝါဒ ဗုဒ္ဓလက်မခံ၊ စာ-၂၁၀)*

တန်ခိုးပြာဋိဟာတို့ကိုလည်းကောင်း၊ နတ်ဆိုးနတ်ဝါးနှင့် နတ် ကောင်းနတ်မြတ်တို့ကိုလည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်နှင့် ယမမင်း၏ အင်ပါယာနိုင်ငံတော်ကြီးများကိုလည်းကောင်း ယုံကြည်မှုသည် လူသား၏ ဦးနှောက်ကို ဖောက်ပြန်ချောက်ချားစေ၍ ဤကမ္ဘာလောကကြီးကို အရူး ထောင်အဖြစ်သို့ ရောက်စေခဲ့သည်။

*(အစွဲပြုတ် တဲကုပ်ရွှေနန်းတော်၊ စာ-၅၄)*

နတ်ပြည်သို့ ရောက်ရေးအတွက် ဒါနများကိုမလုပ်ပါက ငရဲများနှင့် ကြုံတွေ့ရပြီး နစ်နာမှုရှိတတ်သလို၊ နတ်ပြည်၊ ဗြဟ္မာပြည်ဟူ၍ တသီးတခြား မရှိပါဘဲနှင့် မရှိသည့်အလုပ်ကို ငွေကုန်ကြေးကျ အပင်ပန်းခံပြီး လုပ်နေပါ ကလည်း သစ်ခြောက်ပင်ကို ရေလောင်းသည့်ပမာ အသက်ထက်ဆုံး ဒုက္ခနှင့် သာ ကြုံတွေ့သွားနိုင်သည်။ *(နတ်နှင့်ငရဲ ဘယ်မှာလဲ၊ စာ-၁၀)*

အထက်ပါကောက်နုတ်ချက်များသည် ၁၃၄၃ (၁၉၈၁) ခုနှစ်က အဓမ္မဝါဒ၊ မိစ္ဆာဝါဒများအဖြစ် ဆုံးဖြတ်ခြင်းခံခဲ့ရသော လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒ၊ ရွှေအဘိဓမ္မာဝါဒ အမည်ခံကြသော ရှင်ဥက္ကဋ္ဌနှင့် အပေါင်းအပါများ ရေးသားထုတ်ဝေခဲ့ဖူးသော စာအုပ်များမှဖြစ်၏။

( ခ )

ဦးအေးမောင်၏ "ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ" ဟူသော စာအုပ်သည် ၁၉၆၃-ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၆၄-ခုနှစ်တွင်တစ်ကြိမ် ထုတ်ဝေခဲ့၏။ သူ၏အယူအဆများသည် ရှင်ဥက္ကဋ္ဌ၏ဝါဒများနှင့် ထပ်တူနီးပါးတူညီသည့်တိုင် ဂိုဏ်းဝင် အသင်းဝင် မဟုတ်သောကြောင့်ပေလော မသိ။ သူ၏စာအုပ်ကို စောဒကပုဂ္ဂိုလ်များ မတင်သွင်းခဲ့ကြပေ။

သို့ရာတွင် တိရစ္ဆာန်နှင့် လူမှတစ်ပါး ကြွင်းသောသတ္တဝါ၊ ကြွင်းသောဘုံတို့ကို လက်မခံလိုခြင်း၌ကား တူညီ၏။

"ဤသခ်ဒမသုတ်နှင့် အထက်ကဖော်ပြခဲ့သော သီဝကသုတ်တို့ကို ဆင်ခြင်သုံးသပ်ပါက ယခုကာလ အများသောဗုဒ္ဓဝါဒီတို့ လက်ခံယုံကြည်သော အပါယ်ငရဲ ကမ္မဝိပါကဝဋ် စသည့်အယူများသည် ဗုဒ္ဓ၏ ရှေးဦးမူလဝါဒအစစ်ဖြစ်ပါ၏လောဟု သံသယဖြစ်ဖွယ်ရှိ၏။

"ထိုအယူများနှင့်စပ်သော သုတ္တန်ဒေသနာများကို ပိဋကတ်စာပေ၌ တွေ့ရသည်မှန်၏။ သို့ရာတွင် ယင်းတို့သည် သဘာဝယုတ္တိရှိလှသော အထက်ပါသုတ္တန်နှစ်ခုနှင့် ဆန့်ကျင်၍ ဗုဒ္ဓလုံးဝပယ်ခဲ့သော ဒိဋ္ဌုပါဒါန်နှင့် စွန်းငြိနေကြောင်း သတိပြုရာ၏။

"မကောင်းမှု၏ အကျိုးဝိပါက်ကို ဘဝပေါင်းများစွာ ခံစားခဲ့ရပုံကို ပြသော သာဓကများကို ပိဋကတ်စာပေ၌ မတွေ့ရဘဲ အဋ္ဌကထာများ၌သာ တွေ့ရခြင်းကိုလည်း သတိပြုသင့်ပေ၏။

"သုတ္တန်ဒေသနာများ၌မူ ဗုဒ္ဓသည် ထိုအကြောင်းများကို ဟောရန် အခါအခွင့်ကြုံသောအခါ၌ပင် မဟောခဲ့ချေ။ (ပ) အဋ္ဌကထာများ၌မူ ပစ္စုပ္ပန်ဝေဒနာခံစားရမှု အသေးအဖွဲ့များကိုပင် အတိတ်ဝတ္ထုများဖြင့် အကျယ်ချဲ့၍ ပြဆိုထား၏။

"ထိုသို့ပြဆိုရာ၌လည်း ရဟန်းတစ်ပါးအား ကြံတစ်ချောင်းလှူ၍ နတ်သမီးဖြစ်ရပုံ၊ အခြားရဟန်းတစ်ပါးအား ဆွမ်းပစ္စည်းကို ဝန်တိုပိတ်ပင်မိသဖြင့် ရဟန်းတစ်ပါးမှာ ဘဝပေါင်းများစွာ ငရဲခံ၊ တိရစ္ဆာန် ပြိတ္တာဖြစ်၍

နောက်ဆုံးဘဝ၌ပင် ဆွမ်းဝအောင်မစားရဘဲ ပရိနိဗ္ဗာန်ပြုရပုံ စသည်များမှာ အကြောင်းနှင့်အကျိုး ညီညွတ်မှုတခြင်းမရှိဘဲ သဘာဝယုတ္တိ ကင်းမဲ့လှချေသည်။ *(ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ-ဒု၊ စာ-၁၀)*

"ဗုဒ္ဓ၏ ကိုယ့်ဝန်ကိုယ်ထမ်းဝါဒကို လက်ခံယုံကြည်သောသူသည် နတ်ဗြဟ္မာတို့ကို ယုံကြည်ကိုးစားရန် မလိုသကဲ့သို့ ဗုဒ္ဓ၏ ကမ္မသတ္တိဝါဒကို သိရှိနားလည်သောသူသည် ငရဲကိုကြောက်ရန် မလိုချေ။

"ငရဲသည် ရှေးလူတို့၏ စိတ်ကူးစိတ်သန်းမျှသာဖြစ်ကြောင်း အိန္ဒိယ ဗုဒ္ဓဝါဒီတို့၏ ငရဲနှင့် တိဗက်ဗုဒ္ဓဝါဒီတို့၏ငရဲကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် သိအပ်၏။

"ပူပြင်းသော ရာသီဥတုဒဏ်ကိုခံရသော အိန္ဒိယဗုဒ္ဓဝါဒီတို့၏ငရဲသည် အလွန်ပူ၍ အအေးဒဏ်ကိုခံရသော တိဗက်ဗုဒ္ဓဝါဒီတို့၏ ငရဲကား အလွန်အေးသည်ဆို၏။ စင်စစ် ထင်ရှားသော ရှေးတိဗက် ဗုဒ္ဓကျမ်းတစ်စောင်၌မူ ငရဲမင်းနှင့်တကွ ငရဲသားများသည် ဧကန်ထင်ရှားမရှိဘဲ လူတို့၏ ကမ္မသတ္တိကြောင့် ဖြစ်ပေါ်လာသော စိတ်အာရုံများသာလျှင် ဖြစ်သည်ဟု ပြဆိုထား၏။ *(Edward Conze, "Buddhist Scriptures")*

*(ငှင်းစာအုပ်၊ စာ-၂၄၄)*

အထက်ပါ ကောက်နုတ်ချက်များသည် ဒုတိယအကြိမ်ထုတ် စာအုပ်များမှ ဖြစ်၏။ ယခု တတိယအကြိမ်၌ကား အချို့သောစာသားများ ပါမလာတော့ပေ။

## ( ဂ )

၁၃၄၄ (၁၉၈၃) ခုနှစ်က မိစ္ဆာဝါဒ၊ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သော ဦးမာလာဝရ (ရေတာရှည်) ၏ အယူအဆတွင်ကား "ငရဲပြည်သည် ဂင်္ဂါမြစ်ကမ်းတွင် ရှိသည်" ဆို၏။ "ဒေဝသည် တောင်ပေါ်သားများဖြစ်၍ ဒေဝါးရွာနှင့် မာရဒေဝရွာ တစ်ရွာရှိသည်" ဆို၏။ ယင်းဒေဝါးရွာမှာ -

(၁) စတုမဟာရာဇိကဒေဝရွာ၊ (၂) တာဝတိံသာဒေဝရွာ၊ (၃) ယာမာဒေဝရွာ၊ (၄) တုသိတာဒေဝရွာ၊ (၅) နိမ္မာနရတိဒေဝရွာတို့ ဖြစ်၏။

မာရဒေဝတစ်ရွာသာ ရှိပါသည်။ သမိုင်းတွင် ၎င်းကို ပရနိမ္မိတဝသဝတီဟု ခေါ်ဆိုသည်။ *(၎င်းဝိနိစ္ဆယ၊ စာ-၃၉)*

ဤသို့ နတ်ပြည်ခြောက်ထပ်ကို ဟိမဝန္တာဒေသရှိ ရွာခြောက်ရွာအဖြစ် ဦးမာလာဝရ ကြံဆခဲ့သော်လည်း ရှင်ဉက္ကဋ္ဌဝါဒအလိုကား ဒေသသီးခြားမရှိ။

"နတ်=နတ်ဆိုသည့်ပါဠိစကားမှာ မြန်မာလို စည်းစိမ်ခံစားခြင်းကို ခေါ်၍ ဤခန္ဓာအတွင်းမှာရှိသော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဤ ၆-ခုတို့ဖြင့် ခံစားမှုပြုခြင်းကိုပင် စည်းစိမ်ခံစားမှု နတ်ခြောက်ဘုံဟု ခေါ်ဆိုရခြင်းဖြစ်ကြောင်း ဗုဒ္ဓဟောသော ပါဠိများကို ခန္ဓာနည်း၊ လက်တွေ့နည်းတို့ဖြင့် ပေါင်းစပ်ရှာဖွေပါက မိမိတို့ခန္ဓာအတွင်းရှိသော ဤခြောက်ခုကိုပင် နတ်ဘုံခြောက်ဘုံဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရပါသည်။"

*(နတ်နှင့်ငရဲ ဘယ်မှာလဲ၊ စာ-၂၃)*

၎င်းတို့အလို စည်းစိမ်ခံစားမှုကို နတ်ခေါ်သကဲ့သို့ ဆင်းရဲဒုက္ခရောက်ခြင်းကိုပင် ငရဲဟု ဆိုလို၏။ သူတို့၏ ငရဲကြီးရှစ်ထပ် အဓိပ္ပာယ်ဖွင့်ဆိုပုံကို ကြည့်ပါ။

(၁) သိန်းဇီဝ=ဇီဝ၏အဓိပ္ပာယ်မှာ အသက်ကို ခေါ်ပါသည်။ သိန်း၏အဓိပ္ပာယ်မှာ သေလုနီးပါးဟု ခေါ်ပါသည်။ နှစ်ခုပေါင်းလိုက်လျှင် သိန်းဇီဝ-သေလုနီးပါးအထိ ပူလောင်ကျွမ်းမှုကြီးဖြစ်ရခြင်းဟု ပြဆိုခြင်းဖြစ်သည်။

(၂) ကာလသုတ်=ကြိုးနှင့်တုပ်နှောင်ထားဘိသကဲ့သို့ ရုန်းထွက်၍ မရသလို ပူလောင်မှုဒဏ်ကို ခံနေရခြင်း။

(၃) သဃ်ာတ=သံမီးတောင်ကြီး၏ အပူရှိန်ဖြင့် ဖိကပ်၍ထားဘိသကဲ့သို့ ပူလောင်ခံနေရခြင်း။

(၄) ရောရုဝ=အသံအော်ဟစ်လျက် မခံမရပ်နိုင်ဘဲ ပူလောင်မှုဒဏ် ခံနေရခြင်း။

(၅) မဟာရောရုဝ=ထ၍မနိုင် ထိုင်၍မရ ဘယ်လိုနေရမှန်းမသိ ဖြစ်ရသည်အထိ ပူလောင်ကျွမ်းမှုဒဏ်ကို ခံနေရခြင်း။
(၆) တာပန=အသံမထွက်နိုင်တော့ဘဲ ရင်လုံးဆောင့်လျက် ပူဆွေး လောင်ကျွမ်းဒဏ် ခံနေရခြင်း။
(၇) မဟာတာပန=အလွန်ပြင်းထန်စွာ အသံမထွက်နိုင်တော့ဘဲ သတိပင်မရ မေ့မြောကြရသည်အထိ ပူလောင်မှုဒဏ်ကို ခံနေ ရခြင်း။
(၈) အဝီစိ=တစ်ချက်ကလေးမျှ မေ့ပျောက်၍ မရနိုင်လောက် အောင် အေးကွက်စပ်ကြားမရှိဘဲ ပူလောင်နေခြင်းတည်း ဟူသော ပူလောင်ကျွမ်းမှုအမျိုးမျိုး ၈-မျိုး ၈-ထပ်တို့၏ နှိပ်စက်မှုဒဏ်များကို ခံနေရသူတို့ကို ငရဲကြီးရှစ်ထပ်တွင် ကျခံနေရသူများဟု ကျမ်းဂန်၌ ပြဆိုမှုပြုခြင်းဖြစ်သည်။

*(နတ်နှင့်ငရဲ ဘယ်မှာလဲ၊ စာ-၂၄-၂၅)*

## ( ဃ )

၁၃၄၅ (၁၉၈၃) ခုနှစ်တွင် (သာကေတမြို့နယ်၊ ဓမ္မနီတိဗိမာန် ကျောင်းမှ ဦးပညာဝံသ၏) ဓမ္မနီတိဝါဒကို အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် ဆုံးဖြတ်ကြေညာခဲ့၏။

ထိုဆရာတော်သည်လည်း "၃၁-ဘုံ ကုသိုလ်-အကုသိုလ်တို့သည် ပရမတ်အားဖြင့် မရှိကြ၊ အရိပ်ပညတ်တွေသာ ဖြစ်ကြသည်" ဟု ဟောပြော သတတ်။

## ( င )

ကျောက်ပုံတောရဝါဒီ ဝိဘဇ္ဇဝါဒပညာသိဝိပဿနာအဖွဲ့မှ ပုသိမ် ဆရာညွန့်၏ ဟောပြောချက်ကား ဤသို့ဖြစ်သတတ်။

"(၁) စိတ်တရား၊ စေတသိက်တရား၊ ရုပ်တရားတွေဟာ စိတ်နဲ့ စေတသိက်တွေကို ဘာခေါ်သလဲ၊ နာမ်ခေါ်တယ်။ စိတ်နဲ့စေတသိက်မဟုတ်

လို့ ကျန်တဲ့သဘောတရားတွေ ဘာခေါ်လဲ၊ (ရုပ်ပါ)။ ဒါဖြင့် ရုပ်မဟုတ်တဲ့ နာမ်တွေကို ဘုံတပ်လိုက်တော့ အရူပဘုံခေါ်ရင် မှားမလား. . . မမှားပါဘူး။

"နာမ်မဟုတ်တဲ့ ရုပ်တွေကို ကျွန်တော်တို့ ဘုံတပ်ကြည့်ရင် ရူပဘုံ၊ အဲဒီနာမ်နဲ့ရုပ်ကို နှစ်သက်နေတဲ့လူတွေကျမှ ကာမဘုံလို့တပ်၊ ဘုံတွေဘယ်နှဘုံလဲ၊ အဲဒီဘုံသုံးဘုံမှ ဘုရားဟောတာ။

"၃၁-ဘုံက ဘုရားမဟောခင်ကတဲက အများပြောတာ၊ အများပြောတာက ၃၁-ဘုံ၊ ဘုရားဟောတာက ၃-ဘုံ၊ နာမ်ကို ရုပ်မဟုတ်တဲ့အတွက်ကြောင့် အရူပ၊ ရုပ်ကို နာမ်မဟုတ်တဲ့အတွက်ကြောင့် ရူပ၊ အဲဒီနာမ်ရုပ်တွေပေါ်တိုင်းပေါ်တိုင်း နှစ်သက်နေကြတဲ့လူဟူသမျှ ကာမ၊ အဲဒီဘုံသုံးပါးပါပဲ။ ရှင်းတယ်မဟုတ်လား။

"၃၁-ဘုံက ဘုရားမပွင့်ခင်ကတဲက အများသိတဲ့တရား၊ မမှန်ဘူးလား။ ဘုံသုံးပါးက အများသိတဲ့တရား မဟုတ်ဘူး။ ဘုရားပွင့်လာမှ ဘုရားဟောတဲ့တရားဖြစ်နေတော့ သူကနောက်ကျ။

"(၂) ဘုရားဟောတဲ့ဘုံဘဝသည် ကာမ၊ ရူပ၊ အရူပ ဖြစ်ပါတယ်။ ဘုရားမဟောတဲ့ ဘုံဘဝသည် ၃၁-ဘုံဖြစ်ပါတယ်။ ၃၁-ဘုံဟာ ဘုရားဟောတာ မဟုတ်ပါဘူး။ ဘုရားဟောတာ ဘုံသုံးပါးကိုဟောတာပါ။"

## ( ၈ )

အထက်ပါအတိုင်း ကုသိုလ်-အကုသိုလ်ကံတို့၏ အကျိုးတရားဖြစ်သော ဘုံဘဝတို့ကို ပယ်သဖြင့် ထိုဘုံဘဝတို့ကိုရောက်ကြောင်း ကောင်းမှု-မကောင်းမှုကံများလည်း မရှိဟု ပယ်ရာရောက်ရကား ထိုပုဂ္ဂိုလ်များကို နိယတမိစ္ဆာဒိဋ္ဌိက (သေပြီးနောက် ငရဲသို့ကေန်ရောက်ရမည့် မိစ္ဆာအယူရှိသူများ) ဟု ခေါ်ဆိုပါသည်။

"သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြား ချေချွတ်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကို စွန့်ဘဲ၊ အကျင့်လွဲ၍၊

ငရဲခံလိမ့်မည်သောကြောင့်” (မဃဒေဝ-၃၁၉) ဟူသည့်အတိုင်း ထိုပုဂ္ဂိုလ်များသည် အယူမစွန့်ဘဲ ငရဲသို့သွားမည့်သူများ ဖြစ်၏။ ထိုသူတို့သွားသော ငရဲသို့ အဖော်အဖြစ် မလိုက်မိကြပါစေနှင့်။

၂၀၁၃-ခုနှစ်၊ ဇူလိုင်လ၊ ဓမ္မရံသီမဂ္ဂဇင်း။

## မမြင်လို မကြားလို မပြောလို

စာရေးသူသည် မန္တလေးသို့ရောက်တိုင်း ဗန်းမော်တိုက်မှ ဦးပညာလင်္ကာရ (ကိုပညာ-မင်းကွန်း) ၏ ကျောင်းတွင် တည်းခိုလေ့ရှိ၏။ သူ့ကျောင်းသို့ ရောက်လာသူတိုင်းသည် ဘုရားရှိခိုးပြီးလျှင် နံရံပတ်ပတ်လည်တွင် ရေးကပ်ထားသော အဆိုအမိန့်မျိုးစုံကို ဧေးမောဖတ်ရှုမိကြပါသည်။

သူ့အခန်းတွင်မူ ပုံများကို စာသားမပါဘဲ ပုံချည်းသက်သက် ကပ်ထားသည်ကိုလည်း တွေ့ရသေး၏။ ပုံမှာ ခပ်သေးသေးဖြစ်၏။ ကလေးငယ်တစ်ယောက်၏ မျက်လုံးနှစ်ဖက်ကို ပိတ်ကာထားပုံ၊ နားနှစ်ဖက်ကို ပိတ်ထားပုံ၊ ပါးစပ်ကိုပိတ်ထားပုံ စာရွက်တစ်ရွက်တည်းတွင် ပုံသုံးပုံဆွဲထားခြင်း ဖြစ်၏။

မိမိက ထိုပုံကိုကြည့်ကာ "ဘာအဓိပ္ပာယ်ကို ရည်ရွယ်ပြီးဆွဲထားတာလဲ" ဟု မေးဖြစ်၏။

"ဒီတိုက်ထဲက ရှေးကျောင်းကြီးရဲ့တံခါးမှာတွေ့လို့ သဘောကျတာနဲ့ ဆွဲခိုင်းထားတာ အဓိပ္ပာယ်ကတော့ -

**'ဗာလံ န ပဿေ န သုဏေ၊**

**န စ ဗာလေန သံဝသေ။**

**ဗာလေ နာလ္လာပသလ္လာပံ၊**

**န ကရေ န စ ရောစယေ။'** ဆိုတဲ့ ဘုရားလောင်းရဲ့ ဆုတောင်းကို ရည်ရွယ်တယ်လို့ ထင်တာပဲ။ ဆရာတော်ကြီးကိုလျှောက်ထားကြည့်တော့လဲ 'ဟုတ်လောက်ပါတယ်' လို့ မိန့်တယ်"

ဖြစ်နိုင်ပါသည်။ ဦးပညာလင်္ကာရပြောသဖြင့် **“ပညာရှိရှင်၊ သူမိုက်သွင်ကို၊ မမြင်ရထိုက်၊ သူမိုက်စကား၊ မကြားခလို၊ သူမိုက်ကိုယ်နှင့်၊ ထိုထိုတကွ၊ မပေါင်းရလျှင်း၊ ပြောရုံခြင်းမျှ၊ ကင်းရစေသား၊ ဆုလေးပါးကို၊ သိကြားထံမှာ၊ ပန်ထွာအထူး၊ တောင်းကြဖူး၏။** (ပိုဒ်ရေ ၂၃၉)” ဟူသော မဃဒေဝလင်္ကာစာပိုဒ်ကို စာရေးသူ သတိရမိ၏။

**“ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မျက်စိရှိလျက်လည်း ကန်းသူကဲ့သို့ ဖြစ်ရာ၏။ နားရှိလျက်လည်း နားပင်းသူကဲ့သို့ ဖြစ်ရာ၏။ ပညာရှိလျက်လည်း သူအကဲ့သို့ ဖြစ်ရာ၏။ အားရှိလျက်လည်း အားနည်းသူကဲ့သို့ ဖြစ်ရာ၏။ ကိုယ်ကျိုးဖြစ်ပေါ်လတ်သော သူသေအိပ်ခြင်းကဲ့သို့ အိပ်ရာ၏”** ဆိုသည်နှင့်လည်း ကိုက်ညီမှုရှိကြောင်း အာဂန္တုဦးဇင်းတစ်ပါးက မှတ်ချက်ပြု၏။

ထိုကိုယ်တော်က ဆက်လက်၍ -

“တပည့်တော်တွေ့ဖူးတဲ့ပုံက မျောက်ကလေးသုံးကောင်ရဲ့ပုံပါ” ဟု ပြောပါသည်။ ဦးပညာလင်္ကာရက -

“ဟုတ်တယ်၊ တပည့်တော်က တမင်လူပုံပြောင်းဆွဲခိုင်းထားတာ” ဟု ပြော၏။

“မျောက်ပုံဆိုရင်တော့ ဇာတ်တော်တစ်ခုရှိတယ်။ ဂရဟိတဇာတ်ဆိုတာ၊ အဲဒီမှာ ဘုရားလောင်းမျောက်မင်းဘဝက မုဆိုးတစ်ယောက်က ဘုရားလောင်းမျောက်မင်းကို ဖမ်းပြီး ဗြဟ္မဒတ်မင်းကြီးကို ဆက်သတယ်။ လူထဲမှာအနေကြာတော့ လူ့အထာနပ်ပြီး လုပ်ကိုင်တတ်တဲ့ ဘုရားလောင်းမျောက်မင်းကို ဘုရင်က သဘောကျပြီး သူ့နေရပ်ကို ပြန်ပို့ခိုင်းတယ်။

“မျောက်မင်းပြန်ရောက်လာတာသိတော့ တခြားမျောက်တွေက ကျောက်ဖျာကြီးတစ်ခုမှာစုပြီး ဘုရားလောင်းကို နှုတ်ဆက်ပွဲ ကြိုဆိုပွဲ လုပ်ကြတာပေါ့။ အဲဒီမှာ မျောက်တွေက ဝိုင်းမေးကြတာ ‘ဘယ်ရောက်သွားတာလဲ၊ ဘယ်လိုလွတ်လာတာလဲ’ ပေါ့။ ‘ဘုရင့်နန်းတော်ရောက်သွားတာ၊ ဘုရင်ကြီးက သူ့ကိုသဘောကျလို့ ပြန်လွှတ်ပေးတာ’ ဆိုတော့၊ ‘လူတွေအကြောင်း

ပြောပြပါ' ဆိုပြီး ဝိုင်းတောင်းဆိုကြတယ်။ 'ဟာ. . . လူတွေအကြောင်းတော့ မပြောချင်ဘူး။ မမေးကြပါနဲ့' ဆိုတော့ ပိုပြီးသိချင်ကြတာပေါ့။ အဲဒီမှာ အတင်းအကျပ်မေးတော့ ပြောပြတာက -

'လူတွေက နေ့တိုင်းပဲ ဒါငါ့ရွှေ ငါ့ငွေနဲ့ ပြောပြောနေကြတယ်၊ အနိစ္စသဘော၊ ဒုက္ခသဘောတွေ မသိကြဘူးပေါ့။ အိမ်တွေမှာဆိုလဲ အိမ်ရှင်က နှစ်ယောက်ရှိတယ်တဲ့၊ တစ်ယောက်က မုတ်ဆိတ်လဲမရှိဘူး၊ ဆံထုံးနဲ့ နားပေါက်နဲ့တဲ့၊ သူ့ကို ငွေကြေးအများကြီး အကုန်အကျခံပြီး ခေါ်ထား ရတာတဲ့၊ သူက အိမ်မှာဆိုလဲ တဖျစ်တောက်တောက်နဲ့ အလုပ်သမားတွေကို တစ်ချိန်လုံး ဆူဆဲကြိမ်းမောင်းနေတာပဲ' တဲ့။

"အဲဒီလိုပြောတော့ တခြားမျောက်တွေတွေက 'မာကထေထ၊ မာကထေထ-မပြောပါနဲ့တော့ မပြောပါနဲ့တော့၊ မကြားဝံ့မနာသာရှိလိုက်တာ' ဆိုပြီး နားနှစ်ဖက်ကို ပိတ်ထားကြတယ်တဲ့။ အဲဒီကျောက်ဖျာကြီးကို မကြား သင့်တာတွေ ကြားရတဲ့နေရာဆိုပြီး မကြည့်ချင်တော့လို့ တခြားအရပ်ကို ထွက်သွားကြတယ်တဲ့" ဟု မိမိက ပြောပြရာ ဦးပညာလင်္ကာရက သဘောကျ နေ၏။

အာဂန္တုကိုယ်တော်က -

"ဒီမျောက်သုံးကောင်နဲ့ပတ်သက်ပြီး တခြားတရုတ်ပုံပြင်၊ ဂျပန် ပုံပြင်တွေလဲ ရှိသေးတယ်။ ဆယ့်ခုနစ်ရာစုကတဲက ဂျပန်နိုင်ငံ နီကိုမြို့မှာရှိတဲ့ တိုရှိုဂူနတ်ကွန်းမှာ အဲဒီမျောက်သုံးကောင်ရုပ်ကို သစ်သားပန်းပုလက်ရာနဲ့ ရုပ်လုံးဖော်ထားတယ်တဲ့။

"See no evil, hear no evil, speak no evil" ဆိုတဲ့စကားဟာ ဂန္ဒီကြီးတို့တောင် သိပ်သဘောကျတဲ့စကားပေါ့။ ဒါပေမဲ့ တပည့်တော်တို့ ဗုဒ္ဓဘာသာမှာ တစ်ခုပြဿနာဖြစ်နေတာက အဲဒီတိရစ္ဆာန်တွေ စကားပြော တဲ့ကိစ္စပဲ။

'သိပ္ပံပညာ၏ ချီတက်မှုသည် ဗုဒ္ဓဝါဒ၏ အောင်ပွဲရမှုပင်ဖြစ်သည်။ သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအား အကောင်းဆုံး

သက်သေပြချက်များသာဖြစ်သည်' ဆိုတဲ့ (ဆာ့ဟရီဆင်ဂိုး) ရဲ့ စကားကို အပြည့်အဝထောက်ခံပြီး ဂုဏ်မယူရဲဘူး ဖြစ်နေတယ်"ဟု ပြောပါသည်။

မိမိက -

"ဒါကတော့ အရှင်ဘုရားရယ်၊ တချို့အရာတွေက လတ်တလော သက်သေမပြနိုင်တိုင်း မဖြစ်နိုင်ဘူးလို့ ပြောလို့မှမရတာ။ ဒီနေ့ခေတ်မှာ ပေါ်ပေါက်နေတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေအကြောင်းကို လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင်ကျော်က ကြိုပြောခဲ့မယ်ဆိုရင် ယုံနိုင်စရာမရှိဘူး။ ဇာတ်တော်တွေဆိုတာက ခေတ်ကာလအမျိုးမျိုး ကမ္ဘာအမျိုးမျိုးမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို ပြန်ဟောထားတာပဲ။ တပည့်တော် လေ့လာထားမိသလောက် ပြောရရင် တချို့ဇာတ်တွေမှာ တိရစ္ဆာန်တိုင်း လူစကားပြောတတ်တာမဟုတ်ဘူး။

"သုဝဏ္ဏမိဂဇာတ်မှာ ဘုရားလောင်း ရွှေသမင်ဘဝရောက်တုန်းက မုဆိုးထောင်ထားတဲ့ ကျော့ကွင်းတစ်ခုမှာ မိတယ်။ ဘုရားလောင်းရဲ့ အော်သံကြားတော့ သမင်တွေထွက်ပြေးကြတယ်။ ဘုရားလောင်းသမင်မင်းရဲ့ မယားဖြစ်တဲ့ သမင်မကလေးက သူ့လင်သားနားက မခွာဘဲနဲ့ မုဆိုးလာတဲ့အထိ စောင့်ပြီး မုဆိုးကိုတောင်းပန်တယ်။

"အဲဒီမှာမုဆိုးကအံ့သြပြီး 'တိရစ္ဆာန်ဖြစ်ပေမဲ့ ကိုယ့်လင်သားကို အသက်စွန့်ပြီးကယ်တင်တယ်၊ လူ့ဘာသာစကားကိုလဲ ပြောတတ်တယ်' ဆိုပြီး လွှတ်ပေးတယ်။ အလားတူဇာတ်တော် တပည့်တော်ရှာတွေ့ထားတာ ခုနစ်ဇာတ်လောက်ရှိတယ်။

(၁။ ရုရုမိဂဇာတ် ၂။ သိင်္ဂါလဇာတ် ၃။ အဿကဇာတ် ၄။ သုဝဏ္ဏမိဂဇာတ် ၅။ သာလိကေဒါရဇာတ် ၆။ စူဠဟံသဇာတ် ၇။ သုဝဏ္ဏသာမဇာတ်)

"နောက်တစ်ခုက တိရစ္ဆာန်တွေက သူတို့ဘာသာဘာဝ သူတို့စကားနဲ့ပြောတာပဲ၊ အဲဒါကို 'သဗ္ဗရုတညု' လို့ခေါ်တဲ့ မန္တန်အစွမ်းနဲ့သိတာ။ အဲဒီလိုဇာတ်က တပည့်တော်တွေ့တာ ငါးဇာတ်လောက်ရှိတယ်။ တပည့်တော် နမူနာတစ်ခုပြောပြမယ်။

"သတပတ္တဇာတ်ဆိုတာမှာ ဘုရားလောင်းက ကာသိကဆိုတဲ့ ရွာငယ်လေးတစ်ရွာမှာ လူဆိုးဗိုလ်ဖြစ်နေတယ်။ ဗာရာဏသီပြည်က သူဌေးတစ်ယောက်က ကျေးလက်ကလူတစ်ယောက်ကို ငွေတစ်ထောင်ချေးထားပြီး ပြန်မတောင်းရသေးခင် ကွယ်လွန်သွားတယ်။ နောက်ကြာတော့ သူ့ဇနီးလဲ သေလုဆဲဆဲဖြစ်လာလို့ သူ့သားကို အကြွေးသွားတောင်းဖို့ လွှတ်လိုက်တယ်။ သူ့သား အကြွေးသွားတောင်းနေတဲ့အချိန်မှာ အမေဖြစ်သူက ကွယ်လွန်ပြီး သားကိုချစ်တဲ့ဇောနဲ့ သားပြန်လာမယ့်လမ်းမှာ ဥပပတ်ပဋိသန္ဓေနဲ့ မြေခွေးမ သွားဖြစ်တယ်။

"ကြွေးတောင်းရာက ပြန်လာတဲ့သားက ဘုရားလောင်းလူဆိုးဗိုလ်ရှိတဲ့ တောအုပ်ကိုဖြတ်ပြန်ရမှာ။ အဲဒါကို မြေခွေးမက တောအုပ်ထဲကို မဝင်ဖို့ အန္တရာယ်ရှိတယ်ဆိုတဲ့သဘောနဲ့ ဟန့်တားတယ်။ သူက မြေခွေးစကားနားမလည်တော့ ရှုပ်တယ်ဆိုပြီး ခဲနဲ့ထုတယ်တဲ့။ အဲဒီအချိန်မှာ ခေါက်ရှာငှက်တစ်ကောင်က 'အဲဒီလူမှာ ငွေတစ်ထောင်ပါတယ်။ သူ့ကိုသတ်ပြီး ယူကြလို့' အော်တယ်တဲ့။

"အဲဒီငှက်ကိုကျတော့ သူက မင်္ဂလာငှက်လို့ယူဆပြီး 'အရှင် မြည်ပါဦး၊ မြည်ပါဦး' ဆိုပြီး လက်အုပ်ချီတယ်တဲ့။

"ဘုရားလောင်းလူဆိုးဗိုလ်က 'သဗ္ဗရုတညု' မန္တန်တတ်တော့ သိတယ်။ မြေခွေးမက လူငယ်ရဲ့အမိ ဖြစ်နိုင်တယ်၊ ခေါက်ရှာငှက်ကတော့ ရန်သူဖြစ်နိုင်တယ်လို့ ခန့်မှန်းမိတယ်။ ဒါကြောင့် လူငယ်ကိုဖမ်းပြီး အကျိုးအကြောင်းမေးတော့ သူထင်တဲ့အတိုင်းပေါ့။

'သင်က ကိုယ့်အကျိုးကိုလိုလားတဲ့ မိခင်ကိုကျတော့ အကျိုးမဲ့လိုလားသူလို့ ထင်ခဲ့တယ်။ အကျိုးမဲ့ကိုလိုလားတဲ့ ခေါက်ရှာငှက်ကိုကျတော့ အကျိုးစီးပွားလိုလားသူလို့ မှတ်ယူခဲ့တယ်' စသည်ဖြင့်ဆုံးမပြီး ပြန်လွှတ်လိုက်တယ်တဲ့။

"ခရပုတ္တဇာတ်ကို ဖတ်ကြည့်ရင် အဲဒီမန္တန် ဘယ်ကလာတယ်ဆိုတာပါ သိရလိမ့်မယ်။ ပရန္တပဇာတ်၊ မဟာဗောဓိဇာတ်၊ မစ္ဆဇာတ်တွေမှာလဲ

ဖတ်ကြည့်နိုင်တယ်။ တိရစ္ဆာန်တွေက သူတို့စကား သူတို့ပြောတာပဲ၊ အဲဒါကို မန္တန်ဟန်ခိုးနဲ့ နားလည်တာပေါ့။

"နောက်တစ်မျိုးကတော့ တိရစ္ဆာန်တွေရဲ့ အဖြစ်အပျက်ကို ဘုရားရှင်က သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ သိရှိပြီး ပြန်လည်ဖော်ထုတ် ဟောကြားထားတာတွေပေါ့။ နောက်တစ်ခုက တပည့်တော်တွေးကြည့်တာ လူနဲ့ တိရစ္ဆာန် အပြန်အလှန် နားလည်ပြောဆိုနိုင်တဲ့ ခေတ်ကာလတွေလည်း ရှိကောင်းရှိနိုင်တယ်လို့ ထင်တာပဲ။

'လောကစိန္တာ ဘိက္ခဝေ အစိန္တေယျာ န စိန္တေတဗ္ဗာ' ဆိုတဲ့အတိုင်း လောကကြီးအကြောင်းက ထူးဆန်းလွန်းလို့ မကြံအပ် မစည်အပ်ဘူးလို့တောင် ဆိုထားတယ်မဟုတ်လားဘုရား။

"နောက်ပြီး သိပ္ပံပညာရဲ့ အသစ်တွေ့ရှိချက်တွေဟာ ဗုဒ္ဓဘာသာကျမ်းစာတွေနဲ့ တလွဲတချော် ကပြောင်းကပြန်ဖြစ်နေတယ်ဆိုတာမျိုး သိပ်မရှိပါဘူး။ တခြားဘာသာတွေနဲ့သာ ဆန့်ကျင်တာပါ။ အဲဒါကြောင့် ဗုဒ္ဓဘာသာကို သိပ္ပံနည်းကျဘာသာလို့ ချီးကျူးကြတာပေါ့။

"ဥပမာ- အိန္ဒိယက သိပ္ပံပညာရှင်နှစ်ဦးက မဟာဗောဓိပင်ကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း-၂၅၀၀ ကျော်က အပင်ဟုတ်မှန်ကြောင်း ထောက်ခံကြတယ်။

"အနောက်တိုင်းသိပ္ပံပညာရှင်တွေက တရုတ်ပြည်က ဗုဒ္ဓစွယ်တော်ကို Genetic Engineering နည်းနဲ့ စမ်းသပ်စစ်ဆေးတဲ့အခါမှာ. . .

(၁) ဒီသွားဟာ လွန်ခဲ့တဲ့နှစ်ပေါင်း-၂၆၀၀ ခန့်က သွားဆိုတာ မှန်ကန်ပါတယ်တဲ့။

(၂) လူသားတစ်ဦးရဲ့ သွားဆိုတာလဲ မှန်ကန်ပါတယ်တဲ့။

(၃) ၎င်းသွားထဲမှာပါတဲ့ DNA (Deoxyribo Nucleic Acid) ဟာ သာမန်လူသားတစ်ဦးရဲ့ DNA eJY rwlbJ Supreme Lord (အမြင့်မြတ်ဆုံးအရှင်သခင်) ရဲ့ DNA အဖြစ် ကောက်ချက်ချပါတယ်တဲ့။

"ဒါ ၂၀၁၂-ခုနှစ်အတွင်းမှာ စမ်းသပ်မှုတွေနော်။ အင်တာနက်မှာ တွေ့တာ၊ ကဲ-ဆာ့ဟာရီဆင်ဂိုးရဲ့စကားကို ဂုဏ်ယူချင် ယူလို့မရသေးဘူးလား။

"ဒါပေမဲ့ အဲဒီလို အပေါ်ယံကိစ္စတွေကတော့ လက်မခံချင်သူအဖို့ ငြင်းမယ်ဆို ငြင်းလို့ရပါတယ်။ တပည့်တော်ကိုတော့ လာမငြင်းနဲ့နော်။ မျောက်တွေလို မျက်စိပိတ်၊ နားပိတ်၊ ပါးစပ်ပိတ်ထားမှာ"

၂၀၁၃-ခုနှစ်၊ စက်တင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း။



## ရဟန္တာစစ်တမ်း

မေး။ ။ယခုခေတ်တွင် ရဟန္တာဖြစ်နိုင်ပါသေးသလား။ ကျမ်းအကိုးအကားဖြင့် ဖြေကြားပေးပါရန်နှင့် ရဟန္တာဟုတ်-မဟုတ် မည်သို့စမ်းသပ်ရပါမည်နည်း။ ပညာရှင်များ ဖြေကြားပေးတော်မူကြရန် ဖြစ်ပါသည်။

*(သိလိုသူတစ်ဦး)*

ဖြေ။ ။ယခုခေတ်တွင် ရဟန္တာဖြစ်နိုင်သေးသလားဟူမူ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး သုဘဒ္ဒပရိဗိုဇ်မေးမြန်းသဖြင့် ဖြေကြားတော်မူအပ်သော "ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ-သုဘဒ်ပရိဗိုဇ်၊ ဤရဟန်းအပေါင်းတို့သည်ကား ကောင်းစွာနေထိုင်ကုန်ငြားအံ့၊ ဤသို့နေထိုင်ကြမူ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းသည်ဖြစ်ရာ၏ (ဒီ၊ ၂၊ ၁၂၅)" ဟူသော ပဋိပတ်စွမ်းအင်ပြ နိပ္ပရိယာယ မုချစကားတော်အရ ယခုခေတ်တွင်လည်း ရဟန္တာများ ဖြစ်နိုင်ပါသေးသည်။

## ရဟန္တာဟုတ်-မဟုတ် စမ်းသပ်နည်း

ယခုခေတ်တွင် ရဟန္တာများ ဖြစ်နိုင်သေးသည်ဆိုသော်လည်း ရဟန္တာစစ်-မစစ် စမ်းသပ်ဖို့၊ စုံစမ်းဖို့အရေးမှာ အလွန်မှ သိမ်မွေ့နက်နဲလှပါသည်။ အဘယ်ကြောင့်ဆိုသော် ရဟန္တာအစစ်သည် စိန်ရွှေပတ္တမြားအပြည့်ထည့်ထားသော ရတနာအိုးကိုရရှိထားသော ယောကျ်ားကဲ့သို့ သူတစ်ပါးအား ဝါကြွားပလွှားရာကျမည်စိုး၍ မိမိရရှိထားသော အရဟတ္တ

ဖိုလ် ဓမ္မရတနာကို မပြလို၊ မပြောလိုသောကြောင့်လည်းကောင်း၊ လူသာမညာ တို့အား ဈာန်မဂ်ဖိုလ်တရားတို့ကို မပြောကြားရဟု သိက္ခာပုဒ်ပညတ်ထား သောကြောင့်လည်းကောင်း ဤမျှသိမ်မွေ့နက်နဲခြင်းဖြစ်ပါသည်။

*(ဒီ၊ ၄၊ ၂၊ ၂၇၀၊ ဝိ၊ ၂၊ ၃၇။)*

ဤတွင် သိနိုင်ခဲပုံဝတ္ထုတစ်ပုဒ် ထုတ်ပြပါမည်။ တစ်ခါက စိတ္တလ တောင်တွင် သီတင်းသုံးနေတော်မူသော ရဟန္တာမထေရ်ကြီးတစ်ပါးသည် အလုပ်အကျွေး တောထွက်ရဟန်းကြီးတစ်ပါးနှင့်အတူ ဆွမ်းခံထွက်လာ၏။ မထေရ်ကြီး၏ သပိတ်သင်္ကန်းကိုယူလျက် နောက်ကလိုက်နေသော တောထွက် ရဟန်းကြီးက "အရိယာဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ" ဟု မထေရ်ကြီးကို မေးလေ၏။ မထေရ်ကြီးက "တချို့ပုဂ္ဂိုလ်များသည် အရိယာနှင့်အတူနေ၊ အရိယာတို့၏ သပိတ်သင်္ကန်းကိုယူလျက် အရိယာတို့ကို ဝတ်ကြီးဝတ်ငယ် ပြုနေရသော်လည်း အရိယာမှန်းမသိနိုင်လောက်အောင် အရိယာဆိုသည်မှာ အသိခက်လှပေ၏" ဟု မိန့်တော်မူ၏။ သို့သော် တောထွက်ကိုယ်တော်ကြီး ကား မသိရှာ။ နီးကပ်စွာနေရသော်လည်း ဉာဏ်ပညာရှိသူမှသာ သိနိုင်ပေ မည်။ *(ဒီ၊ ၄၊ ၂၊ ၃၆၄။ မ၊ ၄၊ ၁၊ ၂၃။ သံ၊ ၄၊ ၂၊ ၂၃၂။ ဓမ္မနီ၊ ၄၊ ၇၁။)*

ရဟန္တာစစ်-မစစ်သိဖို့က အရေးကြီးသလား မေးငြားအံ့၊ အရေးကြီး လှပေသည်။ နိန္ဒိယပသံသာယ ဟိ ပသံသိယနိန္ဒာယ စ သမကောဝ ဝိပါကော။ (သံ၊ ၄၊ ၁၊ ၁၉၇) ဟူသည်နှင့်အညီ ကဲ့ရဲ့ထိုက်သူကို ချီးမွမ်းမိ ခြင်းနှင့် ချီးမွမ်းထိုက်သူကို ကဲ့ရဲ့မိခြင်းကား အပြစ်အတူတူပင်ဖြစ်ရကား အလဇ္ဇီရှင်ရဟန်းကို ရဟန္တာမှတ်ပြီး ပူဇော်လှူဒါန်းနေလျှင် သာသနာတော် ကို ကူ၍ဖျက်ရာရောက်ပေမည်။ ရဟန္တာကို ကဲ့ရဲ့စွပ်စွဲမိလျှင်လည်း အရိယူပ ဝါဒကံကြီး ထိုက်ပေတော့မည်။ သို့အတွက် ဗုဒ္ဓဘာသာဝင်များ ဉာဏ်နှင့် ယှဉ်၍ စဉ်းစားချဉ်းကပ်ကြမှ တော်ပေမည်။

ရဟန္တာစစ်-မစစ် စမ်းသပ်စစ်ဆေးပုံကို ဆိုပါတော့မည်။ မိမိကိုယ် ကို ရဟန္တာဟု ဝန်ခံလာသူကို စစ်ဆေးစမ်းသပ်နည်းကို မြတ်ဗုဒ္ဓ အတိ အကျညွှန်ကြားထားချက်ရှိပါသည်။ တရားထူးရသည်ဟု ဝန်ခံလာသူအား-

(၁) ကိံ တေ အဓိကတံ-အဘယ်တရားထူးကိုရသနည်း။ စျာန်ကို ရသလား၊ မဂ်ကိုရသလား။ ဤသို့ရအပ်သောတရားထူးကိုလည်းကောင်း။

(၂) ကိန္တိ တေ အဓိဂတံ-အနိစ္စစသော လက္ခဏာသုံးပါးတွင် ဘယ် လက္ခဏာကို ပဓာနပြု၍ရသနည်း။ တစ်နည်း။ သမထဝိပဿနာနှစ်မျိုးတွင် အဘယ်ကိုနှလုံးသွင်း၍ရသနည်း။ ဤသို့ ရခြင်း၏အကြောင်းကိုလည်း ကောင်း။

(၃) ကဒါ တေ အဓိဂတံ-ဘယ်အချိန်မှာရသနည်း။ နံနက်မှာလား၊ နေ့ခင်းအချိန်မှာလား။ ဤသို့စသည်ဖြင့် အချိန်ကိုလည်းကောင်း။

(၄) ကတ္ထ တေ အဓိဂတံ-ဘယ်အရပ်မှာရသနည်း။ သစ်ပင်ရင်း မှာလား၊ မဏ္ဍပ်အတွင်းမှာလား။ ဤသို့စသည်ဖြင့် အရပ်ကိုလည်းကောင်း။

(၅) ကတမေ တေ ကိလေသာ ပဟီနာ-ဘယ်ကိလေသာတို့ကို ပယ်ပြီးဖြစ်သနည်း။ ဤသို့ ပယ်အပ်ပြီးသောကိလေသာတို့ကိုလည်းကောင်း။

(၆) ကတမေသံ တွံ ဓမ္မာနံ လာဘီ-ပဌမမဂ်စသည်တို့တွင် အဘယ်ကိုရသနည်း။ ဤသို့ ရအပ်သောတရားထူးကိုလည်းကောင်း ခွဲခြား၍ မေးရမည်ဟု ဆိုပါသည်။ *(ဝိ၊ ၁၊ ၁၁၇။ ဝိ၊ ၄၊ ၂ ၈၁၊ ၈၂)*

ဤနေရာ၌ အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ ဆက်လက်ညွှန်ကြား ထားချက်ကို ဆိုပါဦးမည်။ အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့က အထက်ပါ အတိုင်း စစ်စစ်ပေါက်ပေါက် မေးမြန်းရာ အဆင်ပြေပြေဖြေနိုင်ရုံမျှဖြင့် မယုံကြည်ထိုက်သေးကြောင်း၊ ဗဟုသုတရှိသော ပါဠိ၊ အဋ္ဌကထာကျွမ်းကျင် သော ရဟန်းများအနေဖြင့် ကောင်းစွာဖြေဆိုနိုင်ကြောင်း၊ ထို့ကြောင့် ထို ရဟန်းအား မဂ်မရမီရှေ့အဖို့၌ သီလစင်ကြယ်မှု၊ ကမ္မဋ္ဌာန်းအားထုတ်မှု အကျင့်များ ရှိ-မရှိ၊ ရှိလျှင်လည်း လာဘ်ကိုမမျှော်ဘဲ ရိုးရိုးသားသား စင်စင် ကြယ်ကြယ်ကျင့်ခြင်းဟုတ်-မဟုတ် စဉ်းစားရမည်ဟု မိန့်ဆိုကြပါသည်။

ဤသို့ စဉ်းစားနှိုင်းယှဉ်၍ သူ၏ဖြေဆိုပုံနှင့် သူ၏ကျင့်ပုံ ညီညွတ် ရုံမျှဖြင့်လည်း ရဟန္တာဟု ပူဇော်သက္ကာရအမှု မပြုထိုက်သေးပါ။ အဘယ် ကြောင့်ဆိုသော် အချို့သောပုထုဇဉ်ရဟန်းတို့သည် ရဟန္တာနီးပါး အကျင့်

ကောင်းကြသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ရဟန္တာဟု ကေန်မသတ်မှတ်သေးဘဲ ဉပါယ်တံမျဉ်ဖြင့် စမ်းသပ်သင့်သေးသည်ဟု မိန့်ဆိုကြပါသည်။

ဉပါယ်တံမျဉ်ဖြင့်စမ်းသပ်ပုံကို ဝတ္ထုသာဓကများထုတ်ပြ၍ ဆိုပါမည်။ တစ်ခါက ဒီဃဘာဏကအဘယဆိုသော မထေရ်ကြီးတစ်ပါးသည် ပိဏ္ဍပါတ်မူတင်ဆောင်ရဟန်းတစ်ပါးကို ပုထုဇဉ်လော၊ ရဟန္တာလောဟု မခွဲခြားမဆုံးဖြတ်နိုင်သည်ဖြစ်၍ သူငယ်တစ်ယောက်အား အမှတ်သညာပေးထား၏။ ထိုသူငယ်သည် ကလျာဏီမြစ်ဆိပ်၌ငုပ်၍ ရေချိုးနေသော ထိုရဟန်း၏ခြေထောက်ကို ဆွဲလေ၏။ ပိဏ္ဍပါတ်မူတင်ဆောင်ရဟန်းသည် မိကျောင်းမှတ်ပြီး ကျယ်လောင်စွာအော်ဟစ်လေရာ ပုထုဇဉ်မှန်းသိရလေ၏။ မှန်ပါသည်။ ရဟန္တာမည်သည် ဦးထိပ်၌ မိုးကြိုးကျသော်လည်း ကြောက်တုန်လှုပ်ခြင်းမဖြစ်တော့ပါ။ အသက်ခန္ဓာ၌ တပ်မက်ဖြင်း နိကန္တိကို ပယ်ထားပြီးဖြစ်ပါသည်။ *(မ၊ ၌၊ ၄၊ ၆၆။ သာရတ္ထ၊ ဋီ၊ ၂၊ ၂၈၅။)*

သို့သော် အချို့ကြောက်ရွံ့ခြင်းကင်း ရဲတင်းသောပုထုဇဉ်များလည်း ရှိတတ်သေးရာ နှစ်သက်ဖွယ်အာရုံများနှင့်လည်း စမ်းသပ်သင့်ပါသေးသည်။ တစ်ခါက ဝသဘမင်းသည် မထေရ်တစ်ပါးကို စုံစမ်းလိုသဖြင့် နန်းတော်သို့ ပင့်ဆောင်ပြီး မထေရ်၏ရှေ့တွင် ဆီးသီးမှုန့်ဖြင့်ဖျော်ထားသော မုန့်ကိုနယ်ပြလေ၏။ ထိုအခိုက် မထေရ်၏သွားရည်များ ယိုကျလာသဖြင့် ရသတဏှာမပယ်နိုင်သေးပုံ၊ ရဟန္တာမဖြစ်သေးပုံကို သိရလေ၏။ မှန်ပါသည်။ ရဟန္တာမည်သည် နတ်ဩဇာကိုသော်မျှ တပ်မက်ခြင်းမရှိတော့ပါ။

*(မ၊ ၌၊ ၄၊ ၆၇။ သာရတ္ထ၊ ဋီ၊ ၂၊ ၂၈၅။)*

အချုပ်အားဖြင့်ဆိုရလျှင် ရဟန္တာဆိုသည်မှာ ကိလေသာဆယ်ပါးစလုံးကင်းကာ လောကဓံတရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ၊ တွေဝေခြင်းမေ့လျော့ခြင်းမရှိ၊ အိပ်မက်မက်ခြင်းမရှိ၊ သုတ်လွှတ်ခြင်းမရှိ၊ မာယာ-သာဌေယျမရှိ စသည်ဖြင့် ပုထုဇဉ်တို့၏ စရိုက်အကြိုက်တို့နှင့် များစွာကွာခြားရကား ရဟန္တာအရှင်တို့၏ဂုဏ်ကို ပုထုဇဉ်တို့ ကုန်စင်အောင်မသိနိုင်ကြောင်း၊ ရဟန္တာအချင်းချင်းသာသိနိုင်ကြောင်း ဟောတော်မူထားပါသည်။

ဤ၌ အနည်းငယ်ဖြည့်စွက်၍ပြောချင်သည်မှာ ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တို့အား မျက်မြင်ဖူးတွေ့၍ ကိုယ်တွေ့ကြည်ညို ဘုန်းရိပ်ခိုလှုံလိုကြသည်မှာ ပုထုဇဉ်သူတော်ကောင်းတို့၏ ကောင်းမြတ်သောသဘာဝပင် ဖြစ်ပါသည်။

သို့သော် အရိယာတို့ကို ဖူးတွေ့ရခြင်းဟူသည် ပကတိမျက်စိဖြင့် ဖူးတွေ့ရခြင်း၊ ဉာဏ်မျက်စိဖြင့် ဖူးတွေ့ရခြင်းဟု နှစ်မျိုးရှိပါသည်။ ထိုတွင် ပကတိမျက်စိဖြင့် ဖူးတွေ့ရခြင်းကို တိရစ္ဆာန်များပင် (သိသိ-မသိသိ) ဖူးတွေ့နိုင်၍ ဘုရားရှင်မချီးမွမ်းလှပေ။ ထို့ကြောင့်ပင် ဘုရားရှင်အား ဖူး၍မဝ ကြည်ညိုလှသော ဝက္ကလိမထေရ်အား "ဝက္ကလိ၊ ဤကိုယ်ကောင်ပုပ်ကို ဖူးမြင်ရခြင်းဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း။ ဝက္ကလိ၊ တရားကိုမြင်သောသူသည် ငါဘုရားကိုမြင်၏" ဟု မိန့်တော်မူခဲ့သည် မဟုတ်ပါလော ။

*(သံ၊ ၂၊ ၉၈။ ဓမ္မ၊ ၄၊ ၂၊ ၃၈၀)*

ထို့ကြောင့် ဘုရားရှင်အလိုတော်အားဖြင့် အရိယာပုဂ္ဂိုလ်ကို ပကတိမျက်စိဖြင့် ဖူးတွေ့ရသော်လည်း ဉာဏ်ဖြင့် အရိယာတို့မြင်အပ်သော လက္ခဏာရေးသုံးပါးကို မမြင်သော၊ အရိယာတို့ သိအပ်သောတရားတို့ကို မသိသောသူသည် အရိယာအဖြစ်ကို ပြုတတ်သောတရားကိုလည်းကောင်း၊ အရိယာ၏အဖြစ်ကိုလည်းကောင်း မမြင်အပ်သည်၏အဖြစ်ကြောင့် အရိယာနံ အဒဿာဝီ-အရိယာပုဂ္ဂိုလ်တို့ကို မဖူးမြင်ရသူပင်ဖြစ်၏ ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုကြပါသည်။ *(အဘိ၊ ၄၊ ၁၊ ၃၈၅)*

ကိုယ်တိုင်ကိုယ်ကျ တရားရ၍ အရိယာအစစ်ကို ဖူးတွေ့နိုင်ကြပါစေ။

## ဖားကိုမြွေကိုက် တုတ်ဖြင့်ရိုက်သော်

မေး။ ။(က)ဖားကိုမြွေကိုက်နေရာ ဖား၏အသက်ကို ကယ်သောအနေအားဖြင့် လူတစ်ယောက်က မြွေကို တုတ်ဖြင့်ရိုက်ကာ ဖယ်ရှား၏။ မြွေသည် သူ၏အစာဖြစ်သော ဖားကို လွတ်သွား၏။ မြွေ၏အစာကို တားဆီးပိတ်ပင်သော ထိုလူ၌ အပြစ်ရှိပါသလား။ ဖား၏အသက်ကိုကယ်ခြင်းကြောင့် ကုသိုလ်ကောရပါသလား။ ကျမ်းအကိုးအကားဖြင့် ပညာရှင်များ ဖြေကြားပေးကြပါရန် မေးမြန်းအပ်ပါသည်။

ဖြေ။ ။(က) မြွေ၏အစာကို တားဆီးပိတ်ပင်သော ထိုလူ၌ အပြစ်ရှိပါသလားဟူရာ၌ မြွေကိုတုတ်ဖြင့်ရိုက်ရာတွင် (မေးခွန်းအရ) ဖား၏အသက်ကို ကယ်သောအနေအားဖြင့် ရိုက်ခြင်းဖြစ်၏။ တမင်တကာ မြွေ၏အစာကို တားဆီးပိတ်ပင်လိုစိတ်၊ သက်သက်မဲ့ မြွေကို အစာငတ်စေလိုစိတ်မရှိ။ ထိုသို့မရှိသည့်အတွက် အပြစ်မဖြစ်။

ဘုရားရှင်လက်ထက်တော်တွင် အဝရုဒ္ဓကမည်သော ဘီလူးသည် ၁၂-နှစ်တိုင်တိုင် ဝေဿဝဏ်နတ်မင်းကြီးကို လုပ်ကျွေးခစားသဖြင့် "ဤနေ့မှ နောက် ၇-ရက်မြောက်နေ့တွင် (အာယုဝဍ္ဍနသတို့သား ဖြစ်လာလတ္တံ့သော) ဤသူငယ်ကို ဖမ်းယူစားသောက်လော့" ဟု ဆုအဖြစ်ပေးလေ၏။ မြတ်စွာဘုရား၏ အစီအမံဖြင့် သူငယ်ကို ခြံရံကာ ရဟန်းတော်တို့သည် ၇-ရက်တိုင်တိုင် အဆက်မပြတ် ပရိတ်ရွတ်ကြရ၏။ ၇-ရက်မြောက်သောည၌ ဘုရားရှင်ကိုယ်တော်တိုင်ကြွလာ၏။ ဘုရားရှင်ကြွလာတော်မူသောအခါ တန်ခိုးကြီးနတ်များလည်း လာရောက်ကြသဖြင့် အဝရုဒ္ဓကဘီလူး

အနားကပ်ခွင့်မရ။ ၇-ရက်ကျော်သွားလျှင်လည်း စားခွင့်မရှိတော့။ ဤနည်းဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ဘီလူးစားမည့်ဘေးက ကလေးတစ်ယောက်ကို ကယ်တင်တော်မူခဲ့ဖူး၏။ *(ဓမ္မ၊ ၄၊ ၁၊ ၄၂၃)*

ဖား၏အသက်ကိုကယ်တင်ခြင်းကြောင့် ကုသိုလ်ရပါသလား ဟူရာ၌ ကုသိုလ်ရပါသည်။ ဇီဝိတဒါနဖြစ်ပါသည်။ အဋ္ဌသာလိနီအဋ္ဌကထာတွင် "ဇီဝိတဒါနဖြစ်လတ္တံ့ဟုကြံ၍ စာရေးတံဆွမ်း၊ သံဃိကဆွမ်း စသည်တို့ကို ပေးလှူ၏။ မကျန်းမာကုန်သောရဟန်းတို့အား ဆေးလှူ၏။ ဆေးဆရာခေါ်ပေး၏။ ပိုက်ကွန်ကိုဖောက်ဖျက်စေ၏။ မြှုံးကိုဖျက်ဆီးစေ၏။ ငှက်လှောင်ချိုင့်ကို ပျက်စီးစေ၏။ အချုပ်အနှောင်မှလွတ်မြောက်ခြင်းကို ပြုစေ၏။ သားကြီးငါးကြီးမသတ်ရဟု ကြွေးကြော်ကာ စည်လည်စေ၏" *(အဘိ၊ ၄၊ ၁၊ ၁၂၂။)* စသည်ဖြင့်လာရှိပါသည်။

ဝိနည်းဋီကာတွင်လည်း "ဖားကိုခဲထားသောမြွေမကို (အမဖြစ်၍ ရဟန်းမကိုင်ကောင်းသောကြောင့်) တုတ်စသည်တို့ဖြင့် ညှပ်၍ ဖျစ်ညှစ်ဖိနှိပ်ကာ ဖားကိုလွတ်စေခြင်းငှာ အပ်၏" ဟု လာရှိပါသည်။

*(သာရတ္ထ၊ ဋီ၊ ၂၊ ၃၁၉။)*

ဆက်လက်၍ အနည်းငယ်ရှင်းပြချင်ပါသေးသည်။ ပြဿနာတစ်ရပ်ကို အဖြေရှာရာတွင် ဗုဒ္ဓဝါဒအလို အဖြေရှာနည်း၊ အခြားသောဘာသာဝါဒ အယူအဆရှိသူ ဒဿနဆရာတို့၏ အဖြေရှာနည်းဟု နှစ်မျိုးခွဲခြားနိုင်၏။ အခြားဆရာတို့၏အဖြေရှာနည်းမှာ အပေါ်ယံအသွင်သဏ္ဍာန်ကိုကြည့်၍ ဆုံးဖြတ်၏။ ဗုဒ္ဓဝါဒအလို အဖြေရှာနည်းမှာ အတွင်းပိုင်းအနှစ်သာရကိုကြည့်၍ ဆုံးဖြတ်ရ၏။ ဥပမာ-အခြားသောဆရာတို့က ရယ်သောသူသည် အသက်ရှည်၏ဟု ဒဿနတစ်ရပ်ကို အဆိုပြု၏။ ၎င်းကို ဗုဒ္ဓဝါဒအလို အဖြေရှာကြမည်ဆိုလျှင် ရယ်မောခြင်းဟူသော အပေါ်ယံအသွင်သဏ္ဍာန်မျှကို အသက်ရှည်ခြင်း၏အကြောင်းတစ်ရပ်အဖြစ် သတ်မှတ်အတည်ပြုကာ အဖြေထုတ်လိမ့်မည်မဟုတ်။ ၎င်းပျော်ရွှင်ရယ်မောရခြင်း၏ အကြောင်းရင်းဖြစ်သော သောကကင်းခြင်း စသည်ကိုသာ အသက်ရှည်ခြင်း၏အကြောင်း

တစ်ရပ်အဖြစ် သတ်မှတ်ရပေလိမ့်မည်။ မှန်ပါသည်။ ဘဝတွင် ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောမနေနိုင်လောက်အောင် သောကဒုက္ခများနေသောသူသည် ကိုယ့်ကိုယ်ကိုယ် ကလိထိုးကာရယ်မောနေရုံမျှဖြင့် အသက်မရှည်နိုင်ပါ။

အထက်ပါမေးခွန်းတွင် (မပြေးသော်လည်း ကန်ရာရှိဆိုသလို) မြွေ၏အစာကို တားဆီးပိတ်ပင်ရာရောက်သည် မှန်၏။ သို့သော် မေးခွန်းတွင် ဖား၏အသက်ကိုကယ်သောအနေအားဖြင့်ဟု ဆိုသည့်အတိုင်း ဖားကိုသနားသော စေတနာကောင်းပြဋ္ဌာန်း၏။ မြွေကိုအစာငတ်စေလိုသော စေတနာဆိုးမရှိ။ ဥပမာ-အရက်ဆိုင်တွင် အရက်ဝယ်နေသော သားအား အတင်းအကျပ်ဆွဲခေါ်လာသော ဖခင်ကို မိဘမေတ္တာကြီးမားသူဟု ဆိုမလား၊ အရက်ဆိုင်ပိုင်ရှင်ကို ထိခိုက်အောင်လုပ်သူဟု စွပ်စွဲမလား။ အပေါ်ယံအသွင်သဏ္ဌာန်မျှဖြင့် ဆုံးဖြတ်လျှင် နှစ်ခုစလုံး ပြောပိုင်ခွင့်ရှိပါသည်။

အတွင်းပိုင်းအနှစ်သာရအထိ ကြည့်လျှင်ကား "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟု ဟောတော်မူသည့်အတိုင်း ကမ္မအရ အပြုအမူဟု သဒ္ဒါနည်းအရ အနက်ထွက်သည့်တိုင် သာမန်အပြုအမူ၊ လှုပ်ရှားမှု၊ အမူအရာမျှကိုသာ ယူရသည်မဟုတ်။ ထိုအပြုအမူကိုဖြစ်စေသော လှုံ့ဆော်တိုက်တွန်းတတ်သော စေတနာကိုသာ ကံဟုဆိုရ၏။ ထို့ကြောင့် စေတနာကောင်းလျှင် (အပြုအမူနှစ်သက်ဖွယ်မရှိသည့်တိုင်) အလုပ်ကောင်း ကံကောင်းဟု ဆိုရ၏။ စေတနာဆိုးလျှင် အလုပ်ဆိုး ကံဆိုးဟု သမုတ်ရ၏။ ဤမျှဆိုလျှင် (က) အမှတ်ပြပုစ္ဆာ ပြေလောက်ပါပြီ။

(ခ) မြွေကိုတုတ်ဖြင့်ရိုက်ရာ၌ အကယ်၍ မြွေသေသွားခဲ့ပါက တုတ်ဖြင့်ရိုက်သူမှာ ပါဏာတိပါတကံ ကျူးလွန်ရာရောက်ပါသလား ဆိုသည်ကို ဖြေကြားပေးကြစေလိုပါသည်။

ဖြေ။ ။ပါဏာတိပါတကံမြောက်ဖို့ အင်္ဂါ ၅-ချက်ပြည့်စုံဖို့ လိုပါသည်။ အင်္ဂါတို့မှာ -

(၁) သတ္တဝါဖြစ်ခြင်း၊

(၂) သတ္တဝါဟုသိရှိခြင်း၊

(၃) သေစေလိုသောစေတနာရှိခြင်း၊
(၄) သေအောင်လုံ့လပြုခြင်း၊
(၅) သေခြင်းတို့ ဖြစ်ပါသည်။

အထက်ပါအင်္ဂါ ၅-ချက်စုံမှ ကမ္မပထမြောက်ပါသည်။ ပါဏာတိပါတကံ ထိုက်ပါသည်။ ယခုမေးခွန်းပါပြဿနာတွင်ကား ဖားကိုလွှတ်ကာ ထွက်ပြေးစေရုံသာရည်ရွယ်ပြီး မြွေကိုသေစေလိုသောစိတ်စေတနာ မရှိသည့်အတွက် ပါဏာတိပါတကံ ကျူးလွန်ရာမရောက်ပါ။ "ဒီမြွေဟာ အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဖြစ်ရတယ်။ ယခု ပါဏာတိပါတအမှု ထပ်ပြုနေပြန်ပြီ။ ဒီမြွေ အကုသိုလ်မဖြစ်အောင် ငါတားမယ်" ဟု စိတ်ထားတတ်လျှင် ကုသိုလ်ပင်ဖြစ်ပါသေးသည်။

ဘုရားအလောင်းတော်သည် ကာသိတိုင်း၊ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း၏သား "မဟိသာသ" မည်သော မင်းသားဖြစ်ခဲ့စဉ်က ညီငယ်နှစ်ယောက်ကိုစားဖို့ရန် ဖမ်းထားသော ရေကန်စောင့်ဘီလူးကို ဒေဝဓမ္မတရားဟောကြားပေးရာ ဘီလူးကကြည်ညိုသဖြင့် ညီငယ်နှစ်ယောက်ကို ပြန်လွှတ်ပေး၏။

ဘုရားလောင်းက ဆက်လက်၍ ဘီလူးအား "သင်သည် ရှေးကမကောင်းမှုပြုခဲ့သဖြင့် သူတစ်ပါးတို့၏ အသွေးအသားကို စားသောက်ရသော ဘီလူးဖြစ်နေ၏။ ယခုလည်း မကောင်းမှုပြုနေပြန်၏။ ယခုလိုမကောင်းမှုတွေပြုနေမည်ဆိုလျှင် အပါယ်လေးပါးမှလွတ်ခွင့်ပင် ရလိမ့်မည်မဟုတ်။ ယနေ့မှစ၍ မကောင်းမှုတွေစွန့်ပြီး ကောင်းမှုပြုပါ" ဟု ဆုံးမ၏။ ဘီလူးကလည်း လိုက်နာ၏။ နောင်ဘုရင်ဖြစ်သောအခါ ဘီလူးကို နတ်ကွန်းဆောက်ပေးပြီး ပန်း၊ ထမင်းစသည်တို့ကို ဦးဦးဖျားဖျား ဆက်စေခဲ့ဖူး၏။ *(ဒေဝဓမ္မဇာတ်တော်ကြည့်။)*

သူတော်ကောင်းစိတ်ထားဖြင့် အားနည်းသူဘက်ကရပ်တည်၍ အကူအညီပေးကာ အားကြီးသူကိုလည်း ထို "အား" ကို အကြောင်းပြု၍ အနိုင်အထက်ပြုကာ အကုသိုလ်မပြုဖြစ်စေရန် တားမြစ်နိုင်ကြပါစေ။

## ဖခင်မှန်းမသိ၍ သတ်မိလျှင်

မေး။ ။လူတစ်ယောက်သည် သူ့အဖေမှန်းမသိခင်အရွယ်ကပင် သူ့ဖခင်နှင့် ကွဲကွာခဲ့၏။ ထိုလူ အရွယ်ရောက်လာသောအခါ သူ့အဖေနှင့် ဆန့်ကျင်ဘက်ရန်သူအဖြစ် ပြန်တွေ့ကြရ၏။ သူ့အဖေမှန်း မသိ၊ ရန်သူအဖြစ်သာ သတ်မှတ်ထား၏။ ထိုသူက ရန်သူဖြစ်သူ (အဖေ) အား အဖေမှန်းမသိဘဲ သတ်မိခဲ့သော် ပိတုဃာတကကံကြီး ထိုက်-မထိုက် ဖြေကြားပေးတော်မူကြပါရန် ပန်ကြားအပ်ပါသည်။ သိလိုသူတစ်ဦး

ဖြေ။ ။ထိုက်ပါသည်။ ဤမျှဖြင့်ပင် အထက်ပါမေးခွန်း၏အဖြေ ပြီးပြည့်စုံပါ၏။ သို့သော် အကျယ်ဝေဖန်၍ဖြေဆိုမှ စာဖတ်သူများ ဘဝင်ကျနိုင်ဖွယ်ရှိသောကြောင့် လေ့လာမိသမျှ ဖြေဆိုပြပါဦးမည်။

ရှေးဦးစွာ ပါဏာတိပါတကံထိုက်သော (ဝါ) သူ့အသက်သတ်မှု မြောက်သော အင်္ဂါအချက်အလက်တို့ကို သိထားသင့်ပါ၏။ အင်္ဂါတို့မှာ -

(၁) ပါဏော-သတ္တဝါလည်းမှန်စေ၊
(၂) ပါဏသညိတာ-သတ္တဝါမှန်းသိသည်လည်းဖြစ်စေ၊
(၃) ဝဓကစိတ္တံ-သတ်လိုသော စိတ်စေတနာရှိသည်လည်းဖြစ်စေ၊
(၄) ပယောဂေါ-သတ်မှုလုံ့လတစ်ခုခုကို ပြုသည်လည်းဖြစ်စေ၊
(၅) တေန မရဏံ-ထိုလုံ့လကြောင့်ပင် သေသည်လည်းဖြစ်စေ

ဤအင်္ဂါ-၅ ချက်စုံမှ ပါဏာတိပါတကံမြောက်၏။ *(အဘိ၊ ဋ၊ ၁၊ ၁၄၀။)*

အထက်ပါမေးခွန်းတွင် ဖခင်မှန်းမသိသည်မှတစ်ပါး ဤအင်္ဂါ ၅-ချက်နှင့်ကား ပြည့်စုံ၏။ ထို့ကြောင့် ပါဏာတိပါတကံ ထိုက်သည်မှာတော့

သေချာ၏။ ဤတွင် သိလိုသည်က ပိတုဃာတကကံထိုက်-မထိုက်။ ဖခင်မှန်းမသိသည့်အတွက် မထိုက်လေသလားဟု ယုံမှားဖွယ်ရှိ၏။ သိသိ-မသိသိ ထိုက်ပါသည်။ ထိုက်သည့်အကြောင်းကိုလည်း ရှင်းပြပါမည်။

ပါဏာတိပါတအမှုပြုရာတွင် အကောင်သေးလျှင် အပြစ်ငယ်၏။ အကောင်ကြီးလျှင် အပြစ်ကြီး၏။ အဘယ်ကြောင့်ဆိုသော် လုံ့လပယောဂ အနည်းအများကြောင့်တည်း။ (ဥပမာ-ခြင်ကိုသတ်မိလျှင် ဖျတ်ခနဲဆိုပြီး၏။ ဆင်ကိုသတ်လျှင် အားပါးစိုက်၍ ကြံမ်ဖန်များစွာပြုရ၏။) လုံ့လပယောဂ အားထုတ်မှုတူလျှင် ဂုဏ်အကြီးအငယ်လိုက်၍ အပြစ်အကြီးအသေး ကွာခြား၏။ ဂုဏ်ကျေးဇူးရှိ-မရှိခြင်းတူပြန်လျှင် သတ်သည့်အခါ၌ဖြစ်သော ဒေါသ၊ မောဟစသော ကိလေသာအနည်းအများ၊ အားထုတ်မှုအနုအရင့်လိုက်၍ အပြစ်အကြီးအသေး ကွာခြား၏။ *(အဘိ၊ ဋ၊ ၁၊ ၁၄၀။)*

အထက်ပါသဘောတရားတို့တွင် မိမိသတ်အပ်သူက ဂုဏ်ကျေးဇူးကြီး-မကြီး မသိသော်လည်း ဂုဏ်ကျေးဇူးကြီးသူကို သတ်မိလျှင် အပြစ်ကြီးသကဲ့သို့ ဖခင်မှန်းမသိသော်လည်း ဖခင်ကိုသတ်မိလျှင် ပိတုဃာတကကံထိုက်၏ဟု သိအပ်၏။

ဤတွင် ပို၍သံသယရှင်းနိုင်ရန် ဝိနည်းဒေသနာတော်၌လာသော အဆုံးအဖြတ်အချို့ကို ပြဆိုပါဦးမည်။

"ရဟန်းတစ်ပါးသည် တစ်ခုသောအရပ်၌ အိပ်နေသော သိုးတစ်ကောင်ကိုမြင်၍ 'ညအခါ လာ၍သတ်အံ့' ဟု နေရာကို မှတ်သားထား၏။ ထိုသိုးအိပ်နေသောနေရာ၌ ထိုရဟန်း၏ဖခင်သည် သိုးမွေးအဆင်းနှင့်တူသော ဖျော့တော့သောအဆင်းရှိသော သက်န်းကိုဝတ်၍ အိပ်နေ၏။ ထိုရဟန်းသည် ညအချိန်တွင် 'သိုးကိုသတ်အံ့' ဟု ကြံ၍ အဖကိုသတ်မိလေ၏။ 'ဤအိပ်နေသောသတ္တဝါကို သတ်အံ့' ဟူသော စေတနာထင်ရှားရှိသည်၏အဖြစ်ကြောင့် လူသတ်သမားလည်း ဟုတ်၏။ အာနန္တရိယ (ပိတုဃာတက) ကံလည်း ထိုက်၏။ ပါရာဇိကလည်းကျ၏။ *(ဝိ၊ ဋ၊ ၂၊ ၄၄။)*

အထက်ပါအဆုံးအဖြတ်တွင် ရဟန်းနေရာ၌ လူကိုထည့်ကာ နောက်က ပါရာဇိကကို ဖြုတ်၍မှတ်လျှင် သံသယကင်း၍ ရှင်းလင်းသွားပါလိမ့်မည်။

ဗဟုသုတတိုးပွားပြီး မှတ်သားဆင်ခြင်နိုင်ရန် အမေး-အဖြေပုံစံဖြင့် ဆက်လက်ပြဆိုပါဦးမည်။

မေး။ ။အမိသတ်ခြင်းနှင့် အဖသတ်ခြင်း ဘယ်သင်းက ပို၍အပြစ်ကြီးပါသလဲ။

ဖြေ။ ။အမိကသီလရှိလျှင် အမိသတ်ကံ၊ အဖကသီလရှိလျှင် အဖသတ်ကံက ပို၍အပြစ်ကြီးပါတယ်။

မေး။ ။မိဘနှစ်ပါးစလုံး သီလရှိ-မရှိအားဖြင့် တူမျှလျှင်ကော။

ဖြေ။ ။အမိသတ်ကံက ပို၍အပြစ်ကြီးပါတယ်။

မေး။ ။ဘာကြောင့်ပါလဲ။

ဖြေ။ ။မိခင်က ပို၍ကျေးဇူးများလို့ပါ။ *(အဘိ၊ ဋ္ဌ၊ ၂၊ ၄၁၀။)*

မေး။ ။ကိုယ့်မိဘက နဂါးစတဲ့ တိရစ္ဆာန်ဖြစ်နေရင်ကော ကံကြီးထိုက်ပါသလား။

ဖြေ။ ။မထိုက်ပါဘူး။ သတ်သူလူသားက လူသားစစ်စစ် ဧကန်ဖြစ်တဲ့ မိဘအရင်းကိုသတ်မိမှ ကံကြီးထိုက်ပါတယ်။ ကံကြီးမထိုက်ပေမဲ့ ကံကြီးနီးပါး အပြစ်ကြီးပါတယ်။

မေး။ ။ဒီပိတုဃာတကကံစတဲ့ ကံကြီးတွေရဲ့ သဘောသဘာဝနဲ့ အမည်နာမတွေကို ပြောပြပါဦး။

ဖြေ။ ။ဒီအဖသတ်ခြင်းစတဲ့ ကံကြီးတွေဟာ သေသည်၏အခြားမဲ့မှာ အပါယ်ပဋိသန္ဓေအကျိုးကို ဧကန်ပေးတတ်တဲ့အတွက် အာနန္တရိယကံလို့ ခေါ်ပါတယ်။ သေပြီးနောက် အဝီစိငရဲကို မုချရောက်ရမှာပါ။ ငါးမျိုးရှိတဲ့အတွက် ငါးခုဟော ပဥ္စ-သဒ္ဒါနဲ့ပေါင်းပြီး ပဥ္စာနန္တရိယကံလို့ ခေါ်လေ့ရှိပါတယ်။ အားကြီးတဲ့အတွက် (တစ်နည်း) အကျိုးကြီးမားတဲ့အတွက် ဂရုက

ကံလို့လည်း ခေါ်ပါတယ်။ အနီးဖြစ်တဲ့ ဒုတိယဘဝမှာ ခံစားရမှာဖြစ်တဲ့ အတွက် ဥပပဇ္ဇဝေဒနီယကံလို့လဲ ခေါ်ပါတယ်။

မေး။ ။ကုသိုလ်တွေအများကြီးလုပ်ရင်ကော အပြစ်မကျေနိုင်ဘူးလား။

ဖြေ။ ။စကြဝဠာတစ်ခုလုံး မဟာစေတီလောက်ရှိသော ရွှေပုထိုးတော်ဖြင့် ပြည့်စေ၍သော်လည်းကောင်း၊ စကြဝဠာတစ်ခုလုံး အပြည့်ထိုင်နေသော ရဟန်းအပေါင်းအား ကြီးစွာသောအလှူဒါနကို ပေးလှူ၍သော်လည်းကောင်း၊ ဘုရားရှင်၏သင်္ကန်းစွန်းကို မလွှတ်မူ၍ လှည့်လည်နေသော်လည်းကောင်း အပြစ်မကျေနိုင်။ သေသည်မှနောက် ငရဲသို့ရောက်ရသည်သာတည်း။ *(အဘိ၊ ဋ၊ ၂၊ ၄၀၇။) (အဘိ၊ ဋ၊ ၁၊ ၃၉၂)* -တွင် ဥပမာတစ်မျိုးပြ၏။

မေး။ ။ဈာန်မဂ်ဖိုလ်ရသည်အထိ အားထုတ်မယ်ဆိုရင်ကော မကျေနိုင်ဘူးလား။

ဖြေ။ ။ရကို မရနိုင်တာပါ။ နတ်ရွာ၊ နိဗ္ဗာန်၊ မဂ်ဖိုလ်ဈာန်ကို ကာကွယ်တားမြစ်နိုင်တဲ့အန္တရာယ်-၅ ပါးထဲမှာ ပဉ္စာနန္တရိယကံကို ကမ္မန္တရာယ်လို့ ခေါ်ပါတယ်။ *(ဝိ၊ ဋ၊ ၃၊ ၁၃၈။)* အဇာတသတ်မင်းသားဟာ သာမညဖလသုတ်တော်ကို နာကြားရတဲ့အချိန်မှာ ဖခင်ဗိမ္ဗိသာရကို မသတ်ခဲ့မိဘူးဆိုရင် တရားတော်အဆုံးမှာ သောတာပတ္တိမဂ်ဖိုလ်ကို ရနိုင်တယ်လို့ဆိုပါတယ်။ *(ဒီ၊ ဋ၊ ၁၊ ၂၁၂။)*

မေး။ ။ကိုယ်တိုင်မသတ်ဘဲ လူငှားသတ်ခိုင်းရင်ကော။

ဖြေ။ ။အတူတူပါပဲ။ အင်္ဂါ-၅ ပါးထဲက (၄) နံပါတ်ဖြစ်တဲ့ ပယောဂါအရ ကိုယ်တိုင်သတ်ခြင်း၊ သူတစ်ပါးကိုသတ်ခိုင်းခြင်း၊ သေချင်နေသူ အလွယ်တကူသေလို့ရအောင် လက်နက်များရှာထားပေးခြင်း၊ ငြီးငွေ့နေတဲ့လူနာကို သေချင်လာအောင်ပြောခြင်း၊ အလွယ်တကူသတ်သေတဲ့နည်းတွေ ပြောပြခြင်းစတဲ့ ကာယပယောဂ ဝစီပယောဂ တစ်ခုခုကို သတ်ဖို့အားထုတ်ခြင်းလို့ ဆိုပါတယ်။ *(ပါတိမောက်၊ ဘာဋီ)*

(ဆေးရုံတွင် မျှော်လင့်ချက်မရှိတော့သော မိဘကို ကုသမှုများ ရပ်ဆိုင်းကာ ဆေးထိုး၍ ချမ်းသာစွာအသက်ထွက်စေသော သားသမီးများ အာနန္တရိယကံကြီး ထိုက်နိုင်သည်ကို သတိပြုပါ။)

ဤမျှဖြင့် မေးခွန်းရှင်နှင့်တကွ စာဖတ်သူများ ကျေနပ်နိုင်ကြလိမ့်မည်ထင်ပါသည်။

မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးဆပ်နိုင်စေ။
မိဘစော်ကား၊ ပြစ်ကြီးမား၊ ဘုရားဟောမိန့်ခွေ။
မိဘနှစ်ထွေ၊ ကိုယ့်ကြောင့်သေ၊ ရောက်လေ ငရဲရွာ။
ဘုရားသော်မှ၊ ကယ်မရ၊ ကမ္မနိယာမာ။



## သူယောင်မယ် သူယောင်သီး

"သူယောင်မယ်၊ သူယောင်သီး" ဟူ၍ ကြားဖူးပါသည်။ ယုံတမ်းစကားလား၊ တကယ်ရှိတာလား သိလိုပါသည်။ ဗုဒ္ဓစာပေ ပိဋကတ်၌ ပြဆိုထားချက်ရှိပါက ကျမ်းစာအကိုးအကားဖြင့် ဖြေကြားတော်မူကြပါရန်နှင့် ရှေးဟောင်းစာပေများ၌ တွေ့ကြုံရဖူးကလည်း ထိုကျမ်းများအရ ဖြေကြားပေးတော်မူကြပါရန် အနူးအညွတ်တောင်းပန်ပါသည်။

*(စိတ်ဝင်စားသူ)*

သူယောင်မယ်အကြောင်းကို ပိဋကတ်စာပေတွင် အလမ္ဗုသာဇာတ်အဋ္ဌကထာ၌သာ တွေ့ဖူး၏။ အလမ္ဗုသာဇာတ်အကျဉ်းချုပ်မှာ ဤသို့ဖြစ်၏။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်းတွင် ဘုရားမျိုး၌ဖြစ်၍ အရွယ်ရောက်ကာ အတတ်ပညာစုံသောအခါ၌ ရသေ့ဝတ်ကာ တော၌နေလေ၏။ တစ်နေ့တွင် သမင်မတစ်ကောင်သည် ဘုရားအလောင်းရသေ့ ကျင်ငယ်စွန့်ရာအရပ်၌ သုက်ရေနှင့်ရောသော မြက်ကို စားမိကာ ကိုယ်ဝန်တည်လေ၏။ ထိုအခါမှစ၍ ရသေ့၏ကျောင်းနားမှ မခွာတော့ပေ။ နောင်သောအခါ လူသားကလေးငယ်ကို မွေးဖွားလေ၏။

ဘုရားအလောင်းသည် ထိုသူငယ်ကို သားဟူသောချစ်ခြင်းဖြင့် မွေးမြူလျက် 'ဣသိသိင်္ဂ' ဟု အမည်ပေးထား၏။ ဘုရားလောင်းသည် 'ဣသိသိင်္ဂ' သိကြားနားလည်သော အရွယ်သို့ရောက်သောအခါ ရသေ့ဝတ်ပေးထား၏။ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော ဘုရားအလောင်း

ရသေ့သည် ဣသိသိင်္ဂရသေ့ကို နာရိဝနမည်သော သူယောင်မယ်တောသို့ ခေါ်သွား၍ -

"တာတ ဣမသ္မိံ ဟိမဝန္တေ ဣမေဟိ ပုပ္ဖေဟိ သဒိသာ ဣတ္ထိယော နာမ ဟောန္တိ-ချစ်သား၊ ဤဟိမဝန္တာ၌ ဤပန်းနှင့်တူကုန်သော ဣတ္ထိယခေါ် မိန်းမတို့ရှိကုန်၏။

"တာ အတ္တနော ဝသံ ဂတေ မဟာဝိနာသံ ပါပေန္တိ-ထိုမိန်းမတို့သည် မိမိအလိုသို့လိုက်သော သူတို့ကို ကြီးစွာသောပျက်စီးခြင်းသို့ ရောက်စေကြကုန်၏။

"န တာသံ ဝသံ နာမ ဂန္တုံ ဝဋ္ဋတိ-ထိုမိန်းမတို့၏အလိုသို့လိုက်ခြင်း ငှာ မသင့်" ဟု ဆုံးမစကားပြောကြားကာ နောင်သောအခါ ကွယ်လွန်၍ ဗြဟ္မာ့ပြည်သို့ရောက်လေ၏။

ဣသိသိင်္ဂရသေ့လည်း ရရှိထားသောစျာန်ကို ကစားရင်း ပြင်းပြင်း ထန်ထန် ကျင့်ကြံအားထုတ်လေရာ သိကြားမင်း၏ဗိမာန်ပင် တုန်လှုပ်၏။ သိကြားမင်းသည် စုံစမ်းဆင်ခြင်၍ ထိုရသေ့၏သီလတန်ခိုးကြောင့် တုန်လှုပ် ခြင်းဖြစ်ကြောင်းသိသဖြင့် 'ငါ့နေရာကို လိုချင်လို့များလား' ဟု ယုံမှားသံသယ ဖြင့် ကြောက်ရွံ့လှသဖြင့် အလမ္ဗုသာမည်သော နတ်သမီးကိုစေလွှတ်၍ ထိုဣသိသိင်္ဂရသေ့၏ သီလကို ဖျက်ဆီးလေ၏။

မိန်းမနှင့်တူတာဆိုလို့ ကမလာ-ဟူသော သူယောင်မယ်နွယ်ပွင့် ကိုသာမြင်ဖူးသော ဣသိသိင်္ဂရသေ့အဖို့ အလမ္ဗုသာနတ်သမီး၏ မာယာညွှတ် ကွင်းသို့ အလွယ်တကူပင် သက်ဆင်းမိလေ၏။ အလမ္ဗုသာနတ်သမီး၏ အထိအတွေ့မှာ မူးမေ့ကာ စျာန်တရားတို့လည်း ကွယ်ပျောက်ခဲ့ရ၏။ သတိရ၍ အဖြစ်အပျက်အကြောင်းစုံကို သိရှိဆင်ခြင်နိုင်သောအခါ ဖခင်ကြီး တစ်ချိန်ကဆုံးမခဲ့သည်ကို နားမထောင်မိခဲ့သည့်အဖြစ်ကို နောင်တရမိ လေ၏။ ကာမရာဂကိုပယ်၍ စျာန်ကိုလည်း တစ်ဖန်ပြန်ဖြစ်စေနိုင်ခဲ့၏။

*(ဇာတက၊ ၄၊ ၅၊ ၁၆၀)*

ဤဇာတ်တော်၌ပါသော ကမလာ ဝုစ္စတိ နာရီပုပ္ဖလတာ-ဟူသော ဖွင့်ဆိုချက်အရ သူယောင်မယ်ဟူသည် အပင်မှသီးသော အသီးမျိုးမဟုတ်။ အနွယ်မှဖြစ်သော အပွင့်တစ်မျိုးဟု မှတ်အပ်၏။ ထို့ကြောင့်ပင် သတပဒိက ပုစ္ဆာ ဝိသဇ္ဇနာကျမ်း၌ မန်လည်ဆရာတော်က -

"ရွှေသူယောင်၊ မတူအောင် လူလိုလှတယ်လို့၊ ဆိုကြစကား။ မြတ်ဘုန်းကြွယ်၊ ပင်စောက်အနွယ်နှင့်၊ သူယောင်မယ် ရှုမငြီးငယ်တို့၊ သီးပွင့်လေလား" ဟု မေးအပ်သောအမေးကို မင်းကွန်းဆရာတော်က -

"ရွှေသူယောင်၊ မတူအောင် လူလိုလှတယ်လို့၊ ဆိုကြစကား။ သူယောင်မယ်၊ အလှကြွယ်လို့၊ ကမလာနွယ် ခေါင်အညွှတ်မှာ၊ မြူးကွန့်ဟန် အလွန်တင့်တယ်၊ ပန်းပွင့်မှတ်သား" ဟု ဖြေကြားတော်မူပါသည်။

*(အဋ္ဌမတ္တာသီသမပုစ္ဆာနှင့် ဝိသဇ္ဇနာ)*

သမန္တစက္ခုဒီပနီကျမ်း (နဝမတွဲ) ၁၅၅-ပုစ္ဆာ ဝိသဇ္ဇနာ (စာ-၅၉၆) ၌လည်း ထိုသူယောင်မယ်အကြောင်းအရာ လာရှိပါသည်။

သူယောင်တောနှင့်ပတ်သက်၍ ပိုမိုပြည့်စုံစွာသိရသောကျမ်းမှာ ကျီးသဲလေးထပ်ဆရာတော်၏ မဟာဝင်ဝတ္ထုဖြစ်၏။ ထိုမဟာဝင်ဝတ္ထုကျမ်းမှ ဇမ္ဗုဒီပစာတမ်းတွင် သူယောင်တောဟူရာ၌ ပါဠိတွင် (နရဝနံ) ဟူ၍ရှိသည်။ မြန်မာပြန်သော် လူရုပ်သီးသောတောဟု ဆိုသည်။ ထိုတော၌ သစ်ပင်မှဖြစ်သော အသီးတို့သည် ဆယ့်ငါးနှစ်အရွယ်၊ ဆယ့်ခြောက်နှစ်အရွယ်ဖြင့် တန်ဆာဆင်အပ်သောမိန်းမငယ်၊ ယောကျ်ားငယ်ကဲ့သို့ တင့်တယ်သော မိန်းမသဏ္ဌာန်၊ ယောကျ်ားသဏ္ဌာန်ချည်း သီးကုန်သည်။ ဦးစွန်းနေရာမှ အညှာတို့သည် ဖြစ်ကုန်၏။ တွဲရရွဲဆွဲလျက်သာ တည်ကုန်၏။ လေခတ်သောအခါ ကခုန်မြူးထူးဘိသကဲ့သို့လည်းကောင်း၊ တစ်ဦးသည် တစ်ဦးအား ပိုက်နွှဲဖက်ယမ်းဘိသကဲ့သို့လည်းကောင်း ဖြစ်ကုန်၏။

ထိုသူယောင်တောဌာနသို့ ရာဂမကင်းသေးသော ဈာနလာဘီဇော်ဂျီရသေ့တို့ ရောက်၍မြင်ရလျှင် ရွှင်လန်းတပ်မက်သော ရာဂစိတ်သည် နှိပ်နယ်၍မရအောင် ဖြစ်ရာ၏။ ရာဂကင်းကွာသော ရဟန္တာအရှင်မြတ်တို့

သော်မှလည်း ထိုအသီးတို့၏ အသွင်သဏ္ဍာန်ကိုမြင်လျှင် ရွှင်လန်းရယ်မြူး မိချေ၏။ ထိုအသီးတို့ မှည့်ရင့်သောအခါ ငှက်တို့သာလျှင်စားကုန်၏။ ငှက်စားပြီး၍ စွန့်ပစ်အပ်သောအစေ့တို့၏ ရနံ့သည် သုသာန်ပြင်ကဲ့သို့ စက်ဆုပ်ဖွယ်ရှိသတည်း-စသည်ဖြင့် လာရှိပါသည်။



## စေတီပုထိုးများ ရောင်ခြည်တော်လွှတ်မှု

မေး။ ။စေတီပုထိုးများ အဘယ်ကြောင့် ရောင်ခြည်တော်လွှတ်ပါသနည်း။ ကျမ်းအကိုးအကား အထောက်အထားဖြင့် ဖြေကြားပေးတော်မူပါရန် လျှောက်ထားအပ်ပါသည်။။ သိလိုသူတစ်ဦး

ဖြေ။ ။စေတီပုထိုးတွင် ရောင်ခြည်တော်လွှတ်ခြင်းကဲ့သို့ တန်ခိုးပြာဋိဟာတို့သည် (၁) ရဟန္တာ၊ (၂) နတ်၊ (၃) လူ-ဟူသော ဤသုံးယောက်သောသူတို့၏ အဓိဋ္ဌာန်ခြင်းကြောင့်ဖြစ်ကုန်၏ဟု မိလိန္ဒပဉှာကျမ်းတွင် ပြဆိုထားပါ၏။ *(ခု-၁၁၊ ၂၉၇။)*

မိလိန္ဒပဉှာတွင် အောက်ပါအတိုင်း ဆက်လက်ရှင်းပြထားပါသည်။

"မင်းမြတ်၊ ဤသာသနာတော်၌ ရဟန္တာပုဂ္ဂိုလ်သည် နတ်လူတို့အား အစဉ်သနားသဖြင့် ရပ်တည်တော်မူလျက် ဤမည်သော တန်ခိုးပြာဋိဟာသည် စေတီ၌ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၏။ ထိုရဟန္တာ၏ အဓိဋ္ဌာန်အစွမ်းဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

"မင်းမြတ်၊ နောက်တစ်မျိုးကား နတ်တို့သည် လူတို့အား အစဉ်သနားသဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏ စေတီတော်၌ ဤတန်ခိုးပြာဋိဟာဖြင့် သူတော်ကောင်းတရားတည်းဟူသော သာသနာသည် အမြဲချီးမြှောက်အပ်သည်ဖြစ်လတ္တံ့။ လူတို့သည်လည်း ကြည်ညိုကြကုန်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုတိုးပွားကုန်လတ္တံ့ဟု တန်ခိုးပြာဋိဟာကို ပြကုန်၏။

"မင်းမြတ်၊ နောက်တစ်မျိုးကား မိန်းမမူလည်းဖြစ်စေ၊ ယောကျ်ားမူလည်းဖြစ်စေ ယုံကြည်မှုသဒ္ဓါအားရှိသော၊ ရတနာသုံးပါး၌ ကြည်ညိုတတ်သော၊ ပညာရှိသော၊ လိမ္မာသော၊ ထိုးထွင်းနိုင်သည့်ပညာရှိသော၊ အသိဉာဏ်နှင့်ပြည့်စုံသောသူသည် သင့်လျော်သောအားဖြင့် ကြံစည်၍ နံ့သာကိုလည်းကောင်း၊ ပန်းကိုလည်းကောင်း၊ အဝတ်ပုဆိုးကိုလည်းကောင်း၊ တစ်ခုခုသောလှူဖွယ်ဝတ္ထုကိုလည်းကောင်း ဤသို့သော တန်ခိုးပြာဋိဟာမည်သည် ဖြစ်ပါစေသတည်းဟု အဓိဋ္ဌာန်၍ စေတီတော်၌ တင်မြှောက်၏။ ထိုသူ၏အဓိဋ္ဌာန်အစွမ်းဖြင့်လည်း ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။ *(မိ၊ မြန်၊ ၃-၁၃၉။)*

"အထက်ပါပုဂ္ဂိုလ်သုံးမျိုးတို့၏ အဓိဋ္ဌာန်ပြုခြင်းမရှိခဲ့သော် အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံသော အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်၏ စေတီတော်၌သော်မှလည်း ရောင်ခြည်တော်လွှတ်ခြင်းစသော တန်ခိုးပြာဋိဟာသည် မဖြစ်။ သို့သော်လည်း အလွန်စင်ကြယ်သော အကျင့်ကိုမြင်၍ ဤမြတ်ဗွာဘုရားသားတော်သည် ကောင်းစွာပရိနိဗ္ဗာန်ပြုတော်မူ၏ဟု သက်ဝင်အပ်၊ ဆုံးဖြတ်အပ်၊ ယုံကြည်အပ်၏ဟု ဆက်လက်ပြီး အကြံပြုထားပါသည်။

မှန်ပါသည်။ "တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။" *(ဝိမာန၊ ၆၆)* ဟူသည့်အတိုင်း မည်သည့်စေတီပုထိုး၌မဆို သက်တော်ထင်ရှား ဘုရားရှင်တိုင်အောင် စိတ်ထားနိုင်လျှင်၊ သို့မဟုတ် ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်တိုင်အောင် အာရုံပြုနိုင်လျှင် ရရှိမည့်အကျိုးတရားလည်း သက်တော်ထင်ရှားဘုရားရှင်ကို ဖူးတွေ့ရသည့်နည်းတူ ထပ်တူထပ်မျှပင် ဖြစ်ပါလိမ့်မည်။

ဆိုလိုသည်မှာ မိမိပူဇော်မည့် စေတီပုထိုးက ရောင်ခြည်တော်လွှတ်-မလွှတ်၊ တန်ခိုးကြီး-မကြီးက အဓိကမဟုတ်။ မိမိ၏စေတနာအား၊ သဒ္ဓါအား၊ ဉာဏ်အား ထက်-မထက်ကသာ အရေးကြီးပေသည်။

တစ်ဖန် အထက်ပါစေတီပုထိုး၌ ရောင်ခြည်တော်လွှတ်ခြင်းကိစ္စသည် သာမန်နတ်လူတို့အား အစဉ်သနားသဖြင့် မှေးမှိန်အားနည်းသော

သဒ္ဓါတရားများ ထက်သန်လင်းလက်လာစေရန် ကြံဖန်အပ်သော အမိဋ္ဌာန် အစွမ်းကြောင့်သာ ဖြစ်ပေါ်လာရခြင်းဖြစ်၏။ စေတီပုထိုးတို့၏ ပကတိအုတ် အင်္ဂတေတို့၌ကား ရောင်ခြည်တော်ကွန့်မြူးနိုင်သော သဘာဝစွမ်းအားများ မရှိကြ။

သို့ရကား သက်တော်ထင်ရှား ပကတိသမ္ဗုဒ္ဓဘုရားရှင်၏ ခါတ် ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးခြင်းအကြောင်းကိုလည်း လေ့လာမှတ် သားသင့်သေး၏။

ဘုရားရှင် ရောင်ခြည်တော်ခြောက်သွယ် တင့်တယ်စွာထွက်ပေါ် လာခြင်းသည် အမိဋ္ဌာန်ကြောင့်ဖြစ်သော တန်ခိုးတော်မဟုတ်သလို ဘာဝနာ ကြောင့်ဖြစ်သော တန်ခိုးတော်လည်းမဟုတ်ပေ။

စင်စစ်သော်ကား သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အလွန်တရာ သိမ်မွေ့နက်နဲစွာသော အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင် တော်မူသောအခါ မြတ်စွာဘုရားရှင်၏ သန္တာန်၌အလွန်နှစ်သက်ဝမ်းမြောက် ခြင်း ပီတိတရားများ ဖြစ်ပွားလာလေ၏။ (အခြားတရားများကို ဆင်ခြင်သုံး သပ်စဉ်က ဉာဏ်တော်ကြီးက ကျယ်ဝန်းကြီးမားသလောက် တရားနည်းက ကျဉ်းလွန်းရကား ဉာဏ်ကျက်စား ကွန့်မြူးခွင့်မရသဖြင့် ယခုလောက် ပီတိ ဖြစ်ဖွယ်မရှိ။) ပီတိတရားဖြစ်ပွားမှုကြောင့် သွေးတော်များ ကြည်လင်လာ၏။ သွေးတော်ကြည်လင်ခြင်းကြောင့် ဟဒယဝတ္ထုရုပ် ကြည်လင်လာ၏။ ဟဒယ ဝတ္ထုရုပ် ကြည်လင်ခြင်းကြောင့် အရေ-အဆင်းတော်ကြည်လင်လာ၏။ အရေအဆင်းတော်ကြည်လင်ခြင်းကြောင့် စိတ်လျှင်အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်သော အဆင်းခါတ်ရောင်ခြည်တော်များ ထွက်ပေါ်လာ၏။

*(အဘိ၊ ၄၊ ၁၊ ၁၄၅။)*

ဤတွင် ဘုရားရှင်၏ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် အပြင် သို့ထွက်လာကုန်၏ဆိုရာ၌ စိတ်ကြောင့်ဖြစ်သော စိတ္တသမုဋ္ဌာန်ရုပ်ကား ကိုယ်မှ အပြင်သို့မထွက်နိုင်။ ထိုနှစ်သက်ကြည်လင်နေသော စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်တွင် ဥတုပါဝင်၏။ ထိုဥတု (အပူခါတ်၊ အအေးခါတ်)

သည် ရုပ်ကိုဖြစ်စေနိုင်၏။ ထိုဥတုဇ (ဥတုကြောင့်ဖြစ်သော) ရုပ်တွင် ဥတု ပါဝင်ပြန်၏။ ထိုဥတုကလည်း ရုပ်ကိုဖြစ်စေပြန်သည်။ ဤသို့အားဖြင့် ဥတုဇ ရုပ် အဆက်ဆက်ဖြစ်သောအခါ ကိုယ်တော်မှအပြင်သို့ ရောင်ခြည်တော် ဥတုဇရုပ်ဝဏ္ဏဓာတ်တွေ ထွက်ပေါ်လာနိုင်ကုန်၏ဟု ဋီကာဆရာက ရှင်းပြ ပါသည်။ *(မူလဋီကာ)*

(လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ဥတုဇရုပ်ရောင်ခြည် ဓာတ်တွေ အဆက်ဆက်ဖြစ်ပေါ်ထိုးထွက်သွားသည်ကို မျှော်ခေါ်ကြည့်လေ။ အဘိဓမ္မာလေ့လာဖူးသူတို့အတွက်ကား ရှင်းလှ၏။)

ထိုသို့ ရောင်ခြည်တော်ခြောက်သွယ် တင့်တယ်စွာထွက်ပေါ်လာ ရာ၌

(၁) ဆံမုတ်ဆိတ်တော်၊ မျက်နက်တော်ဟုဆိုအပ်သော ညိုသော အရပ်တို့မှ ညိုသောရောင်ခြည်တော်။

(၂) ရွှန်းအိကိုယ်ရေ ဝါသောအရပ်တို့မှ ဝါရွှေသောရောင်ခြည် တော်။

(၃) မျက်စိသားသွေး နီတွေးရာအရပ်တို့မှ နီသောရောင်ခြည်တော်။

(၄) အရိုးတော်၊ သွားတော်၊ မျက်ဖြူတော်ဟုဆိုအပ်သော ဖြူသော အရပ်တို့မှ ဖြူသောရောင်ခြည်တော်။

(၅) လက်ဖဝါးတော်၊ ခြေဖဝါးတော်အစရှိသော စဉ်းငယ်နီးမြန်းရာ အရပ်တို့မှ မှည့်မောင်းသော ပန်းရောင်အဆင်းရှိသောရောင်ခြည်တော်။

(၆) ဥဏ္ဏာလုံမွေးရှင်တော်၊ လက်သည်း၊ ခြေသည်းတော် အစရှိသော အရောင်တလက်လက်ထွက်ရာအရပ်တို့မှ ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပသော ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးလာကုန်၏။ *(ပဋိသံ၊ ၄၊ ၂၊ ၁၃။)* [လက်နှိပ်ဓာတ်မီး၊ ဆလိုက်မီးတို့၏ရှေ့၌ အနီရောင်ကာလျှင် အနီ၊ အဝါရောင်ကာလျှင် အဝါစသည်ဖြင့် ဓာတ်ရောင်ခြည်များ ဖြာထွက် သွားသည်ကို မျှော်ခေါ်ကြည့်လေ။]

ယခုအခါတွင် ရောင်ခြည်တော်များကို စေတီပုထိုး ရုပ်ပွားဆင်းတု အမျိုးမျိုးမှ (အကြောင်းမတိုက်ဆိုင်၍) မဖူးတွေ့ရလျှင်ရှိစေ၊ ဘုရားရှင်၏ ရောင်ခြည်တော်ခြောက်စုံတို့ဖြင့် တင့်တယ်စွာစံပယ်တော်မူနေပုံကို အာရုံပြု မှန်းဆ၍ ပူဇော်နိုင်လျှင်လည်း ကောင်းကျိုးများစွာရပါလိမ့်မည်။

ပုံတော် ဂုဏ်တော်၊ လုံးစုံမျှော်၊ ပူဇော်နိုင်ကြစေ။

ဘုရားရှင်အား၊ ပူဇော်ငြား၊ ကြီးမားတန်ခိုးပေ။



## သုဝဏ္ဏသာမနှင့် မေတ္တာစွမ်းအား

မေး။ ။သုဝဏ္ဏသာမ ဘုရားလောင်းသတို့သား မြားမှန်ခြင်းသည် ရေအိုးပင့်နေသည့်အတွက် မေတ္တာပွားချိန်လွတ်နေ၍ မြားမှန်သည်ဟု ကျမ်းဂန်၌ပြပါသည်။ ရှေ့ပိုင်း၌ပွားများနေသော မေတ္တာစွမ်းအားသတ္တိက မကာကွယ်နိုင်ခြင်းသည် မည်သို့အကြောင်းများရှိနိုင်ပါသနည်း။

ဖြေ။ ။အလွန်ကောင်းသောမေးခွန်းဖြစ်ပါသည်။ မေတ္တာအကျိုး ဆယ့်တစ်မျိုးတွင် 'နာဿအဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ' (လက်နက်ဆိပ်မီး မရောက်ပြီးခဲ့) ဟူသော အကျိုးပါပါသည်။

သုဝဏ္ဏသာမ ဘုရားလောင်းသတို့သားသည် မေတ္တာဖြင့်နေလေ့ ရှိသူဖြစ်သည်။ သူ၏မေတ္တာဓာတ်ကြောင့် သားသမင်တို့သည် သူနှင့် ယဉ်ပါးနေကြ၏။ အလွန်ကြောက်တတ်သော ကိန္နရာတို့သည်ပင် သူ့အား မကြောက်ကြပေ။ ထိုမျှလောက် မေတ္တာဓာတ်အားကြီးသော သုဝဏ္ဏသာမ သည် ရေခပ်စဉ် မေတ္တာပွားဖို့မေ့လျော့နေခိုက် မြားမှန်ရ၏။ ထိုအချက်သည် မကျေနပ်ဖွယ်ကောင်းလှ၏။

မှန်ပေသည်။ မည်သူမဆို ၂၄-နာရီပတ်လုံး မေတ္တာပွားများနေနိုင်ဖို့ မဖြစ်နိုင်ပေ။ မေတ္တာအကျိုး ရမည်ဧကန်မှန်လျှင် ခေတ္တခဏလွတ်သွားရုံဖြင့် မရှောင်လွှဲသင့်။ အကြိမ်များစွာပွားများထားသူမှန်လျှင် ရှေ့ပိုင်း၌ပွားများ ခဲ့သော မေတ္တာစွမ်းအားက အကျိုးပေးသင့်၏။ မိမိသည်လည်း မေးခွန်းရှင် ကဲ့သို့ပင် သုဝဏ္ဏသာမ မြားမှန်သည့်ကိစ္စကို ဘဝင်မကျဖြစ်ခဲ့ဖူး၏။ အဘယ် ကြောင့် ထိုကဲ့သို့ ဘဝင်မကျဖြစ်ခဲ့ရသနည်းဆိုသော် -

(၁) မေတ္တာအကျိုး ၁၁-မျိုးနှင့်ပတ်သက်ပြီး စာရေးဆရာ၊ တရားဟောဆရာတို့ သာမန်ကာလျှံကာ ရေးသားဟောပြောကြခြင်း။

(၂) မိမိတို့ကိုယ်တိုင် စာကို စနစ်တကျမကြည့်မိခြင်းဟူသော အချက်နှစ်ချက်ကို တွေ့ရ၏။

ရှင်းပါမည်။ ရှေးဦးစွာ မေတ္တာအကျိုး ၁၁-မျိုးပြ မူရင်းပါဠိတော်မြန်မာပြန်ကို ဖော်ပြပါဦးမည်။

"ရဟန်းတို့ (ဆန့်ကျင်ဘက်မှ) လွတ်မြောက်သောမေတ္တာစိတ်ကို မှီဝဲအပ်၊ ပွားများအပ်၊ ကြိမ်ဖန်များစွာပြုအပ်၊ ယာဉ်ကဲ့သို့ပြုအပ်၊ တည်ရာကဲ့သို့ပြုအပ်၊ ရှေးရှုတည်စေအပ်၊ လေ့လာအပ်၊ ကောင်းစွာအားထုတ်အပ်သည်ရှိသော် အကျိုးတစ်ဆယ့်တစ်မျိုးတို့ကို (မချွတ်ရလိမ့်မည်) ဟု မျှော်လင့်နိုင်ကုန်၏။ အဘယ်တစ်ဆယ့်တစ်မျိုးတို့နည်းဟူမူ -

"ချမ်းသာစွာအိပ်ရ၏၊ ချမ်းသာစွာနိုးရ၏၊ အိပ်မက်ဆိုးကိုမမြင်မက်၊ လူတို့၏ချစ်မြတ်နိုးခြင်းကို ခံရ၏၊ သားရဲဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏၊ နတ်တို့စောင့်ရှောက်ကုန်၏၊ ထို (မေတ္တာပွားများသော) သူအား မီး၊ အဆိပ်၊ လက်နက်တို့ မစွဲ မကျ မဖျက်ဆီးနိုင်၊ လျင်မြန်စွာစိတ်တည်ကြည်၏၊ မျက်နှာအဆင်း အထူးကြည်လင်၏၊ မတွေမဝေသေရ၏၊ အလွန်မြတ်သော (အရဟတ္တဖိုလ်တရား) ကို ထိုးထွင်း၍မသိနိုင်သော် ဗြဟ္မာပြည်သို့လားရ၏။

"ရဟန်းတို့ (ဆန့်ကျင်ဘက်မှ) လွတ်မြောက်သော မေတ္တာစိတ်ကို မှီဝဲအပ် (ပ) ကောင်းစွာအားထုတ်အပ်သည်ရှိသော် ဤတစ်ဆယ့်တစ်ပါးသော အာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်နိုင်ကုန်၏ဟု (မိန့်တော် မူ၏)။ *(အင်၊ မြန်၊ ၃-၅၂၉။)"* ဟူသောစကား၏ ပါဠိမှာ မေတ္တာယ စေတော ဝိမုတ္တိယာ-ဟု ဖြစ်၏။

တတ္ထ 'မေတ္တာ' တိ ဧတ္တာဝတာ ပုဗ္ဗဘာဂေါပိ ဝဋ္ဋတိ၊

စေတောဝိမုတ္တိ-သဒ္ဒါမပါပဲ မေတ္တာဟူသော ဤစကားမျှဖြင့်ဆိုလျှင် မေတ္တာစျာန်၏ ရှေ့အဖို့ဖြစ်သော ကာမာဝစရ ဥပစာရမေတ္တာလည်း ဖြစ်သင့်၏။

'စေတောဝိမုတ္တိ' တိ ဝုတ္တတ္တာ ပန ဣဓ တိကစတုက္ကဇ္ဈာနဝသေန အပ္ပနာဝ အဓိပ္ပေတော။ *(အံ၊ ဋ္ဌ၊ ၁-၃၆။)*

ဤနေရာကား စေတောဝိမုတ္တိဟု ဟောတော်မူအပ်သောကြောင့် တိကဈာန်၊ စတုက္ကဈာန်၏အစွမ်းအားဖြင့် အပ္ပနာကိုသာ အလိုရှိအပ်၏။

ဤကား အဋ္ဌကထာအဖွင့်ကို မြန်မာပြန်ပြခြင်းဖြစ်၏။ ဆိုလိုရင်းကား စေတောဝိမုတ္တိသဒ္ဒါမပါဘဲ မေတ္တာကိုပွားများသော် စသည်ဖြင့် မေတ္တာဟူသော စကားတစ်လုံးတည်း သာမန်ဟောထားပါက ဈာန်မရသော်လည်း အထက်ပါမြန်မာပြန်တွင် ပါသည့်အတိုင်း အကြိမ်များစွာပွားများထားလျှင် မေတ္တာအကျိုးဆယ့်တစ်မျိုး ရနိုင်၏ဟု ယူဆဖွယ်ရှိ၏။ စေတောဝိမုတ္တိဟူသော သဒ္ဒါ (စကား) ကိုပါ ထည့်ဟောထားသဖြင့် (သာမန် ကာမာဝစရ ကုသိုလ်နှင့်မရ) ဈာန်ရသည်ထိအောင် ပွားများထားနိုင်မှ မေတ္တာအကျိုး ဆယ့်တစ်မျိုးကို မုချရနိုင်၏ဟု သိမှတ်အပ်၏။

ထင်ရှားသောအကြောင်းတစ်မျိုး ပြဦးမည်။ မေတ္တာအကျိုးဆယ့်တစ်မျိုးတွင် အထက်ဆယ်မျိုးသည် ယခုဘဝ၌ရနိုင်သောအကျိုး ဖြစ်၏။

"ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ-အလွန်မြတ်သော (အရဟတ္တဖိုလ်တရား) ကို ထိုးထွင်း၍မသိနိုင်သော် ဗြဟ္မာ့ပြည်သို့ လားရ၏ (အံ၊ ၃၊ ၅၄၁)" ဟူသော နောက်ဆုံးအကျိုးသည် နောက်ဘဝ၌ ရမည့်အကျိုး ဖြစ်၏။

"ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တောတိ မေတ္တာသမာပတ္တိတော ဥတ္တရိ အရဟတ္တံ အဓိဂန္တုံ အသက္ကောန္တော ဣတော စဝိတွာ သုတ္တပ္ပဗုဒ္ဓေါ ဝိယ ဗြဟ္မလောကံ ဥပပဇ္ဇတိ။

"အလွန်မြတ်သော (ဝါ) မြတ်သောအရဟတ္တဖိုလ်ချမ်းသာကို ထိုးထွင်း၍မသိနိုင်သော်ဟူသည်ကား မေတ္တာဈာန်သမာပတ်ထက် အလွန်ဖြစ်သော အရဟတ္တဖိုလ်တရားကို ထိုးထွင်း၍သိခြင်းငှာ မစွမ်းနိုင်သော် ဤဘဝမှစုတေ၍ အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ ဗြဟ္မာ့ပြည်သို့ရောက်ရ၏ *(အံ၊ ဋ္ဌ၊ ၃-၃၄၆။)*" ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထားပါသည်။

ဤဘဝတွင် ရနိုင်သည့်အကျိုးဆယ်မျိုးကို မေတ္တာစျာန်ရသည် ထိအောင် ပွားများခဲ့၍ ရရှိခဲ့ပြီး ဤဘဝ၌ပင် အရဟတ္တဖိုလ်ရသည်အထိ၊ ရဟန္တာဖြစ်သည်အထိ အားထုတ်နိုင်လျှင် နိဗ္ဗာန်ရောက်မည်။ အကယ်၍ ရဟန္တာမဖြစ်ဘဲ သေက္ခပုဂ္ဂိုလ်အဖြစ်၊ ပုထုဇဉ်အဖြစ်ဖြင့် သေဆုံးလျှင် စျာန် ရထားသည့်အတွက် ဗြဟ္မာပြည်ရောက်လိမ့်မည်ဟု ဆိုလို၏။

မှန်၏။ စျာန်ရပုဂ္ဂိုလ်မှသာ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်၏။ "မေတ္တာ ဒယော တယောစတုက္ကဇ္ဈာနိကာ" ဟူသည့်အတိုင်း မေတ္တာဘာဝနာသည် စတုတ္ထစျာန်ထိ ရနိုင်၏။ ထိုကဲ့သို့စျာန်ရမှလည်း မေတ္တာအကျိုးဆယ့်တစ် မျိုးကို ရနိုင်၏။ သုဝဏ္ဏသာမကား မြားမှန်သည့်အချိန်၌ စျာန်ရသည့်အဆင့် ထိ မရောက်သေး။ (နောင်တွင်ကား ရောက်၏။ ၎င်းဇာတ်ပေါင်းခန်း ကြည့်။)

ဤတွင် ပြဿနာတစ်ခု စတင်ပြန်၏။ အကယ်၍ မေတ္တာအကျိုး ဆယ့်တစ်မျိုးသည် မေတ္တာစျာန်ရသူမှသာ မုချရနိုင်သည်ဟုဆိုလျှင် သုဝဏ္ဏ သာမသည် မေတ္တာပွားချိန်လွတ်နေ၍ မြားမှန်ရသည်ဟု စကားမဆိုသင့်။ မေတ္တာပွားချိန်မလွတ်လည်း စျာန်မရလျှင် မှန်မည်ပင်မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

အဖြေကား မေတ္တာပွားနေခိုက်ဖြစ်လျှင် စျာန်မရသော်လည်း မီး၊ ဓား၊ အဆိပ် စသည်မသင့်နိုင်ဟု မှတ်အပ်၏။

သက်သေကား နွားမတစ်ကောင်သည် သူ့သားငယ်အား နို့ရည် တိုက်ကျွေးလျက် ရပ်နေ၏။ ထိုအခိုက် မုဆိုးတစ်ယောက်သည် နွားမကို သတ်အံ့ဟု အရိုးရှည်သောလှံဖြင့် ပစ်၏။ ထိုလှံသည် နွားမ၏ခန္ဓာကိုယ်ကို ထိ၍ ထန်းရွက်ကဲ့သို့ခွေလိပ်၍ ကျလာ၏။ ထိုသို့ လှံမစူးခြင်းသည် ဥပစာရ ဘာဝနာ၏ အစွမ်းလည်းမဟုတ်၊ အပ္ပနာဘာဝနာ အစွမ်းလည်းမဟုတ်၊ နွားမ၏ နွားငယ်အပေါ်၌ အားကြီးသောချစ်ခြင်းမေတ္တာစိတ် ဖြစ်နေခိုက် ဖြစ်သောကြောင့်တည်း။ (အံ၊ ၄၊ ၃-၃၄၆။)

ဤမျှဆိုလျှင် အထက်ပါပြဿနာ ပြေလောက်ပြီထင်ပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် မေတ္တာစိတ်ဖြစ်နေခိုက်၊ မေတ္တာပွားနေခိုက်ဖြစ်လျှင် ဈာန်မရသော်လည်း မေတ္တာအကျိုးကို ထိုက်သည့်အားလျော်စွာ ရနိုင်၏။

သုဝဏ္ဏသာမကား ဈာန်လည်းမရသေး၊ ပီဠိယက္ခမင်းကြီး လေးဖြင့် ပစ်ခိုက်တွင်လည်း မေတ္တာမပွားမိ၍ မြားမှန်ရသည်။ ရှေ့ပိုင်း၌ပွားများခဲ့သော မေတ္တာစွမ်းအားသတ္တိကလည်း မကာကွယ်နိုင်။ သို့သော် မိမိကို လေးဖြင့်ပစ်သောရန်သူကို မမုန်းသော၊ အမျက်မထွက်သော၊ မေတ္တာမပျက်သော သုဝဏ္ဏသာမကို ပီဠိယက္ခမင်းကြီးသည် ချက်ချင်းပြန်လည်ချစ်ခင်လာ၏။ အသေသတ်လိုက်လျှင် ကိစ္စပြီးပါလျက် မသတ်တော့။ ဘုရင်စည်းစိမ်ကိုစွန့်၍ သုဝဏ္ဏသာမ၏ မိဘတို့အားလုပ်ကျွေးလျက် တော၌နေရန်ပင် ကြံစည်မိ၏။ နောက်ဆုံးတွင် သူ၏မေတ္တာစွမ်းအားကြောင့် သူ့ကိုချစ်ခင်နေကြသော မိဘနှစ်ပါး၊ တောစောင့်နတ်သမီး၊ ပီဠိယက္ခမင်းကြီးတို့၏ သစ္စာစွမ်းအားကြောင့် အသက်ရှင်ခွင့်ရ၏။

နိဂုံးချုပ်လျှင် (၁) မေတ္တာအကျိုး ဆယ့်တစ်မျိုးကား လွယ်လွယ်နှင့် မရ။ ဈာန်ရသည်အထိ ပွားများအားထုတ်ထားမှ ရနိုင်၏။

(၂) ဗုဒ္ဓဝါဒသည် အလွယ်ကြိုက် အချောင်နှိုက်ချင်သူတို့အတွက် မဟုတ်ပါ။ [ဥပမာ-ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌မလာသော (နာကိုးတောင်း ရှစ်၊ သာမု တစ်၊ ဟောလစ် အသချေ်) တရားတစ်ခါနာလျှင် ဘဝပေါင်းကိုးကုဋေ အပါယ်မလားစသည်ဖြင့် မုချသဖွယ် ဟောပြောရေးသားနေကြခြင်းသည် ဘာသာခြားတို့ကြားလျှင် ဗုဒ္ဓဘာသာက အဲဒီလောက်လွယ်သလားဟု ကဲ့ရဲ့စရာရှိ၏။] တရားနာလျှင် ထိုအကျိုးများမရနိုင်ဟု မဆိုလိုပါ၊ တရားနာသူတိုင်း ကိုးကုဋေအပါယ်မလားဟု ဘုရားဟောမရှိခြင်းကိုသာ သိစေလိုပါသည်။

(၃) ဘုရားဟောပါဠိတော်၏ ဆိုလိုရင်းတို့ကို အဋ္ဌကထာ၊ ဋီကာ အဖွင့်များအတိုင်း ဟောပြောရေးသားနိုင်ကြ၍ (ဥပမာ-'မေတ္တာပွားလျှင်'

ဟု သာမညသုံးနှုန်း၍ ပြောပြောရေးသားမှု မပြုမူ၍ 'မေတ္တာကို ချာန်ရသည်အထိ ပွားများနိုင်လျှင် အကျိုးဆယ့်တစ်မျိုးရနိုင်၏'ဟု ပြောပြော ရေးသားခြင်းမျိုး) မိမိနှင့်ထပ်တူ မိမိ၏ချစ်သူ၊ မုန်းသူ၊ မချစ်မမုန်းသူတို့၌ မကွဲမပြား တစ်သားတည်း အညီအမျှ မေတ္တာထားနိုင်အောင် ကြိုးစား၍ ပွားများနိုင်ကြပါစေ။



အမှတ် ၂၉၈၈၉
ရက်စွဲ....၂၉-၁-၁၈

**လေးမြိုင် ဓမ္မပူဇာစာပေဆုရ**

အမှတ်စဉ် (၂)




* အမှန်ကို အမှန်ဟု ခိုင်ခိုင်လုံလုံ ဖော်ပြ၏။
* အမှားကို အမှားဟု တိတိကျကျ ဖွင့်ပြ၏။
* ဤသည်မှာ ဗုဒ္ဓ၏ ဗုဒ္ဓဝါဒ ဖြစ်၏။

## အရှင်ကောဝိဒ (ယော) ၏

# ဗုဒ္ဓ၏ ဗုဒ္ဓဝါဒ

နှလုံးလှစာပေတိုက်က အထူးစီစဉ် တင်ဆက်ထားပါသည်။

စာမူခွင့်ပြုချက် - ၃၂၀၁၁၇၀၃၀၉



## ညှဉ့်ငှက်မျိုး

ငှက်ဆိုးတို့သည် အလင်းကို ကြောက်ရွံ့ကြကုန်၏။ အမှောင်၌ မွေ့လျော်ကြကုန်၏။ အလင်းပေါ်ထွန်းလာပြီဆိုလျှင် အမှောင်ဆီသို့ အပြေးအလွှားဝင်ရောက် ပုန်းအောင်းကြလေသည်။ တစ်ဖန်တစ်လှည့် အမှောင်လာပြီဆိုလျှင် နားနေအိပ်စက်လျက်ရှိသော ဘဝတူ ငှက်ငယ်များကို ဖမ်းယူညှဉ်းဆဲသတ်ဖြတ် စားပစ်ကြလေသည်။

လောက၌ စည်းကမ်းဥပဒေကို ဖောက်ဖျက်လျက် လူမြင်လူသိမခံဝံ့သော ယုတ်ညံ့ရုန့်ရင်းမှု ပြုသူတို့အား ညှဉ့်ငှက်ဟု အသိအမှတ်ပြုကြလေသည်။